
www.burmeseclassic.com



www.burmeseclassic.com



www.burmeseclassic.com

BURMESE CLASSIC .com



# ဂါပြည့်အာထိမ်းအာမှတ်

www.burmeseclassic.com





## ချစ်ပရိသတ်သို့ စကားလက်ဆောင်

ချစ်သောပရိသတ်နှင့် စကားပြောခွင့် ရခြင်းသည် ကျွန်မ အတွက်တော့ နှစ်သက်မက်မောဖွယ်ကောင်းသော အခွင့်အရေးတစ်ခု ဖြစ်ပါသည်။ အမှတ်တရ အထူးထုတ်များတွင် ချစ်ပရိသတ်နှင့် ကျွန်မ စကားပြောခွင့်ရအောင် ထုတ်ဝေသူက စီစဉ်ပေးတတ်မြဲပါ။ အခုတော့ ရာပြည့်အမှတ်တရ တွင် ကျွန်မ ချစ်မြတ်နိုး လေးစားရသော ပရိသတ်နှင့် စကားပြောခွင့် ရခဲ့ပြန်ပါပြီ... ။

အသက်ဆယ့်ခုနစ်၊ ဆယ့်ရှစ် ကလေးမကလေး တစ်ယောက် ဝတ္ထုတိုကလေးတွေ စတင်ကြိုးစားအား ထုတ်ရေးခဲ့ပြီး၊ မဂ္ဂဇင်းတိုက်ပေါင်းစုံသို့ မမောမပန်း နိုင်၊ ခွဲရှိရှိ စိတ်ဆန္ဒ ပြင်းပြထက်သန်စွာဖြင့် လိုက်ပို့ခဲ့သော မြင်ကွင်းကို ကျွန်မ လွမ်းမောစွာ ပြန်မြင်ရပါသည်။ ချစ်ပရိသတ်၏ အားပေးချစ်ခင်မှု၊ တောင်းဆို နိုးမြှောက်မှုကိုသာ ထိုကလေးမကလေး မရရှိခဲ့လျှင် ယနေ့ "လွန်းထားထား"ဟူသော အသက်သုံးဆယ် အရွယ် မိန်းမတစ်ယောက်သည် စာပေစင်မြင့်ပေါ်သို့ ရောက်ရှိနေနိုင်မည် မဟုတ်ပါ။

"ထားထားလေး"ကို ကျွန်မ၏ မိခင်က လူလား မြောက်အောင် မွေးဖွားသန့်စင်ပေးခဲ့ပြီး၊ "လွန်းထား ထား"ကိုတော့ ကျွန်မ၏ ပရိသတ်က မွေးဖွားသန့်စင်

www.burmeseclassic.com





ပေးခဲ့တာ ဖြစ်ပါသည်။ ပရိသတ်၏ အားပေးမှု၊ ချစ်ခင်မှု၊ လိုအပ်မှုဖြင့် ကျွန်မ ရှင်သန်ပွင့်လန်းခဲ့ရတာပါ။ ထိုကျေးဇူးကို ကျွန်မ တစ်သက်မမေ့တော့ပါ။

ကျွန်မသည် ရေးသမျှ ဝတ္ထုတိုင်းကို အကောင်းဆုံးဖြစ်အောင် အားသွန်ခွန်စိုက်၊ နက်နက်နဲနဲ ကြိုးစားအားထုတ်ခဲ့တာချည်းပင်။ ပရိသတ်အတွက် "သုတ" မပေးနိုင်တောင် "ရသ"တစ်စုံ ပေးစွမ်းနိုင်အောင်တော့ ကျွန်မ အမြဲအလေးအနက် ကြိုးပမ်းခဲ့ပါသည်။ ကျွန်မ၏ ပရိသတ်အများစုမှာ မိန်းကလေးများဖြစ်သောကြောင့် ထက်မြက်သော၊ အားမာန်အပြည့်ရှိသော လွတ်လပ်သော အမိုအမိုက်ကင်းသော၊ ကိုယ့်ဘဝ ကိုယ်တာဝန်ယူနိုင်သော Role Model စံပြဇာတ်ကောင် မိန်းကလေးများကို ကျွန်မ အဓိကထားပြီး ရေးဖွဲ့တတ်ခဲ့ပါသည်။ ချစ်ပရိသတ်များကလည်း ကျွန်မ၏ ဇာတ်ကောင်မိန်းကလေးများကို ရင်းနှီးနှစ်သက်ခဲ့ဖူးပါပြီ။

"ရာပြည့်"အမှတ်တရအတွက် ကျွန်မ၏ အားထုတ်မှုတွင် စိတ်လှုပ်ရှားမှု အနည်းငယ်၊ ပူပန်မှု အနည်းငယ်တော့ ပါဝင်ခဲ့ပါသည်။ အထူးထုတ်ရယ်၊ သာမန်ထုတ်ရယ်ဟူသော ခွဲခြားမှုမျိုး ကျွန်မ၌မရှိခဲ့ဖူးပါ။ အုပ်တိုင်းတွင် ကျွန်မသုံးသော၊ ရင်းနှီးမြှုပ်နှံသော စွမ်းအင်နှင့် ဖန်တီးမှု၊ ဈာန်ဝင်စားမှုမှာ အတူတူပင် ဖြစ်ပါသည်။ သို့သော် "ရာပြည့်"ဟူသော အချိန်အခါကြီးက ကျွန်မကို အတော် လွှမ်းမိုးထားခဲ့၏။ ထိုအချိန်အခါကြောင့်ပင် ကျွန်မ၌ စိတ်လှုပ်ရှားမှုကား လက်တွန့်ခဲ့ရသည်လည်း ရှိပါသည်။ "ရာပြည့်" အတွက် ကျွန်မ ရည်ရွယ်ရေးဖွဲ့ခဲ့သည်မှာ စုစုပေါင်း ငါးအုပ်တိ

www.burmeseclassic.com



တိ ရှိပါသည်။ ထိုငါးအုပ်ထဲမှ တစ်အုပ်ကို ကျွန်မ ရွေးချယ်ခဲ့တော့ **"မာန၏ နောက်ဆက်တွဲများ"** ဖြစ်နေသည်။ ချစ်သောပရိသတ်အတွက် တစ်နည်းတစ်ခုသော ရသတစ်မျိုးတော့ ပေးနိုင်စွမ်းလိမ့်မည်ဟု ကျွန်မ မျှော်လင့်နေမိပါသည်။

နောက်တစ်ခု ကျွန်မ သတိတရပြောချင်သည်မှာ အနယ်နယ် အရပ်ရပ်မှ ကျွန်မ၏ စာဖတ်ပရိသတ် ညီမလေးများ၏ စာများထဲတွင် တူညီမှုတစ်ခု အမြဲပါရှိပါသည်။ အဲဒါကတော့ ကျွန်မ၏ဓာတ်ပုံအမှတ်တရ တောင်းခြင်း ဖြစ်ပါသည်။ ထိုတောင်းဆိုမှုကို ကျွန်မ စိတ်ထဲက ရှိသော်လည်း မဖြည့်စွမ်းပေးနိုင်ခဲ့တာကို အပြစ်တစ်ခုလို ကျွန်မ ခံစားရ၏။ အခုတော့ **"ရာပြည့်အမှတ်တရ"** တွင် ချစ်သောပရိသတ်အတွက် အမှတ်တရ လက်ဆောင်မွန်အဖြစ် ကျွန်မ၏ဓာတ်ပုံကလေးကို ထုတ်ဝေသူက ထည့်ပေးဖို့ စီစဉ်ထားပါသည်။ ကျေးဇူးတင်ပါသည်။ ကျွန်မဆီမှဓာတ်ပုံမရသေးသော ကျွန်မ၏ ပရိသတ် ကျေနပ်လိမ့်မည်ဟု ကျွန်မ မျှော်လင့်ပါသည်။

နောက်ဆုံး ပြောချင်သည်မှာ ကျေးဇူးမမေ့ထိုက်သူများကို အမြဲကျေးဇူးတင်နေမည့်အကြောင်း အမှတ်တရစကား ဖြစ်ပါသည်။

လူရယ်လို့ဖြစ်လာအောင် မွေးဖွားသန့်စင်ပေး၍ ပြုစုပျိုးထောင်ပေးခဲ့သော...

ကျွန်မ၏ ချစ်လှစွာသော ဖေဖေနှင့် မေမေ...

ကျွန်မကို တစ်နည်းနည်းဖြင့် သွန်သင်လမ်းပြ ခေါ်ဆောင်ခဲ့သော...



www.burmeseclassic.com



ကျွန်မ၏ သင်ဆရာ၊ မြင်ဆရာ၊ ကြားဆရာများ၊ များစွာ...

ကျွန်မကို ယနေ့ထက်ထိနှင့် နောင်နှစ်ပေါင်း များစွာတိုင်...

ချစ်ခင်နှစ်သက်အားပေးဆဲ... ၊ အားပေးနေဦးမည့် ကျွန်မ၏ စာဖတ်ပရိသတ်များ၊ များစွာ...

ကျွန်မ ရေးသမျှ ဝတ္ထုတို/ရှည်၊ ဘာသာ့ စာအုပ်များကို ခေတ်မီ၊ လှပ၊ သပ်ရပ်စွာ ပြင်ဆင်ထုတ်ဝေ ဖြန့်ချိပေးခဲ့သော...

ထုတ်ဝေသူ ကိုကျော်လှိုင် (စေတနာစာပေ)...

ကျေးဇူးတင်ထိုက်သူ အနုပညာရှင်များ... များစွာကို ကျွန်မ ကျေးဇူးမမေ့ပါကြောင်း မှတ်တမ်းတင် ဂုဏ်ပြုမိပါသည်။

မေတ္တာအားဖြင့်...

လွှမ်းထားထား (ဆေးတက္ကသိုလ်)

www.burmeseclassic.com

## လွန်းထားထား(ဆေးတက္ကသိုလ်) ၏

ရေးသားထုတ်ဝေပြီးသော စာအုပ်များ


၁။ အကြင်နာသူစိမ်း

၂။ အတွေ့တွေ့ရှိလှည့်ပါ

၃။ မျှော်တာဘဝစဉ်

၄။ မြတ်နိုးခြင်းသည်မှားအပ

၅။ ဆုံစည်းရှိရာ

၆။ ဖြူဖွေးရာသော်

၇။ ချစ်မြတ်နိုးလွန်းသူ၏ နှလုံးသားသည်

၈။ သက်ဆုံးတိုင်

၉။ သမုဒယ... ကင်း

၁၀။ အကြွေပန်း၏... နိဒါန်း

၁၁။ ပွဲကြွေသွားသော နှလုံးသားတစ်စုံ၏တမ်းချင်း

၁၂။ ငြိမ်းမာန်ရှိ... စိမ်းရောင်ဝေလေသလား

၁၃။ ချစ်ခြင်း၏ အကြားမှ

၁၄။ ချစ်ခြင်းတစ်ခုတည်းဖြင့်သာ

၁၅။ ရစ်ပွဲ့နှောင်သော ကြိုး

၁၆။ မိုးကဲ့သို့ ထက်ရှနန်းသော

၁၇။ ကောင်းကင်ထက်က နှင်းဆီ

၁၈။ အရိပ်၏အရိပ်

၁၉။ မမေ့အပ်တဲ့ကဗျာ

၂၀။ မျက်ဝန်းတွင်ဖွဲ့ထင်ရစ်သော...

၂၁။ အတောင်ပံတစ်စုံ... အပြာရောင်ကြိုးတစ်စနှင့်

၂၂။ ဆိတ်ငြိမ်သော ချစ်ခြင်း၏အသံ

၂၃။ ချစ်သူက ပေးသောတစ်နေ့တစ်ရာ...

www.burmeseclassic.com


၂၄။ မိုးကောင်းကင်သို့ တမ်းမက်သော

၂၅။ တောင်ထိပ်များက ပန်းတစ်ပွင့်

၂၆။ အနီရင့်ရောင် နှလုံးသား၏အတ္တပြုတိ

၂၇။ သစ္စာဖြင့် စီရင်အပ်သော

၂၈။ ကရုပ်ကလေး

၂၉။ အချစ်က ဖြားယောင်းသော

၃၀။ အချစ်၏မိပ္ပနိုင်စွမ်းအောင်

၃၁။ မုန်တိုင်း၏ကာလျှာ

၃၂။ ပေါက်ကွဲသံစဉ်

၃၃။ ဂျူဝင်ပြောက်ချစ်ခြင်းဆီ

၃၄။ ပင်လယ်ပြင်နှင့် ကောင်းကင်ပြာ

၃၅။ မိုးတိမ်တိုက်နှင့် လက်ထပ်ခြင်း

၃၆။ မေတ္တာစစ်၏ပြတင်းပေါက်များ

၃၇။ ချစ်ခြင်း၏ ပဉ္စလက်

၃၈။ ကြယ်တွေနှံ့သောည

၃၉။ လိပ်ပြာတစ်ကောင်၏ရင်ခုန်သံ

၄၀။ ရင်ခွင်နန်းတော်

၄၁။ ရင်ခုန်ခြင်းရဲ့ အနုပညာ

၄၂။ အဆိပ်ဖြင့် နူးညံ့သိမ်မွေ့သော

၄၃။ တစ်ယောက်ကိုတစ်ယောက်က ဖန်ဆင်းကာ

၄၄။ မိုးရာသီရဲ့ချစ်သူ

၄၅။ နှလုံးဆို့ရှောက်၏ အလယ်ဗဟိုတည့်တည့်

၄၆။ ပန်းနုရောင်နှင်းဆီမွေ့ရာ

၄၇။ နှလုံးသားဆီသို့ လျှို့ဝှက်တံခါး

၄၈။ နှစ်ဦးသဘောတူ

၄၉။ ကောင်းကင်နှင့်ကြယ်

www.burmeseclassic.com


၅၀။ လမင်းရဲ့ဥယျာဉ်မှူး

၅၁။ သက်တော်စောင့်ရဲ့ သတို့သမီး

၅၂။ နှလုံးသားဖြင့် မြစ်နိုင်ငံသည်

၅၃။ နှုတ်မဆက်တမ်း

၅၄။ အချစ်ဖြင့် ကမ္ဘာတည်သေသ ကောင်လေးနှင့်
အချစ်ကမ္ဘာပေါ်တွင် နေထိုင်သော ကောင်မလေး

၅၅။ အပြုံးရောင်မြစ်တစ်စင်းရဲ့ လျှို့ဝှက်ချက်

၅၆။ ချစ်သူ့ရေးရာတေး

၅၇။ ကောင်းကင်နှစ်ခင်းပြိုင်

၅၈။ အချစ်စစ်များ...

၅၉။ ပန်းတစ်ပွင့်ဖန်ဆင်းခြင်း

၆၀။ ရင်ခွင်တံခါး

၆၁။ စမ်းမှန်စွာ... ရူးသွပ်စွာ... နက်ရှိုင်းစွာ ...

၆၂။ မာယာသရေတေး

၆၃။ အချစ်ရဲ့တန်ဖိုးများ

၆၄။ ချစ်သူတို့ရဲ့တိုက်ပွဲ

၆၅။ မြားနတ်မောင်ရဲ့ ချစ်ပုံပြင်

၆၆။ ပန်းသီးသူရဲ့ပုံပြင်

၆၇။ အချစ် = အဆိပ်

၆၈။ ရင်နှင့် ရင်ခွဲ

၆၉။ ပန်းနုရောင်သင်္ကေတ

၇၀။ အနက်ရှိုင်းဆုံးပင်လယ်

၇၁။ နှလုံးသားလျှို့ဝှက်ခန်း

၇၂။ နှလုံးသားရှို့သူ


၇၃။ အစွန်းရောက်ချစ်တတ်သူ

၇၄။ နှုတ်ခမ်းထက်က တေးသွား

www.burmeseclassic.com

၇၅။ သင်ချစ်လျှင် ကျွန်ုပ် မမုန်းပါ
၇၆။ အချစ်သင့်သူ
၇၇။ စဉ်ဆိပ်မက်
၇၈။ ချစ်ခြင်းသင့်လက်တွင်းသို့ သက်ဆင်းရွှင်ပြုံပါ
၇၉။ အမှန်စမ်းပြိုင်ပွဲ
၈၀။ ပန္နလက်ရှင်ရှင်
၈၁။ နှုတ်ချွန်မရှေးသော မြား
၈၂။ အချစ်စစ်ရှာဖွေသူများ
၈၃။ နောက်ဆုံးထွက်သက်ထိတိုင်...
၈၄။ အသက်လို ငြိုသူမယ်
၈၅။ သင့်ကိုချစ်၍... သင်ကချစ်သော
၈၆။ ကောင်းကင်ရဲ့ အဖော်
၈၇။ လမင်းရဲ့ ရုံရွှေဖော်
၈၈။ သက်တံစီးသူများ
၈၉။ ၁၀၁ ပွင့်နှင်းဆီ
၉၀။ မုန်တော်ပြူ ပြတင်းနောက်ဝယ်
၉၁။ အချစ်ကိုဦးညွှတ်ခြင်း
၉၂။ အမုန်းမဲ့မုသား
၉၃။ မြားတစ်စင်းနှင့် ဘယ်ဘက်ရင်ဆုံ
၉၄။ ညို့သောပင်လယ်နှင့် ရွှေငင်သောလမင်း
၉၅။ ညို့မီးလျှံနှင့် မေတ္တာဝေရောင်
၉၆။ ဂရုဝင်မြောက်သာစွာ
၉၇။ ဒုတိယမြောက်ဟာနဲ့နီးမှန်း
၉၈။ သက်တံမျှော်စင်
၉၉။ ထပ်တူထပ်မျှ
မနေအရေး...
၁၀၀။ မာန၏ နောက်ဆက်တွဲများ

www.burmeseclassic.com




www.burmeseclassic.com



www.burmeseclassic.com




www.burmeseclassic.com



www.burmeseclassic.com

# လွန်းထားထား

(ဆေးတက္ကသိုလ်)




စီစဥ်သူ

မောင်ကျော်ရှိုင်

စေတနာစာပေ


www.burmeseclassic.com



www.burmeseclassic.com



www.burmeseclassic.com



[illegible]

www.burmeseclassic.com

## အခန်း(၁)

မိန်းမတစ်ယောက်၏ မာန်မာနဖြင့် တင်းမာတောက် ပြောင်နေခဲ့သော မျက်နှာ ...မီးလျှံဖိတ်ဖိတ်လက်သလို စူးလက် ပြင်းရှသော မျက်လုံး ... ပြည့်တင်းခက်ထန်သော နှုတ်ခမ်းတို့သည် အဘယ့်ကြောင့် ဤမျှ ပြတ်သားထင်ရှားလှပစွာ လှပနေရ တာပါလိမ့်... ဟု သူ အကြိမ်ကြိမ် တွေးခဲ့မိဖူးပါသည်။

www.burmeseclassic.com


တက္ကသိုလ်တစ်ခုလုံးတွင် သူမ၏ သတင်းမှာ မယုံနိုင်လောက်အောင်ပင်ကျော်ကြားလှပါသည်။ အလှဂုဏ်သတင်းရော၊ မာနဂုဏ်သတင်းရော၊ သူမတူအောင် ရက်စက်ပြတ်သားဂုဏ်သတင်းရော ... စသည်ဖြင့် လူတိုင်း၏ စိတ်အာရုံတွင် သူမက စိုးမိုးနိုင်ခဲ့သည်။

သူမတွင် မြားအစင်းစင်းပေါင်း မရေတွက်နိုင်လောက်အောင်ပိုင်ဆိုင်ထားခဲ့ပြီး ... ထိုမြားတိုင်းတွင် ပြင်းထန်သော အဆိပ်တစ်မျိုး ကိန်းဝပ်မြဲ ဖြစ်သည်။ သူမကို ချဉ်းကပ်မိသမျှ ယောကျ်ားတိုင်းသည်လည်း သူမ၏ ထိုမြားချက်အောက်တွင် လူးလိမ့်နေအောင် ခံစားရမြဲ ဖြစ်ခဲ့၏။

အဆိပ်ရှိကြောင်း သိသိနှင့်ပင် အဲ့ဒီအဆိပ်မြားရှိရာ စီရင်အုံကိုဖွင့်ကာ တည့်တည့်ဝင်တိုးကြသော ယောကျ်ားတိုင်းသည် ဤတက္ကသိုလ် ပရဝုဏ်တွင် မရေတွက်နိုင်လောက်အောင် ရှိခဲ့သည်။

အဲ့ဒီယောကျ်ားတွေထဲတွင် သူက ခေါင်းအမာဆုံး၊ ဖွဲ့အကောင်းဆုံး၊ သူမ၏ အဆိပ်မှန်သမျှကို အသင့်ခံနိုင်ဆုံး လူ

www.burmeseclassic.com


တစ်ယောက် ဖြစ်ခဲ့သည်။ သေရာပါဒါဏ်ရာတစ်ခု မရမချင်းပင် သူသည် သူမကို ချစ်ခင်တပ်မက်စိတ်တို့ဖြင့် အရူးအမူး နင့်သီး နေခဲ့လေသည်။

သူနှင့် သူမသည် မေဂျာချင်း မတူကြသော်လည်း သူသည် သူမအတန်းများဆီသို့သာ မှန်မှန်တက်မြဲ။ သူမ သွားလေရာနောက် ထက်ကြပ်မကွာလိုက်ကာ သူမ၏ မာန်မာနဖြင့် လှပသော အလှကို ခံစားရူးသွပ်ခဲ့တာ ဖြစ်သည်။

ထို့ကြောင့် သူမ၏ အဆိပ်မြား အပစ်ခံရသမျှ ယောကျ်ားတိုင်း ကျဆုံးသွားရတာကိုတွေ့တိုင်း သူ တုန်လှုပ်သွေးပျက်ရမြဲ ဖြစ်ခဲ့သည်။ သို့သော် ... သူမ အပေါ်တွင် အကြောက်တစ်မျိုး ကိန်းဝပ်နေသည့်ကြားမှပင် သူ စွဲစွဲမက်မက် ချစ်ခင်စုံမက် နေခဲ့သည်။

တကယ်တော့ဂျူးလိယက်လိုဖြောင့်စင်းနူးညံ့ သောဆံပင်ပျော့ပျော့ ရှည်ရှည်များနှင့် သူမမျက်နှာသည် လုံးဝမလိုက်ဖက်ချေ။ သူမ မျက်နှာပေါ်တွင် သိမ်မွေ့ပျော့ပျောင်းသောအရာ တစ်ခုမှ မရှိခဲ့ ...။

www.burmeseclassic.com


သူမသည် စိတ်လိုက်မာန်ပါနိုင်သော ခပ်ကြမ်းကြမ်း ခပ်ရမ်းရမ်း မိန်းမတစ်ယောက်သာ ဖြစ်သည်။ နောက်ဆုံးပေါ် ကားကို ကိုယ်တိုင် ခပ်ကြော့ကြော့မောင်းလျက် ဘယ်သူ့ကိုမှ လူမထင်သော မျက်နှာသည် အစဉ်အမြဲ မော့၍ ချီနေတတ်ကာ သိပ်ပြုံးလေ့မရှိ။ သူမ ပေါင်းသမျှ အပေါင်းအသင်းတိုင်းကလည်း သူမလိုပင် တစ်ပုံစံတည်း ထွက်နေသည်။

တော်ယုံယောကျ်ားတစ်ယောက်သည် သူမတို့အုပ်စု နားသို့ ယောင်၍ပင် မရစ်သီရဲ။ ချဉ်းကပ်သော ယောကျ်ားတိုင်း ကလည်း သူမတို့ထက် အဆင့်အတန်းနိမ့်ကျသော၊ တော်တော် သတ္တိရှိသော ယောကျ်ားမျိုးသာ ဖြစ်လေသည်။

သူသည် သူမနောက်မှ တကောက်ကောက်လျှောက် လိုက်မိရုံကလွဲပြီး ... သူမနှင့် တိုက်ရိုက်ထိတွေ့ခြင်း မရှိခင် သူမကို ချဉ်းကပ်ကြသော ယောကျ်ားတိုင်း၏ ရလဒ်များကို အရင်လေ့လာခဲ့ရသည်။

ရလဒ်များကတော့ ကောင်းသော ရလဒ်များ မဟုတ် ခဲ့ပေ။ သူက သူမနှင့် မလှမ်းမကမ်းမှာ အမြဲရှိခဲ့သောကြောင့်

www.burmeseclassic.com


သူမ၏ ရင့်သီးသော တုံ့ပြန်ချက်များကိုလည်း မြင်တွေ့ခဲ့ဖူးသည်။

ဥပမာ ဆိုပါစို့ ...။ သူမတို့ ထိုင်နေသော စားပွဲဝိုင်းဆီသို့ ယောကျ်ားတစ်ယောက် ချဉ်းကပ်လာပြီ ဆိုပါစို့။ သူမ၏ တုံ့ပြန်ပုံကို စောင့်ကြည့်ပါ ...။

" ဘာကိစ္စလဲ ... ဘာလာလုပ်တာလဲ ..."

သူမရဲ့ ခပ်ထန်ထန်၊ ခပ်ဆတ်ဆတ် အသံက ထွက်ပေါ်လာမည်။ ချဉ်းကပ်လာသော ယောကျ်ားက နည်းနည်းတော့ ရှိန်သွားမည် ...။

"ဟိုလေ ... ကျွန်တော် မက်မုံပွင့်နဲ့ ခင်မင်ရင်းနှီးခင်လို့ပါ မိတ်ဆွေဖွဲ့ချင်လို့ပါ"

သူမ၏ မျက်လုံးများ စူးခနဲ လက်သွားကာ ...

"မိတ်ဆွေဖွဲ့ရအောင် ကျွန်မတို့က မိတ်ဆွေရှာဖွေရေးအသင်းဖွဲ့ထားတာမှမဟုတ်တာ...ဘာမိတ်ဆွေမှမလိုချင်ဘူး... ကျွန်မတို့က အူကြောင်ကြောင် ယောကျ်ားတွေနဲ့ မိတ်ဆွေမဖြစ်ချင်ဘူး...ရှင်းတယ်နော်...ရှင်ပြန်လို့ရပြီ..."

www.burmeseclassic.com


ဟု အေးစက်တင်းမာသောမျက်နှာဖြင့် ပြန်ဖြေလျှင် ... တစ်ဖက်ယောကျ်ားရင်ထဲ ဘယ်လောက်အောင့်သက်မျက်ရှသွားမလဲဟု သူမ ခန့်မှန်း ကြည့်ပုံ မပေါ်ချေ။

"ဘာဖြစ်လို့ဒီလောက်မာနကြီးရတာလဲဗျာ ..လူလူချင်းပါ ...ပြီးတော့ ကျွန်တော် မိကောင်းဖခင်သားသမီးတစ်ယောက်ပါ ... တကယ်ခင်ချင်လို့ ရိုးရိုးသားသားလာမိတ်ဆက်တာပါ ..."

"ကောင်းပြီ၊ရှင့်အကြံကို ကျွန်မပြောပြမယ် ... ခင်ချင်လို့မိတ်ဆက်မယ်၊ ကျွန်မက ယဉ်ကျေးစွာနဲ့ ခင်မင်ခွင့်ပေးလိုက်မယ်... ရှင်က တစ်ဆင့် ထပ်တက်မယ် ... ကျွန်မကို ပိုးပန်းမယ် ... နောက်တော့ ... ချစ်တယ် ပြောမယ် ... အဲဒါကြီးက အရှည်ကြီးပဲ ... ကျွန်မအဲဒီလောက်စိတ်မရှည်ဘူး ... နော် ...

"အဲဒါကြောင့်ခုကတည်းက တိခနဲ ဖြတ်လိုက်တာ၊ ပြတ်ပြတ်သားသားပြောမယ် ... ရှင့်ကိုလည်း မခင်ဘူး... ရှင့်မျက်နှာကိုလည်း နောက်ထပ်မတွေ့ချင်ဘူး...လာပြီး

www.burmeseclassic.com


တော့လည်း စကားရောဖောရော လာမလုပ်နဲ့.... ဒါပဲ ... သွားတော့”

သူမနှုတ်ခမ်းဖျားတွင် ဓါးသွားများ တပ်ဆင်ထားသလားမသိ။ အဲဒီလောက် ပြတ်သားသော မိန်းမဖြစ်သည်။

နောက်တစ်မျိုး ချဉ်းကပ်သော ယောကျ်ားတစ်ယောက်ကို သူမ တုံ့ပြန်ပုံကို ကြည့်ပါ ...။ သူမ ကျောင်းသို့ ကားနှင့်လာချိန်ကို စောင့်ကာ သူမ ကားပေါ်က ဆင်းတာနှင့် စာလိုက်ပေးသော ယောကျ်ားတစ်ယောက်ကို သူမ တုံ့ပြန်ခဲ့ပုံမှာ ....

“မက်မုံပွင့် ... ကျွန်တော်ဒီစာလေး ပေးလိုက်ချင်လို့ပါ... ယူသွားပေးပါနော် ...”

“ဘာစာလဲ။ ကျွန်မ စာဖတ်ဝါသနာမပါဘူး ...လုပ်မနေနဲ့ ...”

“ကျွန်တော့် ရင်ထဲက တကယ်ခံစားနေရတဲ့ စာပါဗျာ... ဒီလိုတော့ မရက်စက်ပါနဲ့ ... ယူသွားပေးပါ ...”

“မယူဘူးလို့ ပြောနေတယ်နော်၊ ကျွန်မ စကားနှစ်ခွန်းမပြောဘူး”

www.burmeseclassic.com


"မက်မုံပွင့် မယူမချင်း ကျွန်တော် လိုက်ပေးနေမှာပဲ... ကျွန်တော် သန္နိဋ္ဌာန် ချထားပြီးသား ..."

သူမကဘာမှမပြောတော့ဘဲ ကားပေါ်သို့ပြန်တက်သွားပါသည်။ အဲဒီနောက်တော့ သူမကို စာလိုက်ပေးသော ထိုယောကျ်ားရှိရာသို့ ကားနှင့် ခပ်ကြမ်းကြမ်း မောင်းထွက်လာသဖြင့် ထိုယောကျ်ားမှာ ကိုးရိုးကားရား ရှောင်ပြေးရလေသည်။ သူမကို စာပေးသူကို ကားနှင့်လိုက်တိုက်လို့ဆိုသော သတင်းသည် တက္ကသိုလ်ထဲတွင် ဆူဆူညံညံ ပျံ့နှံ့သွားတော့သည်။ သူမက ဤသို့သော မိန်းမဖြစ်သည်။

ကျောင်းကော်ရစ်ဒါလို နေရာမျိုးမှာ သူမနောက်မှ လိုက်၍ စကားပြောသော ယောကျ်ားတစ်ယောက်ကိုတော့ သူမ မည်သို့ တုန့်ပြန်သည် ထင်ပါသနည်း ...။

"ဒီမှာ...ရှင်တကောက်ကောက်လိုက်ပြောနေတာကျွန်မ တော်တော်နားငြီးနေပြီနော်၊ ရှင် ပါးစပ်ပိတ်မလား မပိတ်ဘူးလား"

www.burmeseclassic.com


"မပိတ်ပါရစေနဲ့မက်မုံပွင့်ရယ်၊ နှလုံးသားကပွင့်နေသမျှ.. တို့ပါးစပ်ကလည်း ပွင့်နေမှာပဲ... တို့ တကယ်ပြောတာပါ...မက်မုံပွင့်ကမာနလည်းအရမ်းကြီးတယ်..အရမ်းရက်စက်မောက်မာတယ်လို့နာမည်ကြီးနေပြီးလူတိုင်းကြောက်ကြပါတယ် ... တို့မှာ မနည်းရဲဆေးတင်ပြီး ...လိုက်ပြောရတာပါ ... တို့ကို ညှာတာပါနော် ..."

သူမ မျက်လုံးများ အေးခဲစူးသွားပြီး ... သိပ်မကြာခင်မှာသူမကလွယ်ထားသောလွယ်အိတ်ထဲမှတစ်စုံတစ်ရာကို ထုတ်လိုက်ကာ ... ထိုယောကျ်ားရဲ့ ပါးစပ်ဆီသို့ ထိုအရာနှင့် ဆပ်ဆက်ဆက် ထိုးချပစ်လိုက်သည်။ ထိုယောကျ်ားသည် နာကျင်စွာဖြင့် သူ့ပါးစပ် သူအုပ်ကာ ကျန်ရစ်ခဲ့သည် ...။ သူမကတော့ သူငယ်ချင်းများနှင့် ခပ်တင်းတင်းထွက်သွားတော့သည်။ သူမ လုပ်ရပ်ကို မြင်လိုက်ရသော လူတိုင်းက သူမလုပ်ရပ်ကို... ရက်စက်သည် ဟုဆိုကြသည်။ အဘယ်ကြောင့်ဆိုသော် ထိုယောကျ်ားရဲ့ လက်ထဲတွင် ပါလာသော အရာမှာ ... သံမှိုတစ်ချောင်း ဖြစ်နေခဲ့သောကြောင့် ဖြစ်လေသည်။

www.burmeseclassic.com


ဤမျှလက်ရဲဇက်ရဲနိုင်သော၊ ကြမ်းကြမ်းရမ်းရမ်းရှိသော ... ရက်ရက်စက်စက် တုံ့ပြတ်တတ်သော ထိုမိန်းမကိုမှ အရှုံးအမှုံးစွဲလမ်းစုံမက်ရသောယောကျ်ားများစွာတို့တွင် သူလည်း ပါဝင်ခဲ့သည့် အတွက် ထိုအဖြစ်ကို သူ လုံးဝနောင်တမရခဲ့ပါ။

သူ သူမကို ချဉ်းကပ်ဖို့ ဘယ်လိုနည်းလမ်းမျိုးသုံးရမည်ကို မသိချေ။ သူ ရှေ့ရှေ့က လူတွေကို သွေးရှူးသွေးတန်းနည်းလမ်းတွေ၊ သမာရိုးကျ လမ်းကြောင်းတွေ သူ မသုံးချင်ပါ။

သူမ၏ အချစ်ကိုရဖို့ အင်မတန်ခက်ခဲလိမ့်မည်ဖြစ်ကြောင်း သူ သိပြီး ဖြစ်ပါသည်။ သို့ပေမယ့် သူကတော့ မဖြစ်မနေ၊ ဖွဲ့မလျှော့ဖို့ ဆုံးဖြတ်ထားခဲ့သည်။ သူရဲ့ အဓိကသင်္ကေတမှာ အစွဲအလမ်းကြီးခြင်းပင် ဖြစ်သည်။ သူမကို သူ နေ့နေ့ညညပြင်းပြင်းထန်ထန် စွဲလမ်းမှု ကြီးမားခဲ့သည်ကို သူ အသိဆုံးဖြစ်သည်။

ပထမဆုံး သူ စတင်သုံးစွဲခဲ့သော နည်းကတော့ သူမကို ကဲန်မရာတစ်လုံးဖြင့် ဓါတ်ပုံရိုက်ယူခဲ့ခြင်း ဖြစ်သည်။

www.burmeseclassic.com


သူမတို့ သူငယ်ချင်းတစ်အုပ် ကဲန်တင်းမှာ ထိုင်နေချိန်မှာ သူ အကောင်အထည် ဖော်ခဲ့တာဖြစ်သည်။ သူကတော့ သူမကို တခြားခုံ တစ်ခုံမှနေ၍ အကာအကွယ်ယူကာ ဓါတ်ပုံခိုးရိုက်ယူခဲ့တာပါပဲ။

သို့ပေမယ့် အင်မတန် လျင်မြန်ပါးနပ်သော သူမက... မီးတစ်ချက် လက်ခနဲပွင့်သွားတာနှင့် ချက်ချင်းသိကာ လျှပ်စီးလက်သလို စူးပြတ်သော အကြည့်များ သူ့စီသို့ ဖျက်ကနဲရောက်လာသည်။ သူ့လက်ထဲမှ ကဲန်မရာကိုလည်း သူမက ချက်ချင်းတွေ့သွားလေသည်။

သူ့ရင်တွေ တဖျက်ဖျက်ခုန်လာခဲ့သည်။ သူမနှင့် သူတော့ ထိပ်တိုက်တွေ့ကြပြီ။ သူမ သူ့ကို ကြည့်သော မျက်လုံးများသည် ကြောက်ခမန်းလိလိ စူးရဲပြင်းထန်နေခဲ့ကာ သူ့ခုံရှိရာဆီသို့ ကျားသစ်တစ်ကောင်လို လျှောက်လာသည်။

သူမပုံစံကို ကြည့်ရသည်မှာ ဓာတ်ပုံခိုးအရိုက်ခံရသော အလှဘုရင်မ တစ်ဦးထက် ... သေနတ်နှင့် အပစ်ခံရသော ကျားသစ်တစ်ကောင် နှင့် ပိုတူနေလေသည်။

www.burmeseclassic.com


"ရှင် ... ဘာဖြစ်လို့ ကျွန်မကို ဓါတ်ပုံခိုးရိုက်တာလဲ ပြောစမ်း"

သူမအသံက ရေခဲထက်ပင် အေးစက်မာကျောလှ သည်။ ကဲန်တင်းထဲမှာ ဖြစ်သောကြောင့် လူတိုင်း၏ စိတ်ဝင်စား ဖွယ် ပစ်မှတ်မှာ သူနှင့် သူမသာ ဖြစ်နေခဲ့ပေမယ့် သူမကတော့ ဘယ်သူ့ကိုမှ ဂရုမစိုက်ချေ။

"ခင်ဗျားပုံ လိုချင်လို့ ..."

သူကဂျစ်ကန်ကန်ဖြင့် ပြန်ဖြေလိုက်သည်။ ယောကျ်ားတိုင်းက သူမကို ကြောက်နေလိမ့်မည် ဟူသောသူမ၏ အစွဲကို သူက ခြေမွပစ်လိုက်ချင်သည်။

"နေပါဦး ... ရှင်က ဘာကောင်မို့လို့လဲ"

"ခင်ဗျားကို သိပ်ချစ်နေတဲ့ကောင်ပါ"

သူလုံးဝအလျှော့မပေးသဖြင့် ပွဲက ပို၍ စူးရှခက်ထန်လာသည်။ ...။ သူမ တွေ့ဖူးသော ယောကျ်ားတွေနှင့် သူ လုံးဝမတူစေရဟူ သူဆုံးဖြတ်ထားသည်။ သူမ၏ မီးလျှံတွေလို စူးရဲပြိုးပြတ်သော မျက်လုံးတွေကို သူ ခပ်ရဲရဲပင် တုံ့ပြန်ရင်ဆိုင် ကြည့်လေသည်။

www.burmeseclassic.com


" တောက် ... ရရာစစ ... ကလေကချေ ပုံစံနဲ့များ ... ကိုယ့်ပုံစံကိုလည်း ပြန်ကြည့်ပါဦး ... တူသလား တန်သလား ပြန်တွေးစမ်းပါဦး ... ရှင် ... ကျွန်မကို အိပ်မက်တော်မမက်စေနဲ့ မှတ်ထား ..."

သူမကစော်ကားမော်ကားပြောလည်းပြောကာ သူ့လက်ထဲမှ ကဲန်မရာကလေးကို ဆတ်ခနဲ ဆောင့်စွဲယူလိုက်သဖြင့် သူ ရုတ်တရက် အငိုက်မိစွာ သူမလက်ထဲ ပါသွားလေသည်။

သူမ နှုတ်ခမ်းတွင် မဲ့ပြုံးတစ်ချက် စွန်းထင်းလာကာ ကဲန်မရာထဲမှ ဖလင်လိပ်ကို ဆိုးဆိုး ဆက်ဆက် ဆွဲယူပြီး တစ်စစီ ဆွဲထုတ် ဆွဲဖြတ်ပစ်လိုက်သည်။ ဤမျှနှင့်ပင် မကျေနပ်နိုင်ဘဲ ... သူ့ကဲန်မရာလေးကို လမ်းမပေါ်သို့ တအားပစ်ပေါက်ခွဲပစ်လိုက်လေသည်။

"မှတ်ထား ... နတ်သုဓာဆိုတာ ... အရူးတစ်ယောက်က မှန်းခွင့်မရှိဘူး ... မတန်မရာတွေ စွတ်မှန်းမနေနဲ့ ..."

သူမက ထိုသို့ပြောပြီး ... လှည့်ထွက်သွားလျှင် ...

www.burmeseclassic.com


သူ အရှက်ကွဲစွာ ကျန်ရစ်ခဲ့သည်။ လူတွေအားလုံး ဝိုင်းကြည့်နေကြသော မျက်လုံးတွေအောက်တွင် သူ အစိတ်စိတ်အမြွှာမြွှာ ကြွေမွ လွင့်စင် သွားသည်။ လမ်းမပေါ်မှာ ကြေကွဲနေသော ကဲန်မရာလေးမှာ သူ ကိုယ်တိုင် ဖြစ်သွားလေသည်။ သူ ... သူမကိုဒီလိုပဲအရှုံးပေး ထွက်ပြေးလာခဲ့ရတော့မှာလား ...။သူ့ရှေ့ရှေ့က စော်ကားခံခဲ့ရသမျှ ပုဂ္ဂိုလ်တွေလိုပဲ အသည်းကွဲပြီး သူမကို သိပ်ကြောက်သွားရတော့မှာလား ...။

မဖြစ်နိုင်ပါ။ သူက အလွန် ဇွဲကောင်းပါသည်။ အတိုက်အခံရှိလေ ... ခက်ခဲလွန်းလေ ... သူပိုပြီး အရယူချင်လေ ဖြစ်သည်။

သူ ချက်ချင်းပဲ သူမတို့ စားပွဲရှိရာဆီသို့ လျှောက်သွားလိုက်သည်။ ပရိသတ်ကထုံးစံအတိုင်း သူမနှင့် ပတ်သက်လျှင် ပွဲကြီးပွဲကောင်း တစ်ပွဲကို စောင့်ကြည့်နေဆဲ ...။

သူ ... သူမတို့ စားပွဲမှာ ဝုန်းခနဲ ဝင်ထိုင်ချလိုက်သည်။ သူမက သူ့ကို စူးစူးရဲရဲ မော့ကြည့်ကာ ...

" နင်ဘာလာလုပ်တာလဲ ... ခုချက်ချင်း ထွက်သွားစမ်း"

www.burmeseclassic.com


တခြားမိန်းမများ၏ မျက်လုံးတွေအောက်တွင် သူ ပြာကျသွားလောက်ပေမယ့် ... သူ့ စွန့်စားခန်းကို မရပ်ပစ်နိုင်။

"ကျွန်တော် ပြောချင်တာ ပြောပြီးရင် ထွက်သွားမှာပါ မက်မုံပွင့် ...ပထမဆုံးကျွန်တော် ပြောချင်တာက ခင်ဗျား သိပ်မမောက်မာဖို့ ... မရင့်သီးဖို့ပါ ...

"ကျွန်တော်နဲ့ခင်ဗျားဟာ အဆင့်အတန်းချင်း မနှိုင်းယှဉ်သာအောင် ကွာခြားတာမှန်တယ် ... ဒါပေမယ့် လူချင်းကတော့ အတူတူပဲ ...ခင်ဗျားလည်း...အောက်ဆီ ဂျင်ရှူပြီး ကာဗွန်ဒိုင်အောင်ဆိုဒ် ပြန်ထုတ်တာပဲ ... ကျွန်တော့်ရဲ့ အသက်ရှူပုံဟာလည်း အဲဒီ ဖော်မြူလာနဲ့ပဲ ...

"ဒါပေမယ့် တစ်ခုတော့ရှိတယ် ... ခင်ဗျားက ကျိုကျို တက်အောင် ချမ်းသာတယ်... ကျွန်တော်က ချာတူးလန် အောင် ဆင်းရဲတယ် ... ခင်ဗျား မာစီဒီး(စ်) စီးနေတဲ့ အချိန်မှာ ကျွန်တော်က သားရေဖိနပ်ပဲစီးနိုင်တယ် ... ဒါပေမယ့် ... လူတိုင်းမှာ မမြင်ရတဲ့ အင်မတန်ကြီးကျယ်

www.burmeseclassic.com


တဲ့အစွမ်းသတ္တိတွေရှိတယ် ဆိုတာ ခင်ဗျားသိလား ... ကျွန်တော် တစ်နေ့ဘာဖြစ်လာမလဲဆိုတာ ခင်ဗျားကြိုသိနိုင်မလား ...”

“ရှူး ... ရှူး ... သွားစမ်း ... သွားစမ်း ... ခွေးတစ်ကောင်လို လာဟောင်မနေနဲ့ ... သွား ... နားငြီးတယ် ... ဘာမှ လာပြောမနေနဲ့ ... နင့်လိုကောင်မျိုးနဲ့ ငါတန်းတူ စကား မပြောနိုင်ဘူး ....

“နင်တို့မှာ ဘာမှမပိုင်ဘူး ... အေးသိပ်ကြီးကျယ် ခမ်းနားတဲ့ စကားလုံးတွေတော့ ပိုင်တယ် ... ပိုင်မှာပေါ့... အဲဒီစကားလုံးတွေက ငွေနဲ့ ပေးဝယ်စရာမှ မလိုဘဲကိုး... သွားစမ်း ... သွား ...”

“မသွားဘူးဗျာ ... ခင်ဗျား ဘယ်သူ့တိုင်မလဲ ... ဘာလုပ်ချင်သလဲ ... ဒီကဲန်တင်းကို ခင်ဗျားမပိုင်ဘူး ... ကျွန်တော် ထိုင်ချင်တဲ့နေရာမှာ ထိုင်ပိုင်ခွင့်ရှိတယ် ”

သူ ... ဒေါသထွက်နေသဖြင့် ရင့်ရင့်သီးသီးပင် ပြန်ဂျစ်ကျလိုက်သည်။ သူမရဲ့ စကားလုံးတွေ ဘယ်လောက်

www.burmeseclassic.com


ရက်စက်မာကျောပေမယ့် သူမနာနိုင်။ သူမကို ပိုလို့တောင် စွဲမက်လာသည်။ ပိုလို့တောင် ချစ်လာသည်။ အဲဒါ ဘာကြောင့် မှန်းသူမသိ။

"မက်မုံ ... လာအဆင့်အတန်းမရှိတဲ့ ကလေကချေ တစ်ကောင်နဲ့ တန်းညှိပြီး အဖက်လုပ်စကားပြောမနေနဲ့ ... သူမသွားရင် ငါတို့သွားမယ် ... ထ"

သူမ သူငယ်ချင်းများက သူမကို အတင်းဆွဲခေါ် သွားကြသည်။ သူမတစ်ကိုယ်လုံး ဒေါသဖြင့် တဆတ်ဆက်တုန် ယင်နေကာ... သူ့ကို မီးပွင့်မတတ် မျက်လုံးတွေနှင့် စူးစူးဝါးဝါး ကြည့်ကာ .... သူမ၏သူငယ်ချင်းတွေနောက်သို့ပါသွားလေသည်။ သူ့ကို နာအောင် ထပ်မပြောသွား၍ တော်ပါသေးသည်။

သူ ... သူမကို ချစ်ခင်စုံမက်မိခြင်းသည် တောင် တစ်တောင်ကို တက်လိုက်ခြင်း နှင့် အတူတူပဲ ... ဟု သူယူဆ ထား၏။ တောင်တက်ပြီ ဆိုမှတော့ ... တောင်ထိပ်ပေါ်သို့ မရောက်မချင်း လမ်းတစ်ဝက်တစ်ပျက်နှင့် သူ ဘယ်တော့မှ လှည့်ပြန် အရှုံးပေးမည် မဟုတ်။

www.burmeseclassic.com


ဘယ်လောက်ပင်ပန်းဆင်းရဲပါစေ၊ ဘယ်လောက်ပဲဒဏ်ရာ အနာတရတွေရပါစေ ... သူ ထိုတောင်ပေါ်သို့ မဖြစ်မနေဆက်တက်တော့မည် ...။ ဘယ်နှကြိမ်ဖြစ်ဖြစ် သူဒလိမ့်ကောက်ကွေး ပြုတ်ကျပါစေ သူ့ခွဲမလျှော့ဘဲ တောင်ထိပ်ရောက်အောင် အထိတက်မည်။

ထိုစိတ်ကူးဖြင့် သူသည် ဘဝတွင် သေရာပါ ဒဏ်ရာတစ်ခု ရရှိခဲ့သည်အထိ သူမအပေါ် သည်းသည်းနစ်နစ်စွဲလမ်းမက်မောခဲ့ခြင်းဖြစ်သည်။

www.burmeseclassic.com

# အခန်း (၂)

အရှုံးမပေးတော့ ... ရအောင်ယူမည်ဟု ဆုံးဖြတ်ချက်ချပြီးသည့်နောက်တွင် သူ သူမကို သဲကြီးမဲကြီးပင် ဖွဲ့နပဲကြီးစွာ လိုက်ခဲ့လေသည်။ သူတကောက်ကောက်လိုက်မှုကြောင့် သူမ ဆက်ဆက်ခါနာကြည်းပုံမှာ ဆိုဖွယ်ရာမရှိချေ။ သို့သော် သူက ဘယ်လိုအနှောင့်အယှက်မျိုးမှ သူမကို မပေးတာမို့ သူမက ဘယ်လိုမှစော်စော်ကားကား တုံ့ပြန်လို့လည်းမရ။

www.burmeseclassic.com


သူသည် သူမ၏ရဲတိုက်ကြီးနှင့်တူသော အိမ်ကြီး၏ ရှေ့တွင် သွားစောင့်သည့်အခါ စောင့်သည်။ အထူးသဖြင့် စနေ၊ တနင်္ဂနွေ ကျောင်းပိတ်ရက်များ၌ ကျောင်းတွင် သူမကို မတွေ့ရသောနေ့များတွင် ဖြစ်သည်။ သူမ၏ အရိပ်အယောင်ကလေးကိုမျှ မမြင်ရသော နေ့မျိုးရှိတတ်သလို ... သူမကားနှင့်ထွက်သွားတာ၊ ကားနှင့် ပြန်လာတာကို မြင်တွေ့ခွင့်ရသော နေ့တွေလည်း ရှိတတ်ပါသည်။ သူ့ကို တွေ့သောအခါမျိုးတွင် သူမ မျက်လုံးများ ဒေါသဖြင့် စူးရဲပြောင်လက်သွားတတ်ကြပြီး ... သူ့ကို အစိမ်းလိုက် ဝါးစားချင်သော အကြည့်မျိုးဖြင့် တစ်ချက် ကြည့်သွားတက်လျှင် ထိုအကြည့်ကိုဘဲ သူ စွဲစွဲလန်းလန်း မက်မောစွာ ခံယူတတ်၏။

တစ်ခုသော ရက်တစ်ရက်တွင် ထုံးစံအတိုင်း သူမ နောက်မလှမ်းမကမ်းမှနေ၍ သူ တကောက်ကောက်လျှောက်လိုက်နေဆဲ... သူမက သူ့ကို မုန်တိုင်းတစ်စင်းလို ဝုန်းကနဲ ရင်ဆိုင်ပစ်ခဲ့တော့တာ ဖြစ်သည်။

www.burmeseclassic.com


သူမသည် လမ်းလျှောက်နေရာမှ ချာခနဲ လှည့်ပစ်လိုက်ရင်း သူနှင့် မျက်နှာချင်းဆိုင်လိုက်သည်။ သူမ၏ မျက်နှာတပြင်လုံးသည် လျှံငြီးငြီး လောင်မြိုက်နေခဲ့၏ .. ။

"ကဲ .... ဒီနေ့တော့ ဒီပြဿနာကို အပြတ်ရှင်းမှ ဖြစ်တော့မယ် .....ပြောစမး .... နင် ငါ့နောက်ကို ဘာဖြစ်လို့ အရှက်မရှိ တကောက်ကောက် လျှောက်လိုက်နေရတာလဲ ... အဲဒါကို ငါ သိချင်တယ်"

"ခင်ဗျားကို ကျွန်တော် ချစ်လို့ပါ .... ခင်ဗျားကို မြင်နေရ ရင် ကျွန်တော် ကျေနပ်လို့ ... "

သူကလည်း ဒီလိုပြောပြဖို့ အခွင့်အရေးကို ဒီအချိန်မှာမှ အသုံးမချရင် ဘယ်တော့မှ ပြောပြခွင့်ရမှာ မဟုတ်တာကို သိနေခဲ့သည်မို့ ရဲရဲဝံ့ဝံ့ပင် အဖြေပေးလိုက်၏ ...။ သူမက ဗုံးတစ်လုံး ပေါက်ကွဲသွားသလို ဒေါသတကြီး ဖြစ်သွားပါသည်။

"နင်လိုကောင်က ငါ့ကို ချစ်တယ် ဟုတ်သလား.. အေး ငါပြောမယ် ... နင့်ကို ငါတွေ့လိုက်တိုင်း .... အဲဒီ ဂျင်းဂျာကင်တစ်ထည်နဲ့ဂျင်းဘောင်းဘီပဲဝတ်တာတွေ့ရတယ်... နင့်မှာ အဲ့ဒါပဲ ပိုင်လိမ့်မယ်လို့ ငါ ထင်တယ် ...

www.burmeseclassic.com


"ဒီမှာကြည့် ... ဟောဒီ ဖိနပ် ..."

သူမက ရုတ်တရက် စီးထားသော သူမ ခြေထောက်မှလှပသည့် ပန်ဆယ်လ်ဟီးလ် ဒေါက်ဖိနပ် အနီရဲရဲကလေးကို ခြေဖြင့် ကန်ချွတ်ပစ်လိုက်ကာ...

"နင် မမြင်ဘူးရင် သေချာကြည့်ထားလိုက် ... အဲ့ဒီ ဖိနပ်တစ်ဖက်ရဲ့ တန်ဖိုးကို နင် တစ်သက်လုံး ရှာတာတောင် မရနိုင်ဘူးဆိုတာ မှတ်ထားလိုက် ...

" ငါလို မိန်းမတစ်ယောက်ကို နင်ရဖို့ဆိုတာ ဘဝအဆက်ဆက် နင်ဆုတောင်းတောင် ဘယ်တော့မှ ပြည့်မှာမဟုတ်ဘူး... နားလည်လား ...

"အဲဒီတော့ နင် ဒီနေ့ကစပြီး ငါ့နောက်ကို လုံးဝဆက်မလိုက်နဲ့တော့ ... နင့်ကို ငါ အပြတ် ပြောထားပြီးပြီ... နင်လို လေလွင့်နေတဲ့ ကလေကချေ တစ်ကောင်ကို ငါက ဖိနပ်တစ်ဖက်လောက်တောင် စိတ်မဝင်စားဘူးဆိုတာကို နင့်အသည်းထဲ စွဲနေအောင် မှတ်ထားလိုက် ..."

ဟု ပြောပြီး ... သူမက ဖိနပ်ကို ပြန်စီးကာ ... သူမ သူငယ်ချင်းများနှင့် ပြန်ထွက်သွားလေသည်။

---

**စောတနာစာပေ**

www.burmeseclassic.com


သူ့အသည်းမှာ စူးစူးနင့်နင့် နာကျင်စွာ ကျန်ရစ်ခဲ့ရသည်...။

အဲဒီလောက် မောက်မာရက်စက်သော မိန်းမ တစ်ယောက်ကို သူ ဘယ်လိုနည်းဖြင့် အရယူနိုင်ပါမည်နည်း...။

မဖြစ်နိုင်ဘူးဆိုတာ သူသိပါသည်။ သို့သော် သူ့ရင်ထဲမှာစူးဝင်လာသော အချစ်ဆိုတာကြီးကို သူ ဘယ်လိုမှ စွံနုတ်ပစ်လို့ မရနိုင်ခဲ့။ သူ့ အချစ်ဆိုတာကလည်း သူမကို ချစ်နေရရုံနှင့် ကျေနပ်ရောင့်ရဲနိုင်သော အချစ်မျိုးသက်သက်သာ ဖြစ်ခဲ့သည်။

သို့သော် ... သူမက သူ့ရဲ့ ယောကျ်ားတစ်ယောက်၏ဖြစ်တည်မှုနှင့် တန်ဖိုးကို အထစ်ထစ် အပိုင်းပိုင်း ချိုးခြေ ပစ်လိုက်သည်။ သူ့ရဲ့မာနကို ရစရာမရှိအောင် ရိုက်နှက်ပစ် လိုက်သည်။ သူဘာဆက် လုပ်ရမည်နည်း ...။ သူ့အချစ်ကိုတော့ သူ ဘယ်လိုနည်းနှင့်မှ ရုတ်သိမ်း အမှောင်ချလိုက်လို့ မဖြစ်နိုင်ပါ။

သူစွန့်စားမှ ဖြစ်တော့မည် သူ မစွန့်စားဘူးဆိုလျှင် ... သူမနှင့် ဘယ်တော့မှ နီးစပ်နိုင်တော့မည် မဟုတ်ချေ။ ပြီးတော့ သူနှင့် သူမ ကြားတွင် အပေးအယူ တစ်ခုခုတော့ ရှိဖို့ လိုအပ်လာပြီဟု သူယူဆလိုက်သည်။

www.burmeseclassic.com


ဒီလို သူမ ပက်ပက်စက်စက် စော်ကားပြောဆိုသမျှကို ခေါင်းငုံ့အရှုံးပေးပြီး သူမဘေးမှ သူ ပျောက်ကွယ်မသွားနိုင်ချေ။ လူဆိုတာ မစွန့်စားဘဲနဲ့တော့ ဘာမှ မရနိုင်ချေ။

အဲဒီအချိန်ကစပြီး သူ နေ့စဉ်ရက်စက် နည်းလမ်းများရှာဖွေကြံဆခဲ့သည်။ အမြဲတမ်း တွေးကြံပါများလာသောအခါ သူ နည်းလမ်းတစ်ခု ရရှိလာလေသည်။

နောက် ကျောင်းပိတ်ရက်များတွင် သူက သူမ မသိအောင် သူမကားနားတွင် အခွင့်အရေးတစ်ခုခု တွေ့လို တွေ့ငြား ရှာဖွေခဲ့သည် ...။ ထိုအခွင့်အရေးကို သူ တော်တော်နှင့်တော့ မရခဲ့ ...။

တစ်ရက်မှာတော့ သူ့အတွက် အခွင့်အရေးတစ်ခုကိုကံကြမ္မာက သူ့ကို သနားသောအားဖြင့် ပေးခဲ့လေသည်။ ထိုအခွင့်အရေးမှာ သူမက နောက်ဘက်တံခါးမှန် တစ်ချပ်ကို ပိတ်ခဲ့ဖို့ လစ်ဟင်းသွားခဲ့ခြင်း ဖြစ်သည်။

သူ ကံကောင်းထောက်မစွာပင် ထိုကားမှန်တံခါးပေါက်မှနေ၍ကားနောက်ခန်းထဲဝင်နေနိုင်ခဲ့သည်။ ညနေကျောင်း

www.burmeseclassic.com


ဆင်းချိန်တွင်ဘာမှမသိနိုင်သေးသောသူမကသူ့သူငယ်ချင်းတွေနှင့် နှုတ်ဆက်လမ်းခွဲကာ ကားပေါ်သို့ တက်လာခဲ့သည်။ မွှေးပျံ့ယစ်မူးစေသော ရနံ့တစ်မျိုးသည် ... သူ့နှစ်လုံးသားတစ်ခုံလုံးကို ဆွဲဆောင် ညှို့ယူလိုက်သလို ခံစားရ၏။

သူမက နောက်ခန်းတွင် ပုဝင်နေသော သူ့ကို မမြင်ခဲ.....။ ကားကက်ဆက်မှ သီချင်းသံကို ကျယ်လောင်စူးရှစွာ ဖွင့်လျက် မောင်းထွက်လာခဲ့သည်။ သူက သူမကို ကျောင်းထဲမှာ အသိမပေးချင်သေး။ အချိန်မရွေး သူမကားထိုးရပ်လို့ရနိုင်သည်။

ထိုကြောင့် ပြည်လမ်းမပေါ်သို့ ရောက်မှ သူမ ချက်ချင်း ကားရပ်လို့ရနိုင်သော ယာဉ်ကြောထဲတွင် ရောက်နေချိန်မှာ သူ ထ, ကာထိုင်လိုက်ကာ ...

"မက်မုံပွင့်"

ဟု ခေါ်လိုက်သည်။ ကက်ဆက်သံနှင့်မို့ သူမက တော်တော်နှင့်မကြား။ သူတော်တော်ကျယ်ကျယ် အော်ပစ်လိုက်တော့မှ ချာကနဲလှည့်ကာ သူ့ကိုမြင်တော့ သူမ မျက်လုံးတွေ မီးပွင့်သွားလေသည်။

www.burmeseclassic.com


"ကြည့်စမ်း ... နင် ... နင် .. ဘယ်လိုလုပ်ပြီး ငါ့ကား ပေါ် ရောက်နေတာလဲ ... ဆင်းစမ်း၊ ခုဆင်း ..."

သူမက လန့်လည်းလန့်၊ ဒေါသလည်းဖြစ်နေသော အသံဖြင့်အော်လိုက်သည်။ကားတွေကလည်းပြည်လမ်းတစ်လျှောက် အရှိန်ပြင်းစွာ မောင်းနေကြချိန်မို့ သူမက ယာဉ်ကြောကို ရုတ်တရက် ပြောင်းလို့မရ။ နောက်တွင် ဘေးတွင် ကားတွေ ဆက်တိုက် ပါလာနေကြသည်။

"ဆင်းမှာပါ ... ဒါပေမယ့် ကျွန်တော့်ကို စကားပြောခွင့် ပေးရမယ် ... ကျွန်တော့်ကို ပစ်ပစ်ခါခါ ပက်ပက်စက်စက် မပြောဘဲ လက်ခံ အသိအမှတ် ပြုရမယ် ..."

"နင့်လိုကောင်မျိုးကို ... နင့်လိုကောင်မျိုးကို ငါဘယ်တော့မှ အသိအမှတ်မပြုဘူး ... နင် ဆင်းမလား ... မဆင်းဘူးလား ... ငါကားပေါ်က တွန်းချမှာနော်။ ငါ့ အဆိုး မဆိုနဲ့ ..."

"မဆင်းဘူးကွာ ... ခင်ဗျား သိပ်ကြီးကျယ်မနေနဲ့၊ ခင်ဗျားကို ကျွန်တော် ချစ်တယ် ... ဒီလောက် ရူးနေတာ ...

www.burmeseclassic.com


ခင်ဗျားနည်းနည်းလေးမှ အသိအမှတ်မပြုတော့ ကျွန်တော် သိပ်ခံစားရတယ် ... မခံနိုင်ဘူးဗျ”

“သေလိုက် ... အဲဒီမှာ နင် သေလိုက် ... ကလေကချေ အောက်တန်းစား ... နင်လိုကောင်ကများ ငါ့ကို မှန်းရတယ်လို့ ... ငါ ဆက်ဆက်ခါနာတယ် သိရဲ့လား ... တောက်”

သူမသည် ဒေါသပြင်းထန်လာသည့် အလျှောက် လီဗာကို တအားဖိနင်းကာ ကားကို တစ်ဖက်သို့ ရုတ်တရက် ဝေါခနဲမြည်အောင် ကွေ့ချပစ်လိုက်သည် ...။ အဖြစ်အပျက်က လုံးဝ ထင်မှတ်မထားသော အဖြစ်အပျက် ဖြစ်သည်။ သူမ ကွေ့ချပစ်လိုက်သော လမ်းထဲမှ ကားတစ်စီး ဘွားခနဲ ထွက်လာတာကို မြင်လိုက်ရသဖြင့် သူမက စတီယာရင်ကို ပြန်ဆွဲယူလိုက်စဉ် ကားသည် ဓာတ်တိုင်ဆီသို့ တည့်တည့်မတ်မတ် ဝင်ဆောင့်သွားတော့သည် ...။

နဂိုကမှ သူမရဲ့ ကားအရှိန်က ပြင်းသည်မို့ ... ဓာတ်တိုင်ကို ဝင်ဆောင့်သော အရှိန်မှာ တော်တော် ပြင်းထန်လှ

www.burmeseclassic.com


ကာ ... ကားတစ်စီးလုံး ကြေမွမတတ် တုန်ခါ မြည်ဟည်းသွား

လေသည်။

ယာဉ်တိုက်မှုကြောင့် ယာဉ်ထိန်းရဲနှင့်တကွ လူတွေ စုရုံးရောက်ရှိလာသည်။ သူမကတော့ စတီယာရင်ပေါ်တွင် ခေါင်းငိုက်စိုက် ကျနေသည်။ သူကတော့ တစ်ခုခုနှင့် ပြင်းထန်စွာ တိုက်မိပြီး ခေါင်းထဲ မူးနောက်နာကျင်နေတာကလွဲလို့ ဘာမှ မဖြစ်။ သူမဆိုသို့ သူ စိုးရိမ်တကြီး သွားကြည့်မိတော့ သူမ ခေါင်းဆီမှ သွေးတွေ စီးကျနေလေသည်။ သို့သော် သူမ သတိတော့ ကောင်းစွာရနေသည်။

"အဲဒီကောင်ကိုဖမ်းပါ ... အဲဒီကောင် ကျွန်မ ကားပေါ် တက်လာပြီး နှောင့်ယှက်လို့ ခုလိုဖြစ်တာ"

သူမကသွေးရူးသွေးတန်း အော်လျှက်ရှိသည် ...။

"ခင်ဗျားဒဏ်ရာ ပြင်းပုံရတယ် ... ဆေးရုံအရင်သွားမှ ဖြစ်မယ် ... ကားကိစ္စ နောက်မှ ဆက်ရှင်းမယ် ... သူ့ကို ဆေးရုံအမြန်ပို့ဖို့ လုပ်ပါ"

အခြားကား တစ်စီးဖြင့် သူမကို ဆေးရုံကြီး အရေး

www.burmeseclassic.com


ပေါ်ဘွာနသို့ အမြန်ပို့ကြချိန်တွင် သူလည်း စိုးရိမ်တကြီးဖြင့် လိုက်ပါသွားခဲ့သည်။ သူမခေါင်းမှ ဒဏ်ရာက သွေးတော်တော် ထွက်နေပြီ ...။

ဆေးရုံရောက်ချိန်တွင် သူမ သတိရတစ်ချက် မရ တစ်ချက်ဖြစ်နေပြီ။ ဆရာဝန်တွေ ချက်ချင်း အလုပ်များသွားကာ သူမ ဒဏ်ရာကို ချုပ်ဖို့ စီစဉ်ကြသည်။ ဒရစ်(ပ်) လိုင်း တင်လိုက်ကြပြီး ...

"လိုအပ်ရင်တော့ သွေးသွင်းချင် သွင်းရလိမ့်မယ် ... ခင်ဗျားသွေးတွေ တော်တော် ဆုံးရှုံးထားတယ် ... အရင်က ဒဏ်ရာတစ်ခုခုရရင် သွေးတော်တော်နဲ့ မတိတ်တတ်တာ မျိုးဖြစ်သလား"

"ဟုတ်ကဲ့ ... ဖြစ်ပါတယ် ... ကျွန်မမှာ သွေးမတိတ်တဲ့ ရောဂါရှိတယ်"

" ဘာသွေးအမျိုးအစားလဲ"

" A ပါ"

ဆရာဝန်နှင့် သူမ အပြန်အလှန် ပြောနေကြတာကို

www.burmeseclassic.com


သူကြားနေရစဉ် သူမ သွေးအမျိုးအစားက သူ နှင့် တူနေသည်မို့ သူရုတ်တရက် တက်တက်ကြွကြွ ပြောလိုက်မိသည် ... ။

" ကျွန်တော်လည်း A သွေး အမျိုးအစားပါ ခင်ဗျာ ... ကျွန်တော် ချက်ခြင်းပဲ သူ့အတွက် သွေးလှူပါမယ် ... ကျွန်တော့်ဆီက ကြိုက်သလောက်ယူပါ"

ထိုအချိန်တွင် သူ့ကို လှမ်းကြည့်နေသော သူမ၏ မျက်လုံးအကြည့်တို့ကို သူ့တစ်သက်တွင် ဘယ်တော့မှ မေ့တော့မည် မဟုတ်ချေ။

"မလိုချင်ဘူး ... သူ့ဆီက သွေးကို ကျွန်မ လုံးဝ လက်မခံနိုင်ဘူး ဒေါက်တာ ... ကျွန်မ ကိုယ်ထဲ လုံးဝမသွင်းပါနဲ့ ကျွန်မသနသွားလိမ့်မယ်၊ ဒီမှာ ... နင့်လိုကောင်မျိုးရဲ့ သွေးတစ်စက်တောင် ငါ့ ကိုယ်ခန္ဓာထဲ အဝင်မခံနိုင်ဘူး ... ငါ သေချင် သေသွားပစေ ... ကလေကချေ အဆင့်အတန်း မရှိတဲ့လူရဲ့ သွေးတော့ ငါ့သွေးကြောထဲ အစီးမခံနိုင်ဘူး နင် ထွက်သွားစမ်း ..."

သူမက ဒေါသတကြီး အော်ဆဲ ...။

www.burmeseclassic.com


ထိုစကားသည် သူ ကြားရသမျှ စကားများစွာထဲတွင် နာကျင်ဖွယ် အကောင်းဆုံးနှင့် နာကြည်းဖွယ် အကောင်းဆုံးစကား ဖြစ်သည်။ ထိုစကားဖြင့်ပင် သူ့ ရင်ထဲမှာ သေရာပါ ဒဏ်ရာတစ်ခု အမြစ်တွယ် ရရှိသွားခဲ့တော့တာ ဖြစ်သည်။

ဒီလိုအချိန်မျိုးမှာတောင် သူမ ဤမျှ ရင့်သီးမောက်မာသောစကားမျိုး ပြောနိုင်သေးသည်။

"ကဲ ... ကဲ ... မောင်ရင် အပြင်ထွက်လိုက်ပါ ... သွေးကလိုချင်မှလည်း လိုမှာပါ ... ကိုယ် ကြိုပြောထားတာပါ"

ဆရာဝန်က သူ့ကို မျက်စိမှိတ်ပြကာ အပြင်သို့ ထွက်ခိုင်းလေသည်။ သူ့ရင်ထဲတွင် ဓားတစ်ချောင်း စိုက်ဝင်နေသလို သူ အခံရခက်နေသည်။ သူမ၏ စကားလုံးများကိုသာ ထပ်တလဲလဲ ကြားနေသည် ...။

ကောင်းပြီ မက်မုံပွင့် ..။ ခင်ဗျားက ကျွန်တော့် သွေးတစ်စက်တောင်ခင်ဗျားရဲ့ကိုယ်ခန္ဓာထဲအဝင်မခံနိုင်လောက်အောင်အဆင့်အတန်း ခွဲခြားခဲ့တယ်။ ရင့်ရင့်သီးသီး စော်ကားခဲ့

www.burmeseclassic.com


တယ်။ ကျွန်တော့်ရဲ့ အချစ်တွေကို အမှိုက်တစ်စလိုတောင် အသိအမှတ်မပြုခဲ့ဘူး ...။

လောကမှာ သိပ်ဖြစ်ချင်လာရင် မဖြစ်နိုင်ဘူးဆိုတာ မရှိပါဘူး မက်မုံပွင့် ရယ်။ ခင်ဗျား တစ်နေ့ လှလှပပကြီး ဝင့် လည်စေရမယ်။ တစ်နေ့နေ့ တစ်ချိန်ချိန်ကြရင် ခင်ဗျား တန်ဖိုး မထား၊ အသိအမှတ် မပြုတဲ့ကျွန်တော့်ရဲ့သွေးဟာ ခင်ဗျားဘဝရဲ့ အရေးအကြီးဆုံး အစိတ်အပိုင်း တစ်ပိုင်းမှာ ပါဝင်စေရမယ်။ အဲဒါ ကျွန်တော့် အချစ်တွေ အားလုံးနဲ့ ပုံအောပြီး ခင်ဗျားကို တိုက်လိုက်တဲ့ ကျိန်စာပဲ။

တစ်နေ့နေ့တော့ ခင်ဗျားနဲ့ ကျွန်တော် တစ်နေရာ ရာမှာပြန်ဆုံတွေ့ကြမယ် ...။

အဲဒီနေ့က သူ သူမ အပေါ် ထားရှိခဲ့သမျှ အချစ် တွေအားလုံးသည် နာကြည်းမှု၊ အာဃာတ တရားများ အဖြစ်သို့ ပြောင်းလဲ သွားခဲ့တော့သည်။

---

**စေတနာ စာပေ**

www.burmeseclassic.com


သူ ... အဲ့ဒီအချိန်ကစပြီး သူမဆီမှ လွင့်စင် ပျောက်ကွယ်သွားခဲ့တော့တာ ဖြစ်သည်။ သူမကို ဘယ်တော့မှ ပြန်မတွေ့အောင် သူ နေခဲ့သည်။ သူမ သတင်းတွေ မကြားရအောင် သူ နားတွေ ပိတ်ထားခဲ့သည်။ သူမရှိရာသို့ ခြေဦးပင် မလှည့်ခဲ့တော့...။

သူ သူမ နှင့် အဝေးကြီး ဝေးသွားခဲ့လေသည်။

www.burmeseclassic.com

# အခန်း (၃)

သူမရဲ့ သတင်းတွေကို သူ ဘယ်လောက်ပဲ ဥပေက္ခာပြုခဲ့သည် ဆိုပေမယ့် သူမ၏ အလွန်တရာ ကြီးကျယ်ခမ်းနားလှသော မင်္ဂလာသတင်းကတော့ တစ်ကျောင်းလုံးတွင် ကျော်ကြား ပျံ့နှံ့လှသဖြင့် သူ သိခွင့်ရခဲ့သည် ...။ အဲဒီအချိန်မှာ သူမနှင့် ပတ်သက်ပြီး ခံစားတတ်တော့လောက်အောင် သူက ထုံကျဉ်နေခဲ့ပြီ။ သူမကို ဆုံးရှုံးလိုက်ရပြီ ဆိုသောအသိနှင့် နင့်သီးနေအောင် ခံစားချင်ပါလျက်နှင့် သူခံစားလို့မရ။

www.burmeseclassic.com


သူမ လက်ထပ်လိုက်သော ပုဂ္ဂိုလ်မှာ ... အဲဒီအချိန်ကအလွန်ချမ်းသာ ကြွယ်ဝသဖြင့် နာမည်ကြီးသော သူဌေးမျိုးရိုးမှ ဖြစ်သည်။ အင်္ဂလန်မှM.R.C.P ဘွဲ့ယူပြီးပြန်လာကာစ အထူးကုသမားတော် ဆရာဝန်ကြီး တစ်ယောက်ဟု သူ ကြားသိရလေသည်။

အင်မတန် အဆင့်အတန်း၊ ဂုဏ်ဒြပ်ကို တန်ဖိုးထားဂုဏ်ယူတတ်လွန်းသောသူမအတွက်တော့အလွန်ထိုက်တန်သောယောကျ်ားတစ်ယောက်ကို လက်ထပ်ခဲ့ခြင်းသာ ဖြစ်သည်။ အဲ့ဒီလိုပဲ ဖြစ်ရမည်။ သူနှင့်ကတော့ ဘယ်လိုမှ မထိုက်တန်၊ မအပ်စပ်ချေ ...။

သူ့ကို သူမက ယောင်၍မျှပင် ဖိတ်ကြားခြင်းမရှိခဲ့သော်လည်း သူက ဘဝမှာ တစ်ကြိမ်တော့ အရူးအမူး သည်းသည်းထန်ထန် ချစ်ခဲ့ဖူးသော မိန်းမတစ်ယောက်၏ လက်ထပ်ပွဲကိုဖိတ်ကြားမခံရပေမယ့်နောက်ဆုံးနှုတ်ဆက်သွားခြင်းဖြင့်သွား၍ လက်ဖွဲ့ပို့ပေးခဲ့ပါသည်။

www.burmeseclassic.com


ဖြူလွသော သတို့သမီးဝတ်စုံဖြင့် ... တစ်သက်လုံး တင်းထန်ခက်မာနေခဲ့သောမျက်နှာပေါ်တွင်ဂုဏ်ယူဝင့်ကြွားသော ပီတိနှင့် ကျေနပ်ပြုံးကို သူမမေ့ခဲ့။ သူမ မျက်နှာသည် မော့၍ ချီနေခဲ့သည်။ မင်္ဂလာပွဲတစ်ခုလုံး ဂုဏ်သံ ... စိန်ရွှေပတ္တမြားသံ တို့ဖြင့် တလက်လက် ပြည့်နေခဲ့ကာ ... အစည်ကားဆုံး မင်္ဂလာပွဲ တစ်ခု ဖြစ်ခဲ့သည်။

သူ့ကို ဘယ်သူကမှ သတိမထားမိ။ အဖက်ပင် မလုပ်ကြချေ။ သူတို့သမီးက သူ့ကို ယောင်၍ပင် မမြင်ခဲ့။

သူ့တွင် ကွဲစရာအသည်း မကျန်တော့။ သူမကို စတင်ချစ်ခဲ့စဉ်ကတည်းက သူ့အသည်းက အပိုင်းပိုင်းပြတ်၊ အမွမွ ကြေမွခဲ့ပြီဖြစ်သည်။ ဘယ်တုန်းကမှ မပြုံးခဲ့ဘူးသော သူမ၏ အပြုံးကို သူ့ဘဝတွင် ဒီတစ်ကြိမ်သာ မြင်တွေ့ခဲ့ဖူးပြီ ဘယ်တော့ မှလည်း မမေ့တော့ချေ ...။

အမှန်က သူ မှားတာပဲ ဖြစ်ပါသည်။ မိုးပေါ်က လမင်းရဲ့ပြုစာခြင်းကို ခံခဲ့ရသူ အရူးတစ်ယောက်သာ ဖြစ်ပါသည်။ သို့သော် ....

www.burmeseclassic.com


"နင်နဲ့ငါ ဘယ်တော့မှ မဖြစ်နိုင်ပါဘူး ..."

ဆိုသော အငြင်းစကားမျိုးဆိုလျှင် သူ့ရင်ထဲတွင် ဤမျှထုတ်ခြင်းဖောက်အောင် သပ်ရိုက်ထားမိမှာ မဟုတ်ပါ။

"နင်နဲ့ငါနဲ့ မတူဘူး ... မတန်ဘူး ..."

ဆိုတဲ့ အထိလည်း သူ ခံစားနိုင်ပါသေးသည် ...။ သို့သော်... သူ့ဘဝတစ်လျှောက်လုံး နာကြည်းနေစေတော့မည့် သေရာပါ စကားတစ်ခွန်းမှာ ....

"ငါသေချင်သေသွားပါစေ၊ ကလေကချေ၊ အဆင့်အတန်း မရှိတဲ့လူရဲ့သွေးတော့ငါ့သွေးကြောထဲအစီးဆင်းမခံနိုင်ဘူး..."

ဆိုသော စကားဖြစ်သည်။ လူတစ်ယောက်ရဲ့ ဆင်းရဲ၊ ချမ်းသာမှု ဂုဏ်ဒြပ်ကို အဆင့်အတန်း ခွဲခြားတာကိုတော့ သူ ဘာမှ မပြောလိုပါ ...။ ဒါကတော့ သူမတို့လို မျိုးရိုးစဉ်ဆက် ခေတ်အဆက်ဆက် ချမ်းသာကြွယ်ဝခဲ့သော အထက်တန်းလွှာ အသိုင်းအဝိုင်းတို့၏ ဓလေ့တစ်ခုလို ဖြစ်နေပြီ ...။

အခုတော့ သူ့ခန္ဓာကိုယ်ထဲမှ သွေးကိုပင် သူမက

www.burmeseclassic.com


နှိမ်ချစော်ကားခဲ့သည်။ ထိုသွေးသည် ... သူမအပေါ် မေတ္တာ စေတနာအပြည့်အဝပါဝင်သောသွေးဆိုတာတောင်သူမအသိအမှတ် မပြုခဲ့။ တန်ဖိုးမထားခဲ့။ သူမအတွက်တော့ သူ့သွေးသည် အောက်တန်းစား ကလေကချေ တစ်ကောင်၏ အဆင့်အတန်း မရှိသော သွေး ဖြစ်သည်။ အဲ့ဒါကို သူ ဘယ်တော့မှ မမေ့အောင် တေးမှတ်ထားတော့မှာ ဖြစ်လေသည်။

လောကတွင် လူတို့ ကြိုတင်မမြင်နိုင်သော ကံကြမ္မာ အလှည့်အပြောင်းများစွာ ရှိနေသည်။ တစ်နေ့မဟုတ် တစ်နေ့နေ့ တော့ သူ နှင့် သူမ ပြန်ဆုံကို ဆုံစေရမည်။ သူ့သွေးသည် သူမ ဘဝ၏ အရေးပါ အရာရောက်ဆုံး အခန်းကဏ္ဍတွင် ပါဝင်လာ စေရမည်ဟု သူ ထိုမင်္ဂလာပွဲနေ့မှာပင် ဆုံးဖြတ်ချက် အခိုင်အမာ ချမိခဲ့လေသည်။

မင်္ဂလာပွဲ ပြီးဆုံးသွားချိန်တွင် သူမနှင့် သတို့သားက ဟိုတယ်အဝတွင်ဧည့်သည်များကိုလက်ဆွဲနှုတ်ဆက်လျက်ရှိသည်။ ဗွီဒီယိုကဲန်မရာမဲန်းက သူမတို့ပွဲကို မှတ်တမ်းတင် ရိုက်ကူးလျက် ရှိ၏။

www.burmeseclassic.com


သူသည် ရင်ထဲတွင် အေးစက် ခဲကျဉ်စွာဖြင့် သူမ ရှိရာဆီတရွေ့ရွေ့ ချဉ်းကပ်လာမိခဲ့သည်။ မင်္ဂလာပွဲနှင့် ဘယ်လို မှဆက်စပ်လျှောက်ပတ်ခြင်းမရှိသော အရောင်ပြယ်လွင့်နေသည့် ဂျာကင်မိုးပြာနှင့် ဂျင်းဘောင်းဘီကြောင့် သူ့ ပုံစံမှာ လေလွင့်နေ သော အရူးတစ်ယောက်နှင့် တူနေမှာ အသေအချာပဲဖြစ်၏ ...။

သူမနှင့် တဖြည်းဖြည်း နီးကပ် လာခဲ့ပြီ။ သူမက ဒီနေ့တစ်နေ့အဖို့တော့ အပြုံးတွေ ရက်ရက်ရောရော လှူဒါန်းနေ သလို အပြုံးတွေဝေနေသည်။ ဒီလိုနှင့် သူ့အလှည့်သို့ ရောက်လာ ခဲ့ပြီ။

သူမ၏ လက်ကလေးကို သူ ဆွဲကိုင်နှုတ်ဆက်လိုက် စဉ် သူမ၏ မျက်လုံးများက သူ့မျက်နှာဆီသို့ ဖျတ်ခနဲ ရောက် လာခဲ့ပြီး သူ့ကို မြင်တာနှင့် တစ္ဆေသူရဲ တစ်ကောင် ကို တွေ့လိုက် ရသလို မျက်နှာတစ်ခုလုံး အစိတ်စိတ်အမြွှာမြွှာ ပျက်ယွင်းသွား လေသည်။ သူ့ လက်ထဲမှ သူမ၏ လက်ကို ဆတ်ခနဲ ဆွဲရုတ်သိမ်း သွား၏။

www.burmeseclassic.com


သူ ... သူမကို ပြုံးပြလိုက်ပါသည်။

"ကျွန်တော် ကတိပေးခဲ့မယ်၊ တစ်နေ့နေ့ကျရင် ကျွန်တော်ရဲ့သွေးဟာ ခင်ဗျားဘဝရဲ့ အရေးကြီးဆုံး အစိတ်အပိုင်းမှာပါဝင်စေရမယ် ..."

သူက ပြုံးလျက်သားဖြင့်ပင် သူမ တစ်ယောက်တည်းကြားသာရုံ လေသံဖြင့် ပြောလိုက်၏။ သူမ မျက်နှာပေါ်မှာ သီးပွင့်ကားစွင့်နေသော အပြုံးသည် ရုတ်ခြည်းပင် ပျောက်ကွယ်သေဆုံးသွားကာ သူမ မျက်လုံးများသည် အေးစက်ခက်ထန်သွားတာကို သူ မြင်ရ၏။ သူမက အံတစ်ချက် ကြိတ်လိုက်လေသည်။ သူမ ဘယ်လောက် မခံချိ မခံသာ ဖြစ်သွားသလဲ ဆိုတာကို သူကောင်းစွာ ခန့်မှန်း လို့ရခဲ့သည်။

အနည်းဆုံးတော့ သူမဟာ ... ဒီ မင်္ဂလာပွဲ အမှတ်တရဗီဒီယို တိပ်(ပ်)ကို ပြန်ကြည့်တိုင်း သူ့ကို မေ့လိမ့်မည်မဟုတ်။ ဒီအခန်း ဒီနေရာကို ရောက်တိုင်း သူမကို သူ ဘာစကားပြောသွားခဲ့သလဲဆိုတာကို သူမ မေ့မည်မဟုတ်။

www.burmeseclassic.com


အဲဒါ အကောင်းဆုံး ဖြစ်ပါလိမ့်မည်။ သူ သည် သူမဘဝထဲက အပြီးပျောက်ပျက် လွင့်စင်သွားရမည့်သူ မဟုတ်။ မုန်းတီးစက်ဆုပ်ခြင်းဖြင့်ပင်ဖြစ်စေ ... သူ့ကို သူမ တစ်ခါတစ်ရံ အမှတ်ထင်ထင် ရှိနေလျှင် တော်ပြီ။ သူကျေနပ်သည်။

သူကတော့ သူကြွေးကြော်ခဲ့သည့် တစ်ချိန်ချိန်ဆို တာကို ပြင်ဆင်ရဦးမည်။

www.burmeseclassic.com

# အခန်း (၄)

သူ ကျောင်းပြီးသွားချိန်တွင် ... မိန်းမတစ်ယောက်နှင့် လက်ထပ်လိုက်ပါသည်။ သူ့တွင် မိဘများလည်းမရှိတော့ပြီမို့ လောကအလယ်တွင် သူတစ်ယောက်တည်း ဖြစ်လို့နေခဲ့သည်။ ဘဝခရီးတွင် ဆက်လျှောက်ဖို့ အဖော်တစ်ယောက်တော့ ရှိသင့်သည်... ကိုယ့်ရဲ့မိသားစုဘဝကလေးတစ်ခုတော့ တည်ဆောက်သင့်သည် ဟူသော စိတ်ကူးဖြင့် သူ ထိုမိန်းမကို လက်ထပ်ခဲ့ခြင်း ဖြစ်သည်။ သူမ၏ အမည်မှာ 'နှင်းဆွတ်မေ' ဖြစ်သည်။ သူမတွင်လည်း

www.burmeseclassic.com


မိဘဆွေမျိုးဟူ၍ မရှိဘဲ လောကအလယ် တွင် တစ်ယောက်တည်း ရပ်တည်ရှင်သန်ခဲ့ရသူမို့ ... သူတို့နှစ်ယောက်ပေါင်းစပ်ခဲ့ခြင်းလည်း ဖြစ်ပါသည်။

နှင်းနှင့် လက်ထပ်ပြီး အင်မတန် ရိုးရှင်းအေးချမ်းသောဘဝတစ်ခုကို ဖြတ်သန်းရလိမ့်မည် ဟု သူမျှော်လင့်ခဲ့သည်။ သူတို့မှာ ကိုယ်ပိုင်အိမ်မရှိပါ။ သို့သော အိမ်ငှား၍ နေခဲ့သည်။ လေးဘီးကား တစ်စင်းကို စပေါ်တင်၍ သူ တက္ကစီဆွဲခဲ့သည်။ နှင်းက ကလေးတွေကို ကျူရှင်ပြသော အလုပ်လုပ်ကာ ... သူတို့ဇနီးမောင်နှံနှစ်ယောက် သိပ်မကြောင့်ကြရဘဲ ဘဝတစ်ခုတွင် ရပ်တည်နိုင်ခဲ့သည်။

သူသည် နှင်းကိုတော့ ချစ်လှချည်ရဲ့ .ကြီးမဟုတ်ပေမယ့် သံယောဇဉ်တော့ ရှိခဲ့ပါသည်။ လူတစ်ယောက်သည် ဘဝတွင် တစ်ကြိမ်သာ အရူးအမူး ချစ်ခဲ့ဘူးသည်ဆိုလျှင် ... သူ့ဘဝတွင် သူချစ်မိသော မိန်းမမှာ 'မက်မုံပွင့်' သာ ဖြစ်သည်။

ယခုအချိန်ထိတိုင် သူမအကြောင်း တွေးလိုက်မိတိုင်း ရင်ထဲတွင် ဆွတ်ကျင်လွမ်းဆွတ်ကာ နာနာကျင်ကျင်ကြီးခံစား

www.burmeseclassic.com


ရဆဲဖြစ်သည်။ အိပ်မက်တွေထဲတွင် သူမကို မြင်မက်ဆဲ။ အိပ်ရာမှနိုးလျှင်သူမကိုသတိရတတ်ဆဲ ...။ တစ်ခါတစ်ရံ သူမအကြောင်းတွေးမိတတ်ဆဲ...။တွေးမိတိုင်းရင်ထဲတွင်ပူလောင်ရှိန်းမြတတ်ဆဲ။

သူမကို နာကြည်းတာက တစ်ကန့်၊ ချစ်တာက တစ်ကန့်၊ မုန်းတာက တစ်ကန့်၊ မေ့လို့မရတာက တစ်ကန့် စသဖြင့် သူ့နှစ်လုံးသားထဲမှာ ရှိသမျှ အခန်းလေးခန်းစလုံးတွင် ထိုခံစားချက်တို့သည် တစ်ခန်းစီ၊ တစ်ကန့်စီ အပြည့်အဝ နေရာယူထားခဲ့သည်။

နှင်းအတွက်တော့ သူသည် ယောကျ်ားကောင်းတစ်ယောက်ဖြစ်ဖို့ သူ ကြိုးစားခဲ့ပါသည်။ သူတို့ အိမ်ထောင်သက်တမ်းတွင် ဘာပြဿနာမှ မရှိခဲ့ ...။ နှင်းသည် သူ့ ဘဝမှာ မည်မျှရှုံးနိမ့် ကျဆုံးခဲ့ကြောင်းကို မသိခဲ့ချေ။ နှင်းကို ဖွင့်ပြောစရာမလိုဟု သူ ယူဆခဲ့သည်။

နှင်းသည် သူ့အပေါ် လေးစားချစ်ခင်ခဲ့သည်။ အားကိုးခင်တွယ်ခဲ့သည်။ အဖော်မွန်ကောင်း တစ်ယောက် ဖြစ်ခဲ့သည်။

www.burmeseclassic.com


သို့သော် ... ကံကြမ္မာက သူ့ကို သိပ်အကြာကြီး ပျော်ရွှင်ချမ်းမြေ့ခွင့်မပေးခဲ့ပါ။ နှင်းသည် သူ့အတွက် အလွန်ချစ်စရာကောင်းသော သားကလေးတစ်ယောက်ကို မွေးဖွားချန်ထားရစ်ခဲ့ပြီး ... တိတ်ဆိတ်စွာပင် သူ့ဘဝထဲမှ နှုတ်ဆက်ထွက်ခွာသွားခဲ့တော့သည်။

သူတစ်ယောက်တည်း ကျန်ရစ်ခဲ့သည့် အချိန်များသည်... ပြန်၍မတွေးချင်လောက်အောင်ပင် ...အထီးကျန်ခြောက်သွေ့ခြင်းတို့ဖြင့် ခါးသီးဖွယ်ကောင်းခဲ့သည်။

သားကလေးကို သူ ဘယ်လိုဆက်ပြီး မွေးမြူထိန်းသိမ်းရမည် မသိ။ အနည်းဆုံး သား နို့ဆာရင်တောင် သားကို နို့တိုက်မည့်မိခင် မရှိတော့။ တစ်နေ့တစ်နေ့ သားနှင့်သာ အလုပ်တွေရှုတ်နေခဲ့လျက် သူ့ဘဝသည် သားထံတွင် စုံးစုံးမြုပ် နစ်ဝင်ခဲ့တော့သည်။

သူနှင့်သားသည် တစ်ကမ္ဘာတည်း၊ တစ်သားတည်းကျခဲ့သည်။ သားသည် သူ့အတွက် ကမ္ဘာလောက အသစ်တစ်ခု ဖြစ်ခဲ့သည်။ သူ့အတွက် သားလောက်အရေးကြီးတာ၊ အဓိကကျ

www.burmeseclassic.com


တာဘာမှမရှိ။ သားကို သူပဲအဖေ သူပဲအမေလုပ်ကာ မွေးမြူ ထိန်းကျောင်းခဲ့ရသဖြင့် သားကို သူ အလွန်ချစ်ပါသည်။ သား ကလည်း သူ့ကို မျက်စိအောက်က အပျောက်မခံနိုင်လောက် အောင် ချစ်ခင်တွယ်တာခဲ့ပါသည်။

သားကြောင့် သူ့ဘဝတွင် အမိပ္ပါယ်များစွာ ရှိခဲ့ သည်။ အနာဂတ်များစွာ ရှိလာသည်။ သားကို သူ အဖြစ်စေချင် ဆုံး အမွတ်သိပ်ဆုံး ဆန္ဒတစ်ခုမှာ ... သားဘဝတစ်လျှောက်လုံး ဆင်းဆင်းရဲရဲ မနေရဘဲ ... ချမ်းချမ်းသာသာ ပြည့်ပြည့်စုံစုံဖြင့် လိုတရစွာရအထက်တန်းလွှာအသိုင်းအဝိုင်းမှာဝင်ဆန့်စေချင်သော ဆန္ဒဖြစ်သည်။

သားဘဝတွင် သူ့လို ဒဏ်ရာအနတရမျိုး ဘယ် တော့မှ မရ ဘူးစေရ ...။ သား လိုချင်တာ မှန်သမျှ ရစေချင် သည်။

သားသည် ... ဒုတိယ 'နေညို' မဖြစ်စေချင်သလို သားဘဝတွင်လည်း ဒုတိယ မက်မုံပွင့်နှင့် မဆုံစည်းစေချင်။ သူ့ မှာအဲဒီစိတ္တဇက အမြဲကိန်းဝပ်နေခဲ့၏။

www.burmeseclassic.com


သားအတွက် သူ ... ကြီးကျယ်ခန်းနားသော မျှော်လင့်ချက်တွေ အများကြီးပဲ ထားခဲ့ဖူးပါသည်။ သားအတွက်သာ သူ အရာရာ ရှေ့တန်းတင်ပြီး စဉ်းစားခဲ့သည်။

သူ့ဘဝတွင် သူ မဖြစ်ခဲ့ဘူးသောဘဝ သူ မခံစားခဲ့ဘူးသော စံစားမှုများကို သားကိုကျတော့ ခံစားစံစားစေချင်ခဲ့သည်မှာ သာမန် ဖခင် တစ်ယောက်ထက် ပိုလွန်ခဲ့သည်။

ထိုစိတ်ကူး မျှော်လင့်ချက်များနှင့် စေတနာများက ပင်သားဘဝတွင် ကြီးမားသော အပြောင်းအလဲတစ်ခု ဖြစ်လာဖို့ အကြောင်း တိုက်ဆိုင်လာခဲ့တော့သည်။

www.burmeseclassic.com


ထိုနေ့သည် သား သုံးနှစ်ပြည့်ဖို့ တစ်ပတ်အလို ဖြစ်သည်။ သားကို သူက 'ဩချို' ဟု အမည်ပေးထားခဲ့သည်။

ထိုနေ့သည် သားနှင့်သူ့ကို ခွဲခွာစေမည့် နေ့ဟု သူ ကြိုတင်မသိခဲ့ ...။ ထုံးစံအတိုင်း သားကို လေးဘီးကားရှေ့ခန်း တွင် ထိုင်စေကာ သူ တက္ကစီ ထွက်ဆွဲခဲ့သော နေ့တစ်နေ့ဖြစ် သည်။

သားကို အိမ်နီးချင်းတွေဆီမှာ အပ်ထားခဲ့ဖို့ သူ ဘယ်တုန်းကမှ စိတ်မချခဲ့။ သူ သွားလေရာသို့ သားက အမြဲ တပူးတတွဲတွဲ ခေါ်လေ့ရှိသဖြင့် သားက အကြမ်းပတမ်း ခံနိုင်ရည် ရှိသော ကလေးတစ်ယောက် ဖြစ်ခဲ့သည် ...။

www.burmeseclassic.com


သူကလည်း သားကို ငဲ့ညှာကာ မနက်ပိုင်း တစ်ပိုင်းနှင့်ညနေပိုင်းတစ်ပိုင်းသာ တက္ကစီဆွဲပြီး ... အုံနာခ ပေးနိုင်ပြီး သူတို့ သားအဖအတွက် စားလောက်ရုံ လောက်သာ ဆွဲခြင်းဖြစ်သည်။

အဲဒီညနေက သူ ကားသိမ်းဖို့ ပြန်လာချိန်ဖြစ်သည်။ အနည်းငယ်ပင် မှောင်ရီဖျိုးဖျ ဖြစ်နေပြီ။ ဆောင်းတွင်းရောက်လာပြီမို့ နေဝင်စောကာ ညနေ ခြောက်နာရီဆို မှောင်နေပြီ။

ထိုအချိန်တွင် လူပြတ်သော သူဌေးရပ်ကွက်တစ်ခုမှသူဖြတ်ပြန်လာခဲ့ခြင်း ဖြစ်သည်။ လမ်းဘေးတွင် ... ကားတစ်စီး ထိုးရပ်ထားသည်ကို တွေ့ရလျက် လူတစ်ယောက်က သူရဲ့ကားကို လှမ်းတားနေသည်။

"ကျွန်တော် ဘာကူညီရမလဲ ခင်ဗျာ"

သူ ကားရပ်ပေးလိုက်ကာ မေးလိုက်ရ၏။ သားက ကားမောင်းသူ ဘေးခုံတွင် အိပ်ပျော်လျက်ရှိသည်။

"အေးကွယ် ... ဦးရဲ့ကား ဘာဖြစ်သွားမှန်း မသိဘူး ... မောင်းလာရင်းထိုးရပ်သွားတယ် ... ဦးလည်းကားမပြင်

www.burmeseclassic.com



တတ်ဘူး... အဲဒါ ဒုက္ခရောက်နေတာ ကူညီပေးပါလား ကွယ်..."

အသက်လေးဆယ်ကျော်ခန့်ရှည်ရှည်မွှန်မွှန်လူက အကူအညီတောင်းဟန်ဖြင့် ပြောလေသည်။

" ကျွန်တော်ကြည့်ပေးပါ့မယ်"

သူကားပေါ်မှ ဆင်းလိုက်ကာ ထိုသူ့ကားရှိရာဆီသို့လျှောက်လာခဲ့သည်။ ကားကတော့ အကောင်းစားကြီးပင်ဖြစ်သည်။ ကားဘောနက်ကိုဖွင့်ကာ သူ စစ်ဆေးအပြစ်ရှာနေစဉ် ဆေးကြောင်နေဟန်ရှိသော လမ်းသူရဲ လူငယ်တစ်စု ရောက်လာခဲ့ခြင်း ဖြစ်သည်။

"ဒီမှာ အန်ကယ်လ် ... ကျွန်တော်တို့ကို ဆေးဖိုးလေး ဘာလေးအလှူထည့်သွားစမ်းပါဦး"

သူတို့က ထိုသူကြီးထံသို့ ချဉ်းကပ်၍ ဝိုင်းထားကာ ပြောနေသံကို ကြားရလျှင် ပြဿနာတော့ တက်ပြီဟု သူ စိတ်ထဲထင့်ကနဲ ဖြစ်သွားလေသည်။

"မင်းတို့ဆေးသမားတွေမှလား ကိုယ့်လမ်းကိုယ် သွားစမ်း

ကွာ ... ဒီမှာကားပျက်လို့ စိတ်ရှုတ်ရတဲ့အထဲ ... မကူညီဘဲမနှောင့်ယှက် စမ်းပါနဲ့ ..."

လူကြီးက ခပ်ဆတ်ဆတ်ပင်ပြန်ပြောလေသည်။ ဆေးသမား လမ်းသရဲအုပ်စုမှာ ခြောက်ယောက်လောက်ရှိ၏။

"ဟေ့လူကြီး ... ဒီမှာ ဘာလဲ တွေ့လား ... ဗိုက်ထဲသွင်းပြီးမွှေ ပစ်လိုက်မယ် ... မလုပ်ရဲဘူး မထင်နဲ့ ... ပေးမလားမပေးဘူးလား ... ဒီမှာ ဆေးပြတ်နေလို့ ပိုက်ဆံအရမ်းလိုနေတာနော်"

"ဟေ့ကောင် အရှည်ကြီး သိပ်ပြောမနေနဲ့ ကြာတယ် ... ရိုက်လုကွာ ... ဘာရရ"

ထိုခဏမှာပဲ ရုတ်ရုတ်သဲသဲ ဖြစ်သွားလေသည်။ လူကြီးတစ်ယောက်ကို လမ်းသရဲတစ်စုက ဝိုင်း၍ ရန်ရှာနေခြင်းဖြစ်ရာ သူ ဝင်မပါလို့ မဖြစ်တော့ ...။

ဆိုးရွားသည်မှာ သူတို့လက်ထဲမှာက လက်နက်တွေပါနေခြင်း ဖြစ်သောကြောင့် အလွန်အန္တရာယ်များလှသော်လည်းသူ မတက်နိုင်တော့။ သူတို့ လူအုပ်နှင့် လုံးလားထွေးလား ဝရုန်း

www.burmeseclassic.com


သုန်းကားတွေဖြစ်ကုန်ကာ ... သူ့လက်ထဲသို့ ဓားမြှောင်တစ်လက် ရလာသည်။ သူ့ထံသို့ ဓားမြှောင်ကိုင်ထားသော လူငယ်က တစ်ရှိန်ထိုး ဗွတ်ဝင်လာခဲ့ရာ ... သူ့ လက်ထဲမှ ဓားမြှောင်ဦးချွန်သည် မျှော်လင့်မထားဘဲ ထိုလူငယ်၏ ရင်ဘက်တည့်တည့်ဆီသို့ ထိုးသွင်းမိရက်သား ဖြစ်သွားခဲ့လေသည်။

"ဟာ ... ဓားထိုးမိပြီ ... ဟိုကောင် ထိုးတာ ... ဟိုကောင် ထိုးလိုက်တာ"

ဟု အလန့်တကြားဖြင့် ယောက်ယမ်းကာ စိုက်ဝင်သွားသောဓားကို စွပ်ခနဲ ပြန်ဆွဲနုတ်လိုက်မိသွား၏။ သူ မှားသွားပြီ ဆိုတာကို သိလိုက်ချိန်တွင် ပြင်ဆင်ခွင့် မရှိတော့။ သူအကြီးအကျယ် မှားသွားလေပြီ ...။

စက္ကန့်ပိုင်းလေး အတွင်းမှာပင် သူ့ဘဝသည် အရာရာပြောင်းလဲသွားခဲ့ပြီဆိုတာကို သူ ချက်ချင်းသဘောပေါက် သိမြင်သွားခဲ့၏။ သူ့လက်ထဲမှ ဓားကို တုန်လှုပ်စွာဖြင့် သူ ကြည့်နေဆဲ သူ့ နှလုံးသားသည် ပေါက်ကွဲပွင့်ထွက်မတက် တဝုန်းဝုန်း ခုန်လှုပ်လာသည်။

www.burmeseclassic.com


"သေပြီ ... ကျွန်တော်တို့ သူငယ်ချင်းသေပြီ ... ဒီကောင် သတ်တာ ... ဒီကောင် သတ်တာ"

လမ်းသူရဲကောင်တွေ သွေးရူးသွေးတန်း အော်ကြသည်ကို သူ ငေးကြောင် ကြည့်နေမိလေသည်။

"ဘယ်လိုလုပ်ကြမလဲ၊ မင်းလက်လွန်သွားပြီထင်တယ်။ ဦးကြောင့် မင်း ဒုက္ခရောက်တော့မယ်"

သူ အကူအညီပေးမိသော လူကြီးက သူ့ကို ပြောသည်။သူ့အာရုံတွေ ဆူပွက်လာပြီး ချက်ခြင်းသတိရမိသည်မှာ သူ့သားလေးဖြစ်သည်။

"ကျွန်တော့် သားကလေး၊ ကျွန်တော့် သားကလေး ... ကျွန်တော့် သားကလေး ရှိတယ် ... ဒီလောကအလယ်မှာ သားလေးရယ် ကျွန်တော်ရယ် နှစ်ယောက်တည်း ရှိတာဗျ။ ကျွန်တော် ဒုက္ခဖြစ်ရင် သားလေး ဘယ်လိုလုပ်မလဲ"

သူတုန်လှုပ်သွေးပျက်စွာအော်ရင်း ... သားအိပ်နေသော လေးဘီးကား ရှေ့ခန်းဆီသို့ အရူးအမူး ပြေးသွားမိ၏။

www.burmeseclassic.com


"အဲဒါတွေ မင်းဘာမှ မတွေးနဲ့ ... ဘာမှ မပူနဲ့ ... အားလုံးကို ဦး တာဝန်ယူမယ် ... မင်းနဲ့ ပတ်သက်သမျှ ဦး တာဝန်ပဲ ... ဦးကြောင့် မင်းဒုက္ခရောက်ရတာ... ဦးကို ကယ်တင်ရင်း မင်းဘဝကြီး ကျွမ်းထိုးမှောက်ခုံတွေ ဖြစ်ကုန်တာ... ဦးမှာ တာဝန် အပြည့်အဝ ရှိတယ် ... မင်းကိုရော မင်းရဲ့ သားကလေးကိုရော ဦး ပစ်မထားပါဘူး ... စိတ်ချပါ ...

"ဒီ အဖြစ်အပျက်ကြီးက ဦး တို့ မမျှော်လင့်ဘဲ ဖြစ်ခဲ့ပြီ ... ဦးတို့ ရင်ဆိုင်ဖို့ပဲ ရှိတော့တယ် ... မင်းအတွက် အစစအရာရာ အကောင်းဆုံးဖြစ်အောင် ဦး စီစဉ်ပေးမယ်၊ မင်းရဲ့ကျေးဇူး ဦး အပေါ်မှာ ရှိပါတယ် ... ဒီကျေးဇူးကို ဦး တစ်သက် မမေ့ပါဘူး ... ဦးက ကျေးဇူးရှင်ကို ဘယ်တော့မှ ပစ်မထားပါဘူးဆိုတာ ဦး ကတိပေးပါတယ်"

"ကျွန်တော့ သားလေးကို စောင့်ရှောက်ပေးပါ ဦးရယ်... ကျွန်တော့သားဟာ ကျွန်တော့ဘဝပဲ၊ ကျွန်တော့် အနာဂတ် မျှော်လင့်ချက်ပဲ ... သားကို ကျွန်တော် အဆင့်အတန်းမြင့်

www.burmeseclassic.com


မြင့် ဘဝတစ်ခုမှာ ကျွန်တော် မြင်ချင်တယ် ... ပညာတွေ တတ်စေချင်တယ်...

"ကျွန်တော် ထောင်ကျသွားရင် ကျွန်တော့် ကိုယ်စား ဦးက သားကို မြေတောင်မြှောက်ပေးပါ ... တာဝန်ယူပြီး ပြုစုပျိုးထောင်ပေးပါ ... အဲဒါတစ်ခုပဲ ကျွန်တော် တောင်း ဆိုချင်ပါတယ်..."

"စိတ်ချပါ သူငယ် ... ဦးကို မင်း ယုံပါ ... အကြွင်းမဲ့ ယုံပါ ... ဦး ကတိပေးပါတယ်၊ မင်းရဲ့သားကလေးကို ဦး မွေးစားပါ့မယ် ... သားအရင်း တစ်ယောက်လို အမွေစား အမွေခံနဲ့ မွေးစားမယ် ... အခုချက်ချင်းဘဲ ဦး ဆုံးဖြတ် ချက်ချလိုက်တာ ဆိုပေမယ့် ဒီဆုံးဖြတ်ချက်ဟာ လုံးဝ သေချာခိုင်မာတယ် ... ဘယ်တော့မှ မပြင်တော့မယ့် ဆုံးဖြတ်ချက်ပဲဆိုတာ ကတိပေးတယ် ..."

သူ သားရဲ့ အိပ်ပျော်နေသော မျက်နှာကလေးကို မြတ်မြတ်နိုးနိုး၊ စွဲစွဲမက်မက် ငုံ့ကြည့်ကာ ချီလိုက်မိသည်။ သား က နိုးမလာချေ။

www.burmeseclassic.com


လူတွေ စုရုံးရောက်ရှိလာသလို ရဲတွေလည်း ရောက်ရှိလာခဲ့ပြီး ... အခြေအနေသည် ချက်ခြင်းပြောင်းလဲသွားလေသည်။ သူသည် ချက်ခြင်းပင် လူသတ်တရားခံ ဘ၀သို့ ရောက်ရှိသွားခဲ့ပြီဖြစ်သည်။

သူကို လက်ထိပ်ခတ်လိုက်ချိန်တွင် သားကို သူလွှဲပြောင်းပေးလိုက်ရသည်။

"ကျွန်တော် သားကို စိတ်ချပါရစေဦး ... ဦး ဘယ်သူ ဘယ်ဝါမှန်းကျွန်တော် မသိပါဘူး၊ ဒါပေမယ့် ကျွန်တော့်မှာ ရွေးချယ်စရာလမ်း မရှိတော့ဘူး၊ ခုအချိန်မှာ ဦး ဟာ ကျွန်တော့်အတွက် နောက်ဆုံး ကောက်ရိုးမျှင် တစ်မျှင်ပဲ"

"မင်းစိတ်ချစမ်းပါကွယ်၊ မင်းအတွက် ဦး အားလုံး လုပ်ပေးမှာပါ ... ဒီမှာ မင်းအတွက် ဦး ရဲ့ကတ်ပါ ... ဒါကို မင်းသိမ်းထားပါ၊ ဦးလည်း မင်းဘေးမှာ ရှိနေမှာပါ၊ အမြဲရှိနေမှာပါ... မင်းဆီ ဦး အမြဲလာတွေ့ပါ့မယ်၊ အားမငယ်ပါနဲ့... ဦးရှိပါတယ်"

သူ့အဖြစ်က ဘယ်လောက်တောင် အံ့သြဆန်းကြယ်

လိုက်ပါသလဲ ...။ တစ်ကြိမ်တစ်ခါမှ မတွေ့ကြုံ၊ မသိကျွမ်းခဲ့ဖူးသော လူတစ်ယောက်အတွက် သူ့ဘဝတစ်ခုလုံးနှင့်လဲပြီး ကယ်တင်လိုက်ပြီးနောက် ... ထိုလူထံမှာပင် ... သူ့ဘဝတစ်ခုလုံးပုံအောပြီး ချစ်မြတ်နိုး တန်ဖိုးထားရသော သူ့သားကလေးကို ယုံကြည်သည်ဖြစ်စေ၊ မယုံကြည်သည်ဖြစ်စေ ထိုးအပ်ခဲ့ရလေပြီ။

ထိုအဖြစ်ကို သူ ဘယ်တုန်းကမှ ယောင်၍ပင် မတွေးခဲ့၊ အိပ်မက်ပင် မမက်ခဲ့ ...။ မိနစ်ပိုင်းကလေးအတွင်းတွင် သူ့ဘဝတစ်ခုလုံး ... ကျွမ်းထိုးမှောက်ခုံ ပြောင်းလဲသွားလိမ့်မည်ဆိုတာ ... သူ ဘယ်တုန်းကမှ ကြိုတင် စိတ်ကူး၍ပင် မကြည့်ခဲ့မိသော ... အဖြစ်အပျက် ဖြစ်သည်။

ထိုအဖြစ်အပျက်ကြီးသည် ... သူ့အတွက် အိပ်မက်ဆိုးကြီးတစ်ခု ဖြစ်သည်။ ကြောက်မက်ဖွယ်ရာ အိပ်မက်ဆိုးကြီးတစ်ခု ဖြစ်သည်။

"ကျွန်တော် စိတ်ချပါရစေ ဦး ..."


သူ ထိုစကားကို ထပ်တလဲလဲ ရေရွတ်နေမိခဲ့သည်။

www.burmeseclassic.com


ထိုအချိန်ကစပြီး သူ့ဘဝကြီး တစ်ခုလုံးသည် တစ်ဆစ်ချိုးကွေ့ ပြောင်းလဲခဲ့တော့သည်။


အနာဂတ်ဆိုတာကို သူ ကြိုမတွေးနိုင်တော့။ သူ့ဘဝရော သားရဲ့ဘဝပါ ဘာတွေဖြစ်လာမလဲဆိုတာ သူ ဘာမှ မှန်းဆ၍ မရနိုင်သေးချေ။

www.burmeseclassic.com




ဓေတာ့နာစာပေ

www.burmeseclassic.com



www.burmeseclassic.com

## အခန်း (၅)

ခုနှစ်နှစ်ဆိုသော အချိန်ကာလသည် သူ့ဘဝကြီး တစ်ခုလုံးကို ... အကြီးအကျယ် ပြောင်းလဲသွားစေခဲ့သည်။ လူသတ်မှုဖြင့် ထောင်ခုနှစ်နှစ် ကျသွားခဲ့ချိန်သည် ...သူ့ဘဝ၏ အမှောင်ဆုံးသော နေ့ရက်များ ဖြစ်ခဲ့သည်။ လောကကြီးတစ်ခုလုံး ဘာတွေဖြစ်ပျက်နေသလဲဆိုတာ သူ သိခွင့်မရခဲ့ချေ ...။

သူ့ကို ဦးသက်ထွန်းက မှန်မှန်လာတွေ့ခဲ့ရာ ဦးသက်ထွန်းထံမှ သားရဲ့သတင်းများကို သူ အမြဲ ကြားခွင့် ရခဲ့ရသည်။

www.burmeseclassic.com


ဦးသက်ထွန်းသည် သူ ထင်ထားသည်ထက် ပို၍ ကောင်းနိုင်သော မိတ်ဆွေကောင်း တစ်ယောက် ဖြစ်ခဲ့သည်။

"ဦးတို့မှာ သားသမီးမရှိတော့ မင်းရဲ့ သားလေး 'ဩချို' ကိုပဲ အမွေစား၊ အမွေခံသားအဖြစ် ဦးတို့ မွေးလိုက်ကြတယ်၊ ဦးရဲ့ ဇနီးကလည်း ကလေးကို သိပ်ချစ်တယ် ... သားအတွက် တော့ မင်း ဘာမှ စိတ်မပူနဲ့တော့၊ သားဟာ ဦး တို့ သား ဖြစ်နေပြီ...

" မင်း ဖြစ်စေချင်တဲ့အတိုင်း သားဟာ ပညာတွေတတ်စေရမယ် ... အဆင့်အတန်းမြင့်မြင့်နဲ့ အထက်တန်းလွှာ အသိုင်းအဝိုင်းမှာ ဝင်ဆန့်စေရမယ် ... သားလိုချင်တာ မှန်သမျှ အကုန်ရစေရမယ် ... သူဘယ်တော့မှ မသိမ်ငယ် စေရဘူး၊ လိုတရတဲ့ ကလေးတစ်ယောက် ဖြစ်စေရမယ် ...

"ဦးရော၊ ဦးရဲ့ဇနီးပါ သူ့ကို အရမ်းမျှော်လင့်ထားတယ်... သူ့ကို ဒီမှာ အင်တာနေရှင်နယ်(လ်) ကျောင်းထားမယ် ... အောင်တာနဲ့ အမေရိကဖြစ်ဖြစ်ပို့ပြီး ကျောင်းဆက်ထားမယ် ... ပညာတွေဆက်သင်ခိုင်းမယ် ... ဒီကောင့်

www.burmeseclassic.com


ကြည့်ရတာ တော်တော် ဉာဏ်ထက်ပုံ ရတယ်ကွ”

ဦးသက်ထွန်းဆီမှ သားရဲ့အကြောင်းတွေကို နားထောင်ရတိုင်း၊ သူ့ရင်တစ်ခုလုံး ပီတိတို့ဖြင့် ပြည့်လျှမ်းနေခဲ့သည်။

ကြည့်စမ်း ... ဘယ်လောက်အံ့သြစရာ ကောင်းလိုက်တဲ့ အဖြစ်အပျက်လဲ။ အဆိုးရွားဆုံး အခြေအနေတစ်ခုကို ရင်ဆိုင်ရခြင်းသည်အကောင်းဆုံးအခြေအနေတစ်ခုဖြစ်ဖို့ဖြစ်လာခဲ့သည်။ အဲ့ဒါကို သူ မသိခဲ့။

သူ့ဘဝတစ်ခုလုံး ချောက်ထဲသို့ ကျဆင်းသွားခဲ့ပေမယ့် သားကိုတော့ အမြင့်တစ်ရာဆီ ပို့ပေးနိုင်ခဲ့သည်။ သူ့ဘဝမှောင်အတိ ကျသွားခဲ့ပေမယ့် သားဘဝကိုတော့ လင်းလက်တောက်ပစေခဲ့သည်။ သူ့ဘဝနှင့် ရင်းရကျိုးနပ်ပါသည်ဟု သူ တွေးခဲ့ကာ ... ထိုပီတိဖြင့်ပင် ထောင်ထဲမှာ ခုနှစ်နှစ်ဆိုသော ကာလတစ်ခုကို ဖြတ်သန်းရင်ဆိုင်နိုင်ခဲ့သည်။

သူ့စိတ်ဓာတ်မကျခဲ့။ သူ့စိတ်ဓာတ်ကျမည်ပြင်တိုင်း၊ သားအကြောင်းတွေးကာ စိတ်ဓာတ်ကို မြှင့်တင်ရသည်။

www.burmeseclassic.com


ဘဝအမောတွေ ကြားတွင် ပင်ပန်းနွမ်းလျလာတိုင်း သားကိုတွေးကာ ... ဘဝအမောတွေကို ဖြေဖျောက်ခဲ့ရသည်။

သားကို တွေ့မြင်ချင်လှသော်လည်း ... သူရှိနေသောနေရာသည် သားနှင့် မည်သို့မျှ မအပ်စပ်၊ မသင့်တော်သောနေရာဟု သူ ယူဆခဲ့ကာ သားကို ခေါ်မလာစေခဲ့။ သား ဘယ်ပုံစံဘယ်အရွယ်ရောက်လောက်ပြီ ဆိုတာကိုပဲ သူ စိတ်ကူးဖြင့် မှန်းစပုံဖော်ရင်း သူစိတ်ကို ဖြေသိမ့်ခဲ့ရသည်။ သားနှင့်တွေ့ချင်၊ မြင်ချင်စိတ်ကို သူ ထိန်းချုပ်မျိုသိပ်ထားခဲ့သည်။

ထို့အပြင် ထောင်ထဲမှာ ရှိနေချိန်တွင် သူမှာ စိတ်ကူးတစ်ခု ပေါ်လာခဲ့သည်။ ထိုစိတ်ကူးဖြင့်ပင် သူ ဦးသက်ထွန်းကို ပြောပြခဲ့သည်မှာ ...

"သားက သူ့အဖေကို မေးတဲ့အခါတိုင်း ... သားရဲ့ အဖေဟာ ထောင်ထဲမှာ ဆိုတာကို ဘယ်တော့မှ မဖြေလိုက်ပါနဲ့ဦး...သားရဲ့ စိတ်ဓာတ်ကလေးကို သန့်သန့်ရှင်းရှင်းနဲ့

www.burmeseclassic.com


တက်တက်ကြွကြွ ပဲရှင်သန်ပါစေ ...။ သူ့စိတ်ကို အညွန့်ချိုးလိုက်သလို ... အနာတရ ဖြစ်သွားမှာ ... သိမ်ငယ်စိတ်ဝင်သွားမှာကို ကျွန်တော် သိပ်စိုးရိမ်မိတယ် ဦး ...

"ခုအချိန်မှာတော့သားရဲ့အဖေဟာ ဦးပဲလို့ သူ သိပါစေ.. သူ့ ဦးနှောက် အသိဉာဏ်ထဲမှာ ကျွန်တော့်ကို ခပ်ရေးရေးတော့ မှတ်မိနေမှာပဲ ... ဒါပေမယ့် အဲ့ဒီအသိကို မေ့ချင်မေ့သွားပါစေ ... သူဟာ ဦးရဲ့သားပဲ ဆိုတဲ့ အသိကိုသာရိုက်သွင်းပေးပါ ...

"သူ့ စိတ်ဓာတ်ဟာ အမြဲမြင့်မားနေပါစေ ... သူဟာ အထက်တန်းစား ... လူကုံထန်တွေရဲ့ သားတစ်ယောက် အဖြစ် ဝင်ဆန့်ပါစေ ...

"သူ့အဖေဟာ လူသတ်မှုနဲ့ ထောင်ကျနေတဲ့ လူတစ်ယောက်ဆိုတာ သူသိသွားရင် သူ့စိတ်ဓာတ်ကလေးကို ရိုက်ချိုးပစ်လိုက်သလို ဖြစ်သွားမှာ သေချာတယ် ဦး၊ အဲ့ဒီအခြေအနေမျိုးကိုတော့ ကျွန်တော် အဖြစ်မခံနိုင်ဘူး ...

www.burmeseclassic.com


ကျွန်တော့်ကို သူမေ့ချင်မေ့သွားပါစေ ... သူ့ဘဝမြင့်မား ပြီးအထွတ်အထိပ်ရောက်နေရင် ကျွန်တော်ကျေနပ်တယ် ကျွန်တော် သူ့ကို ဖြစ်စေချင်တာ အဲဒါပဲ ...”

ဟု သူကျေကျေနပ်နပ်ကြီး ပြောခဲ့ခြင်းဖြစ်သည်။ ခုနှစ်နှစ်လုံးလုံး ထောင်ထဲမှာ နေခဲ့စဉ် ကာလတစ်လျှောက်လုံး သားကို တွေ့မြင်ချင်စိတ်တွေ၊ လွမ်းဆွတ်အောက်မေ့စိတ်တွေ ပြင်းပြစူးရှစွာ ပေါ်ပေါက်လာတိုင်း သူ ခါးသီးစွာ မျိုချမျိုးနှိမ် ပစ်ခဲ့သည်ချည်း ဖြစ်သည်။

သားကို သူ့ရဲ့သားအဖြစ် ခဏမေ့ထားကာ ဦးသက် ထွန်းရဲ့ တစ်ဦးတည်းသော လူချမ်းသာ၊ ပညာတတ်ကလေး တစ်ယောက်အဖြစ် မြင်ယောင်ကြည့်မိတိုင်း သူ ရရှိသော ပီတိ သည် ... ဘာနှင့်မှ နှိုင်းမရချေ။

ဤသို့ဖြင့် ခုနှစ်နှစ်တာကာလကို သူ ဖြတ်သန်းရင် ဆိုင်ခဲ့ရသည်။သားနှင့်မတွေ့ရသော်လည်းသားရဲ့ သတင်းအချက် အလက်မှန်သမျှကို သူ ဦးသက်ထွန်းထံမှ အလွတ်ရခဲ့ပြီးဖြစ်သည်။

www.burmeseclassic.com


ဥာဏ်ကောင်းသော၊ ထက်မြက်လိမ္မာသော၊ ပညာတတ်သော၊ ပါးနပ်သိမြင်လွယ်သော ဆယ်နှစ်အရွယ် လူငယ်ကလေးကို မြင်ယောင်ကြည့်မိတိုင်း ... သူတစ်ကိုယ်လုံးရှိ သွေးတွေပူနွေးရှိန်းမြသွားကာ ...ကြက်သီးမွေးညင်းများ ဖြာထသွားတတ်သည်။

သားအတွက် သူ့ဘဝတစ်ခုလုံးနှင့် လဲလိုက်ရကျိုးနပ်ကြောင်းကို ... သားကို ခုနှစ်နှစ်လောက် ခွဲခွာထားခဲ့ရပြီး ပြန်တွေ့ချိန်တွင် သူ သေချာခဲ့ရပါသည်။

www.burmeseclassic.com


သူ လွတ်သည့် နေ့တွင် ဦးသက်ထွန်း ကိုယ်တိုင် သူ့ကို လာ၍ ကြိုခဲ့သည်။

"ကိုယ် တကယ်ဝမ်းသာတယ်ကွာ၊ ကိုယ့်ကျေးဇူးရှင် လွတ်မယ့်နေ့ကို ကိုယ် စောင့်နေခဲ့တာ ...

"မောင်ရင် ဘာမှ အားငယ်စရာ မရှိဘူး ...၊ ကိုယ့်အိမ်သာ လိုက်ခဲ့ ... ကိုယ့်အတွက် မောင်ရင် ဘယ်လောက် အနစ်နာ ခံခဲ့ရသလဲဆိုတာ ကိုယ် ဘယ်တော့မှ မမေ့ဘူး..."

ဟု ဦးသက်ထွန်းက မမေ့မလျော့ပြောကာ သူ့ကို ကားပေါ်သို့ တက်စေသည်။ ခုနှစ်နှစ်ဆိုသော အချိန်ကာလသည်

www.burmeseclassic.com


သူ့ကို အတော်ပြောင်းလဲ ရင့်ကျက်သွားစေခဲ့ပေမယ့် သားကိုပြန်တွေ့ဖို့အတွက်တော့ သူ့ရင်တွေ ထိမ်းမနိုင်၊ သိမ်းမရအောင် တုန်လှုပ်ချောက်ချားသွားခဲ့ရသည်။

" ဦး ... ကျွန်တော့်သားကို ကျွန်တော် ပြန်တွေ့တဲ့အခါ ကျွန်တော်ကိုယ်တိုင်က ဖွင့်မပြောဘဲ သားကို သူ့အဖေဟာ ကျွန်တော်ပဲဆိုတာ အသိမပေးပါနဲ့ဦး ...

"သားစိတ်မှာ ဒဏ်ရာရပြီး သိမ်ငယ်သွားမှာ ကျွန်တော် သိပ်စိုးရိမ်နေလို့ပါ ..."

"အိုကေ ... ဘာမှ မစိုးရိမ်နဲ့ ... ကိုယ်တို့ ဘာမှ ဖွင့်မပြောဘူး၊ ဒါ မင်းတို့ သားအဖရဲ့ ကိုယ်ရေးကိုယ်တာ ကိစ္စပါ၊ မင်းသူ့ကို ဖွင့်ပြောသင့်ပြီလို့ ယူဆတဲ့အချိန်ကျမှ မင်း ဖွင့်ပြော...

"ကိုယ်တို့ လင်မယားကတော့ သားကို အမွေစား၊ အမွေခံနဲ့ မွေးစားခဲ့တယ် ဆိုပေမယ့် သားအရင်းအတိုင်းပဲ ချစ်တယ်၊ စေတနာထားတယ်၊ သူ့အတွက် ကိုယ်တို့ပြင်ဆင်ထားတာတွေ အများကြီးပဲ ...

www.burmeseclassic.com


"အခု သားတက်နေတဲ့ကျောင်းက International School လို့ခေါ်တယ် … အဲဒီ ကျောင်းက ဆယ့်နှစ်တန်း အောင်ပြီးရင် သူ့ကို U.S ကကျောင်းကို တန်းပို့မှာ … ဟိုကတက္ကသိုလ်ကို ဆက်တက်ရုံပဲ …"

"ကျေးဇူး သိပ်တင်တာပဲ ဦးရယ် … ကျွန်တော့်ဘဝကြီး တစ်ခုလုံးကို ရောင်းပြီးတော့တောင် သားကို အဲဒီလိုဘဝမျိုး ရောက်အောင် မြှင့်တင်ပေးနိုင်မှာ မဟုတ်ဘူး၊ ကျွန်တော် ဦးကျေးဇူးကို ဘယ်တော့မှ မမေ့ပါဘူးဗျာ"

သူ့ ရင်တစ်ခုလုံး ဗရမ်းဗတာ တုန်လှုပ်လျက်ရှိသည်။

ဦးသက်ထွန်းသည် သူ ထင်ထားသည်ထက် အဆပေါင်းများစွာချမ်းသာကြွယ်ဝသူတစ်ယောက်ဖြစ်ပြီးအမွေဆက်ခံမည့်သူတစ်ယောက်မှရှိမနေခြင်းကပင်သားအတွက်ကံအကောင်းဆုံးဖြစ်၏။

သူတို့ကား ခြံထဲဝင်လာတော့ ပေါ်တီကိုအောက်တွင် အမည်းရောင် ပြောင်လက်နေသော မာစီဒီး (စ်) ကားတစ်စီးရှိနေ

www.burmeseclassic.com


ပြီး ကျောင်းဝတ်စုံပြည့် သပ်သပ်ရပ်ရပ် ဝတ်ဆင်ထားသော သားက ကားနောက်ခန်းတွင် စမတ်ကျကျ ထိုင်နေချိန်ဖြစ်သည်။

သားက ကားနောက်ခန်းထဲတွင် ဣန္ဒြေရရ ထွက်လာကာ သူတို့ ကားဆီသို့ လှမ်းကြည့်ပြီး ...

" ဒယ်ဒီ ... ကျွန်တော် သွားတော့မယ် ... ဘိုင့်ဘိုင်"

ဟု နှုတ်ဆက်လျှင် သူ သားကို မွတ်မွတ်သိပ်သိပ် အငမ်းမရ ကြည့်ငေးနေမိလေသည်။ သူ သားကို ခွဲခဲ့ရချိန်က သားရဲ့အသက်မှာ သုံးနှစ်ပြည့်ဖို့ တစ်ပတ်အလို။ အခုတော့ ဆယ်နှစ် အရွယ်လူယဉ်ကျေးကလေး ဖြစ်နေပြီ။

ဖြူဖွေးသောရှပ်အင်္ကျီတွင် နက် (ခ်) တိုင်နှင့် ... ဘောင်းဘီရှည်က ကော့ပြန်သေသပ်နေကာ ရှူးဖိနပ်မှာ ပြောင်လက်နေ၏။ ဆံပင်များကို သေသပ်စွာ ဖြီးသင်ထားပြီး မျက်လုံးတို့က နက်မှောင်စူးရှလျက်ရှိသည်။ နှုတ်ခမ်းများက ပိရိသေသပ်စွာ စေ့ပိတ်ထားလျက် သွေးရောင်ဖြင့် ရဲစိုနေသည်။ သူ့ရဲ့သားကလေးဟု ယုံနိုင်စရာ မရှိချေ။

www.burmeseclassic.com


သားက တစ်သွေးတစ်မွေးဖြင့် အသွေးရောင် ပြောင်းလဲခဲ့ပြီ။

"အိုကေ ... သား ... ဒီမှာ ဦးဦးကို နှုတ်ဆက်လိုက်ပါဦး ... ဒါ ဒက်ဒီ့ အရေးအကြီးဆုံး မိတ်ဆွေဘဲ"

ဟု ဦးသက်ထွန်းကပြောလျှင် သားက သူ့ကို ယဉ်ကျေးဖွယ်ရာစွာတစ်ချက်ပြုံးပြ နှုတ်ဆက်သည့် အနေဖြင့် ...

"ဟယ်လို"

ဟု ခေါင်းကလေးညိတ်ကာ အသိအမှတ်ပြုလေသည်။

"အေး ... အေး ... သား ... မင်းက လူချောဘဲကွ"

"သန့်(က်)(စ်) ... ကျွန်တော့်ကို ချွင့်ပြုပါဦးခင်ဗျာ"

သားက နှုတ်ဆက်ပြီး ရှေ့ကကားပေါ် ပြန်တက်သွားတော့သည်။ ဆယ်နှစ်အရွယ် ကလေးတစ်ယောက်၏ ရင့်ကျက်တည်ငြိမ်မှုကို သူ မယုံနိုင်လောက်အောင် အံ့သြနေခဲ့သည်။ သူနှင့် သားက လုံးဝအပ်စပ်လို့ပင် မရနိုင်တော့။ ခုနှစ်နှစ်ဆိုသောအချိန်က သားနှင့်သူ့ကို ဘဝချင်းခွဲခြားပစ်ခဲ့ပြီ ဖြစ်သည်။

www.burmeseclassic.com


"သားနှင့် ကျွန်တော် တန်တောင်မတန်တော့ပါဘူးဗျာ ..."

သူတော်တော်ပြောင်းလဲသွားပြီ ..."

"သူတို့ကျောင်းမှာက အပြိုင်အဆိုင်တွေ သိပ်များတယ်ကွ၊ သားက သူတကာထက် ပိုတော်ချင်၊ ပိုဖြစ်ချင်တဲ့စိတ် ရှိတယ်၊ဒီကောင်က ဉာဏ်တော်တော်ကောင်းတာကွ ... ကလေးမဆန်ဘူး ... လူကြီးဆန်တယ်၊ သူ့အတွက် သူ ပူဆာသမျှ ကိုယ်တို့က လိုလေသေးမရှိ လုပ်ပေးရတယ်"

"သူ့ကြည့်ရတာ ရည်မှန်းချက်ကြီးပုံ ပေါ်နေတယ် ဦး "

"သိပ်သေချာတာပေါ့ ... ဒီကောင့်ကို အမေရိက,က တက္ကသိုလ်တစ်ခုခုမှာ ဘွဲ့ဖြစ်ဖြစ်၊ ဒီပလိုမာဖြစ်ဖြစ် ရအောင် တော့ ဦးလုပ်ရမှာပဲ ... သူလည်း ရအောင်လုပ်မှာပဲ ... ဒီကောင်က စီးပွားရေးသမားကြီး ရောမကြီးဖြစ်ချင်တာ...

"သူ့ကိုကြည့်ပါလား ... ကလေးနဲ့မှ မတူတာ ... အားရင်မဆော့ဘူး၊ မကစားဘူး ... စာအုပ်တွေချည်း သိမ်းကျုံးဖတ်နေတာ ... တစ်နေ့ တစ်နေ့ လိုက်ဘရီက ငှားလာတဲ့ စာအုပ်တွေ မနည်းဘူး ...."

www.burmeseclassic.com



ဦးသက်ထွန်း ကြည်ရတာလည်း သားအတွက် အတော်ဂုဏ်ယူ ကျေးနပ်နေဟန် တူပါသည်

"သိပ်ကောင်းပါတယ်ဦး ... သားဘ၀ကို အရှိန်ငြိုးငြိုး တောက်ပပြီး အမြင့်ဆုံးဘ၀ ရောက်ပါစေဦး ... ဦးရဲ့သား အဖြစ်ပဲ သူ့ဘာသာသူ ရှိနေပါစေ ..."

"အခုအချိန်မှာ ကျွန်တော့်ရဲ့သားလို့ သိလိုက်ရင် သားရဲ့အပြေးလမ်းပေါ်မှာ ခါးလယ်က ဖြတ်ချိုးချ လိုက်သလို ... တလိမ့်ကောက်ကွေးတွေ ဖြစ်ကုန်မယ်...."

"သူ့ရဲတက်ကြွနေတဲ့ စိတ်ဓာတ်တွေ ပျက်စီးသွား မယ်...ကျွန်တော်ကြောင့် သားဘ၀ အရောင်မှိန်မသွား စေချင်ဘူး... သားကို ခပ်လှမ်းလှမ်းက ချစ်နေခွင့်ရရင် ကျွန်တော် ကျေနပ်ပါပြီ ... "

"အေးကွာ ... ဒါတော့ မင်းရဲ့သဘောပါ ... ဒါပေမယ့် သူသိဖို့လိုအပ်တဲ့ တစ်နေ့နေ့မှာတော့ သိအောင်ဖွင့်ပြော ချင်တယ်ဆိုလည်း ကိုယ်တို့ကို ငဲ့စရာ ထောက်ထားစရာ ဘာမှမလိုဘူးနော် ... မင်းတို့က သားအဖ အရင်းခေါက် ခေါက်ကြီးတွေ ...၊

www.burmeseclassic.com


"ကိုယ် မင်းတို့ကို ဘယ်လိုအကြောင်းနဲ့မှ သွေးခွဲမထားဘူး၊ ကိုယ့်ဇနီးနဲ့ မင်းကို တွေ့ပေးရဦးမယ် ... လာ..."

ဦးသက်ထွန်းကသူ့ကိုနူးညံ့သိမ်မွေ့၍ယဉ်ကျေးချိုသာသော အမျိုးသမီးကြီး တစ်ယောက်နှင့် မိတ်ဆက်ပေးပါသည်။ သူမက ဦးသက်ထွန်း အမြဲပြောလေ့ရှိသဖြင့် သူ့ကို အလွတ်ရ၊ ရင်းနှီးနေပြီဖြစ်သည်။

"ဒီအိမ်မှာပဲနေပေါ့ကွယ်၊ သားကလေးလည်းရှိနေတာပဲ၊ အန်တီကတော့ သားလေးကို မွေးစားခွင့်ရတဲ့ အတွက်ပဲ မင်းကို သိပ်ကျေးဇူးတင်နေတာပါ ..."

"သားက တကယ့်လူလိမ္မာ၊ လူတော်လူကောင်းကလေးပါ၊ ပြုစုပျိုးထောင်ရကျိုး နပ်ပါတယ် ... သိပ်ဖွံ့ကောင်းပြီး၊ ရည်မှန်းချက်ကြီးတဲ့ ကလေး ..."

"ဟုတ်ပါတယ် အန်တီ၊ ကျွန်တော့်ဘဝမှာ ကျွန်တော်မဖြစ်ခဲ့သမျှတွေ သား ဖြစ်တော့မယ်ဆိုတာ ကျွန်တော်ကြိုသိနေပါတယ် ...

www.burmeseclassic.com


"ကျွန်တော် ဒီအိမ်မှာ အလကားမနေပါဘူး၊ တစ်ခုခုတော့လုပ်ပါရစေ၊ ... ဥပမာ ဒရိုင်ဘာဖြစ်ဖြစ်၊ သားရဲ့ဒရိုင်ဘာဖြစ်ဖြစ်ပေါ့ ..."

" အေး ... ကောင်းသားပဲကွ ...မင်းသဘောပဲ၊ သားအတွက် အစောင့်အရှောက်၊ အကာအကွယ်လည်း ရတာပေါ့..."

" ကျွန်တော် ဝမ်းသာပါတယ် ဦး၊ သား အနားမှာ အမြဲနေခွင့်ရတာနဲ့တင် ကျွန်တော် ကျေနပ်နှစ်သိမ့်နိုင်ပါတယ်..."

ရှေ့လျှောက် သူ့ဘဝတွင် ပူပန်ကြောင့်ကြစရာတွေ မရှိတော့ဟု သူ တွေးမိသည်။ သားရဲ့ဘဝတစ်ခုလုံးကို စိတ်ချရပြီမို့ သူ့ဘဝ ဘာမှ မလိုအပ်တော့။ စားဝတ်နေရေးအတွက် မပူပန်ရတော့ပြီမို့ ... သူ စီးပွားရှာစရာလည်း မလိုတော့ပါ။

သားရဲ့အနီးမှာ အမြဲရှိပြီး သားရဲ့မျက်နှာလေး၊ အပြုအမူကလေးတွေကိုအမြဲမြင်တွေ့နေရရုံဖြင့်ပင်သူ့ဘဝအစစအရာရာ ပြည့်စုံခဲ့ပါသည်။

www.burmeseclassic.com

# အခန်း (၆)

သူနှင့် သား၏ ဆက်ဆံရေးမှာ ဒရိုင်ဘာတစ်ယောက်နှင့် သူဌေးသားတစ်ယောက်၏ ဆက်ဆံရေးထက် မပိုခဲ့ချေ။ သားက ဣန္ဒြေရသည်။ သူတကာ ကလေးတွေလို လူတကာနှင့် ရောရောနှောနှော မနေတက်ဘဲ သီးသန့်ဆန်လွန်းတာလည်း ပါပါသည်။

သားကို ကျောင်းကြို ကျောင်းပို့နှင့် တခြားကိစ္စတွေ လိုက်ပို့ရလျှင် သူသည် သားမျက်နှာကို နောက်ကြည့်မှန်ထဲမှ အမြဲအကဲခတ်ငေးကြည့်ကာ ချစ်စိတ်တွေ ကြွလျှံတတ်မြဲ ...။

www.burmeseclassic.com


"သား"

ဟု သူ လိုက်လိုက်လှဲလှဲခေါ်မိတိုင်း သားက မျက်လုံးလှန်ကြည့်ကာ ...

"ဦးလေး ... ဘာပြောချင်လို့လဲ ... ပြောလေ"

ဟု ပုံမှန်သံဖြင့် ပြန်ဖြေတတ်သည်။ အပိုအလိုမရှိ။ အရောအဝင်မရှိ။

"သား ကျောင်းကပြန်ချိန်ဆိုတော့ ဗိုက်ဆာမလားလို့ပါ ... တစ်ခုခုစားမလား ... ဦးလေး လိုက်ပို့ပေးမယ်လေ"

"ကျွန်တော်ကျောင်းကပြန်ရောက်တာနဲ့ကိုယ်လက်လေ့ကျင့်ခန်းလုပ်ပြီး ဖရက်(ရှ်) ဂျူ့(စ်) သောက်နေကျပါ...ပြီးတော့ ရေမိုးချိုးပြီး ညစာ, စားတယ် ... အဲ့ဒီအကျင့်က ပုံမှန်ပဲ၊ ကျွန်တော် ဆာလေ့မရှိပါဘူး ..."

"ကစားကွင်းတို့ဘာတို့ကော မသွားချင်ဘူးလား သားရယ် ဦးပို့ပေးချင်လို့ပါ ..."

"ကျောင်းမှာရှိသားပဲ၊ ကျွန်တော်က စာဖတ်ရတာကို ပို စိတ်ဝင်စားတယ်"

www.burmeseclassic.com


"ဩော် ... ဩော်"

သူ ဘာဆက်ပြောရမှန်း မသိတော့။ သားရဲ့ အသံက ခပ်စိမ်းစိမ်း ဖြစ်သောကြောင့် သူ ရင်နင့်ရသေးသည်။ သို့သော် ... သူ ဘာတက်နိုင်မည်နည်း။ သားကိုက ခပ်တည်တည် နေတတ်သောပုံစံထွက်နေသည်။စကားအပိုတွေသိပ်မပြောတတ် တာဖြစ်သည်။

ဤသို့ ကျောင်းအပို့၊ အကြိုသာ နေ့စဉ်ရက်ဆက် မှန်မှန်ပို့ပေးရပေမယ့် သားနှင့်သူ့အကြားရှိ ဆက်ဆံရေးမှာ ရင်းနှီးလာခြင်းမရှိခဲ့ ...။

အိမ်မှာ ဆိုလျှင် ပိုလို့တောင်ဆိုးသေးသည်။ သားက သူ့အခန်းထဲမှပင် အပြင်သို ့ထွက်လေ့မရှိ။ အခန်းအောင်းနေ တတ်ကာ စာဖတ်ချင်ဖတ်၊ ဒါမှမဟုတ် ကွန်ပျူတာတစ်လုံးဖြင့် အလုပ်ရှုပ်နေတတ်လေသည် ...။

သူသည် သားနှင့် ရင်းနှီးခင်မင်ဖို့ နည်းအမျိုးမျိုး နှင့် ကြိုးစားအားထုတ်ပေမယ့် ရည်မှန်းချက်ကြီးလွန်းသော သားက ကျောင်းစာမှလွဲ၍ ဘာကိုမှ စိတ်မဝင်စားခဲ့ချေ ...။

www.burmeseclassic.com


ဤသို့ ဖြင့် သားသည် သူ့မျက်စိအောက်မှာပင် တစ်နှစ်ပြီး တစ်နှစ် ကြီးပြင်းရင့်သန်လာခဲ့တော့သည်။

သူကတော့ သားနှင့် နီးကပ်မလာခဲ့ဘဲ... တစ်စ ထက်တစ်စ ဝေးဝေးသွားကြောင်းကို ဝမ်းနည်းစွာသိနားလည်ခဲ့ ရ၏။

www.burmeseclassic.com


မှတ်မှတ်ရရ သားအသက် ဆယ့်ရှစ်နှစ်အရွယ်တွင် အမေရိက, သို့ထွက်၍ တက္ကသိုလ်တက်ဖို့ ဖြစ်လာသောအခါ သူ့ရင်တွေ ပွင့်ထွက်မတတ် ဖြစ်ခဲ့ရသေးသည်။

သားကို ဦးသက်ထွန်းတို့ ပြုစုပျိုးထောင်ပုံက အင်မတန်ချီးကျူးအံ့သြဖွယ် ကောင်းပါသည်။ တက္ကသိုလ် ဆက်တက်ဖို့ သား မြန်မာပြည်မှ ထွက်ခွာသောနေ့က သားကို သူ့ရဲ့မွေးစား မိဘများနှင့်အတူ သူပါ လေဆိပ်သို့ လိုက်ပို့ခဲ့ရသည်။

မိဘတွေ စိတ်မကောင်းဖြစ်နေကြဟန်ရှိပေမယ့် သားရဲ့ပုံစံ၊ဟန်ပန်နှင့် မျက်နှာကလေးက ရွှင်လန်းတက်ကြွလျက် ရှိသည်။ ထိုအရွယ်ကလေးနှင့် သားက အင်္ဂလိပ်လိုမွတ်နေအောင် ရွှန်းရွှန်းဝေ ပြောနိုင်နေပြီ။

www.burmeseclassic.com


ဦးသက်ထွန်းနှင့် ဒေါ်မိမိခိုင်တို့ကို သားက အဘယ်မှ နေ၍ ပခုံးတစ်ဖက်တစ်ချက်စီ ဖက်ကာ အားပေးနှစ်သိမ့်လျက် ရှိတာကို သူက ခပ်လှမ်းလှမ်းမှ ရင်နင့်၍သာ ငေးကြည့်နေခဲ့ရ သည်။

"ကျွန်တော်ဖုန်းလည်းအမြဲဆက်မယ် ... ဖက်(က)(စ်) လည်း ပို့မယ် ... စာလည်း ရေးမယ် ...

"ကျွန်တော်ဒီပလိုမာရတဲ့နေ့ကျရင်တော့ ဒက်ဒီရော မာမီရော လာခဲ့ကြ ... မာမီ မငိုနဲ့ဦးနော်၊ ကျွန်တော် ပညာသင်ဖို့ သွားတာ စိတ်ဖြောင့်ဖြောင့်ပဲသွားချင်တယ်"

သားက အဲ့ဒီလောက် ရင့်ကျက်တည်ငြိမ်သူ ဖြစ်သည်။ မိဘတွေနှင့်ခွဲခွာရမည့် အရေးအတွက် သားရဲ့စိတ်မှာ စိုးစဉ်းမျှ နာကျင်ထိခိုက်ခြင်း ဖြစ်ပုံမပေါ်ချေ။ သူ့အတွက် လုပ် သင့်လုပ်ထိုက်တာကို သွားလုပ်သလိုပင် ခံယူထားသော မျက်နှာ ပေးမျိုး ဖြစ်သည်။

အရပ်ကြီးက မြင့်မားသလောက် မျက်နှာလေးက နုဖတ်ချောမောလှသည်မို့ သားကို လူတကာက သမင်လည်ပြန်

www.burmeseclassic.com


လှည့်ကြည့်ငေးယူရသည်ဖြစ်ရာ သားအတွက် သူမှာတိတ်တိတ် ကျိတ်ပြီး ဂုဏ်ယူရသေးသည်။ ခုနေများ သားက သူ့ကို ပွေ့ဖက်နှုတ်ဆက်ရင် သူ သေပျော်ပါပြီ။

ဦးသက်ထွန်း သူ့မျက်လုံးများကို ချက်ခြင်းဖက်မိသဘောပေါက်သွားသလိုပင် ...

"ဟာ ... သား ... ဟော့ကောင် ဩချို ... မင်းဦးလေးကို လည်းနှုတ်ဆက်လိုက်ဦးလေ ... သူလည်း မင်းအပေါ် သံယောဇဉ် အရှိဆုံး လူတစ်ယောက်ပဲဥစ္စာ"

ဟု သားကို လှမ်းပြောလိုက်မှ သားက သူ့ကို သတိရသွားသလို မျက်လုံးနက်များ ဖျက်ခနဲ စူးရှသွားကာ...

"ဟာ ... ဆောရီး၊ ကျွန်တော် မေ့တော့မလို့ ... သိပ်မှန်တာပေါ့ ... ဦးလေးကလည်း ကျွန်တော့ကို သံယောဇဉ် သိပ်ရှိခဲ့တာ ... ကဲ ... ကျွန်တော် နှုတ်ဆက်ခဲ့တယ်နော် ဦးလေး ... ဒက်ဒီနဲ့မာမီ့ကိုလည်း ဦးလေး ဂရုစိုက်ပေးပါ"

ဟု သားကပြောရင်း သူ့ကို ရုတ်တရက် ရင်ချင်း

www.burmeseclassic.com


အပ်ရှုံထွေးဖက်လိုက်ကာ သူ့ပခုံးဆီ ပုတ်လိုက်လျှင် သူ ရှော့(ခ်)ရသွားသလို အသက်ရှုဖို့ပင် မေ့သွားလျက် တုန် ယင်သွာခဲ့သည်။

သားကို ငါးနှစ်ကျော်၊ ခြောက်နှစ်နီးပါး ကားဒရိုင် ဘာလုပ်ပြီး...အရိပ်တကြည့်ကြည့်၊ဂရုစိုက်ခဲ့ရသောအချိန်များစွာ ျထဲတွင် သားဆီမှယခုတစ်ကြိမ်ရရှိသောနွေးထွေးလှိုက်လှဲမှုသည် သူ့ဘဝတစ်လျှောက်လုံး ဘာနှင့်မှ မလဲနိုင်လောက်အောင်ပင် အဖိုးအနဂ္ဃ ထိုက်တန်လှပါသည်။

ဝမ်းသာဝမ်းနဲစိတ်ဖြင့် သူ့မျက်လုံးတွေ ပူနွေး ဝေဝါးလာကာ ပါးပြင်သည် နွေးစိုလာခဲ့သည်။

"သားရယ် ... ဦးလေးကို မမေ့နဲ့နော်။ တစ်ခါတစ်ရံ သတိရပါနော် ..."

ဟု သူတုန်တုန်ယင်ယင် ပြောသည်ကို သားကပြုံး ကာ...

"အိုကေ ... အိုကေ ... ဦးလေးကို ကျွန်တော်မမေ့ဘူး ကျွန်တော်ပြန်လာတိုင်း ဦးလေးမောင်းတဲ့ကားကိုပဲ ကျွန်

www.burmeseclassic.com


တော်စီးမယ် ... ကျွန်တော် ပြန်အလာကို ဦးလေးစောင့်ဟုတ်လား ...”

ဟု နှစ်သိမ့်သလို ပြောပါသည်။ သားက လေဆိပ်အတွင်းထဲသို့ ဝင်ခါနီး ဦးသက်ထွန်းနှင့် ဒေါ်မိမိခိုင်ကို မိဘနှစ်ပါးအဖြစ် ကန်တော့သွားခဲ့လေသည်။

သား လေယာဉ်ပေါ် တက်သွားတဲ့အထိ သားရဲ့ကျောပြင်ဆီ သူ မမှတ်မသုန် ငေးစိုက်ကြည့်နေခဲ့ပြီး မျက်ရည်တွေ ထိန်းမနိုင်၊ သိမ်းမရ ကျဆင်းလာခဲ့သည် ...။

“သား ... သား ... ဖေဖေသား ... အဲဒါ ဖေဖေသား”

ဟု သူ ဘယ်တော့မှ မကြားအောင် တတွတ်တွတ်တီးတိုးရွတ်ရင်း မျက်ရည်များကို ခပ်ကြမ်းကြမ်း သုတ်ပစ်ရ၏။

ဦးသက်ထွန်း က သူ့ ပခုံးကို ဖက်ကာ ...

“နေညို ရယ် ... မင်း သားကို ခုနှစ်နှစ်လုံးလုံးတောင် ခွဲနိုင်ခဲ့သေးတဲ့ဥစ္စာ ... ဒီနှစ်နှစ်၊ သုံးနှစ်ဆိုတဲ့ အချိန်ကို ဘာလို့မခွဲနိုင်ရမှာလဲ ...


www.burmeseclassic.com


" သားခဏပြန်လာတဲ့အခါ ငယ်ငယ်ရွယ်ရွယ်ကလေးနဲ့ အမေရိက, က ဒီပလိုမာ ရလာမယ် ... အဲဒီကျ ဒီမှာ ဦးရဲ့ လုပ်ငန်းအားလုံး သူ့ကို လွှဲပေးတော့မှာ ... သူ ဦးစီးပြီး လုပ်ပစေတော့ ... ဘယ်လောက် အားကိုးစိတ်ချရတဲ့ သား တစ်ယောက်လဲ ...

"မင်းရော ကိုယ်တို့ လင်မယားအတွက်ပါ ဂုဏ်ယူ ကျေနပ်ဖွယ်ကောင်းတဲ့ သားပါကွ ..."

ဟု အားပေးနှစ်သိမ့်ခဲ့ပါသည်။ သားကို သူ့ ဘဝ တစ်လျှောက်လုံး အကြိမ်ကြိမ် စွန့်ခွာရတာ မဆန်းပါ။ သားကို ပိုင်ဆိုင်ဖို့ အခွင့်အရေး သူ့မှာ ဘယ်တုန်းကမှ ပါမလာခဲ့ခြင်းသာ ဖြစ်လေသည်။

www.burmeseclassic.com



www.burmeseclassic.com

[illegible]

www.burmeseclassic.com

## အခန်း (၇)

သားမရှိသော ထိုနှစ်နှစ်တာ ကာလကြီးကို သူ ရင်မောနွမ်းလျစွာ ဖြတ်သန်းရပြန်ပါသည်။ သူ့ ဘဝသည် ဘယ်လိုများလဲ မသိ။ သားနှင့် ခွဲခွာနေရဖို့ချည်းသာ ဖြစ်ခဲ့ရ၏။

သားဆီကဖုန်းလာတိုင်း ဦးသက်ထွန်းသည် မမေ့မလျော့ပင် သူ့ကိုခေါ်ကာ သားနှင့်စကားပြောစေတိုင်း သူသည် ဒီဘက်မှာခြေလက်တွေ အေးစက်တုန်ယင်ပြီးမျက်ရည်ကျနေပြီ။

" သား ... သား"

www.burmeseclassic.com


ဟုသာ ဆို့ဆို့နင့်နင့်ရေရွတ်နေရုံသာ တက်နိုင်ပြီး ဘာစကားမှမပြောနိုင်ချေ။သားက စိတ်ရှည်လက်ရှည်နားထောင်နေပြီး ...

" ဦးလေး ဘာမှာချင်လဲ၊ ကျွန်တော် ပို့ပေးလိုက်မယ်၊ ဒက်ဒီနဲ့မာမီကိုကရုစိုက်နော်၊ ဦးလေးကိုလည်း ကျွန်တော် သတိရပါတယ်"

ဟူသော စကားလေးတွေနှင့် သူ့အလွမ်းတွေ ဖြေပျောက်အောင် နှစ်သိမ့်ပေးနိုင်ခဲ့သည်။

နှစ်နှစ်ဆိုသော အချိန်အတွင်းသားကို အမှတ်တရ ထားပြီး သူစိုက်ခဲ့သော သစ်ပင်တစ်ချို့ပင် ခြံထဲမှာ ဖားဖားဝေဝေ ရင့်သန်ခဲ့ပြီ။ ခုနှစ်နှစ်တာ ကာလနှင့် ယှဉ်လျှင်တော့ နှစ်နှစ်ဆိုသောအချိန်သည် သိပ်ကြာမြင့်လှသည် တော့ မဟုတ်ပါ ...။

တစ်ခါတစ်ခါ သူ့ဘဝသူ ပြန်တွေးကြည့်မိတိုင်း မက်မုံပွင့်ကို သတိရဆဲဖြစ်ကာ သားရဲ့မေမေ နှင်းကိုလည်း လွမ်းဆဲ။ သားကို တွေးမိလျှင်တော့ သူတစ်ကိုယ်လုံး ပီတိဖြင့် လွမ်းဆဲ။ သားကို တွေးမိလျှင်တော့ သူ တစ်ကိုယ်လုံး ပီတိဖြင့် ထုံကျဉ်လျက် မပြုံးဘဲ မနေနိုင်။ သားကတော့ သူ့ ဘဝပဲပေါ့။

www.burmeseclassic.com


နှစ်နှစ်ဆိုတဲ့ အချိန်သည် တရွေ့ရွေ့ တိုက်စားရွေ့လျားလာခဲ့ပြီး ... သား အမေရိကတွင် ဒီပလိုမာယူဖို့ ဦးသက်ထွန်းနှင့် ဒေါ်မိမိခိုင်တို့ အမေရိကသို့ လိုက်သွားခဲ့ကြသည်။

ဦးသက်ထွန်းသည် သူ့ကိုပါ အပါခေါ်နေခဲ့သော်လည်း သူ ကုန်ကျမည့် စရိတ်တွေကို တွေးကာ မလိုက်ရဲ။

"ကျွန်တော်သားကို ဒီကနေပဲ ကြိုနေပါ့မယ် ဦးရယ် ... ဦးတို့ပဲ သွားကြပါ ... ကျွန်တော် အိမ်စောင့် ကျန်ခဲ့ပါ့မယ်"

ဟု ဇွတ်ငြင်းကာ ကျန်ရစ်ခဲ့ရသည်။ သူ့မှာ သားကိုတွေ့မြင်ချင်လွန်းသော စိတ်ဆန္ဒတွေဖြင့် နေမထိ၊ ထိုင်မသာဖြစ်ကာ ဖျပ်ဖျပ်လူးနေခဲ့သည်။

သားဟာ ဖေဖေ့ဘဝတစ်လျှောက်လုံး မမျှော်မှန်းရဲခဲ့တဲ့အိပ်မက်တွေကိုအကောင်အထည် ဖော်နိုင်ခဲ့ပြီ။ သားနဲ့ဖေဖေဟာ ဒီတစ်သက် ပြန်ဆုံခွင့်တောင် ရှိပါတော့မလားဟင်။ သားက အမြင့်ဆုံးကို ရောက်နေပြီ။ အထွတ်အထိပ်နေရာမှာ ရောက်နေပြီ။

www.burmeseclassic.com


ဖေဖေ ဂုဏ်ယူပါတယ်သား .... သားဆိုတာ အဖ

ထက် ပိုတော်ရမယ်လေ ...။

www.burmeseclassic.com


သားတို့ပြန်လာမည့်နေ့တွင် သူ လေဆိပ်မှာ စိတ် ဆန္ဒဇော ပြင်းထန်တက်ကြွစွာဖြင့် သွား၍ စောင့်ကြိုနေခဲ့သည်။

ရေခြားမြေခြား နှစ်နှစ်ကျော် သွားရောက်နေထိုင်ခဲ့သဖြင့် သားသာ အသားအရေများ ဝင်းမွတ်ဖြူနုကာ ပို၍ ချောမောခန့်ညားလာခဲ့သည်။ ရှပ်အင်္ကျီ လက်ရှည်တွင် နက်(ခ်) တိုင် တပ်လျက် ... ပုံသေသပ်သော ဘောင်းဘီနှင့် ရှူးဖိနပ်တို့ဖြင့် တကယ့် လူကြီးလူကောင်းပညာတတ် ယောကျ်ား တစ်ယောက်ပုံစံ ပေါ်လွင်ထင်ရှားလျက်ရှိသော သားနှင့်အတူ သူ့ဘေးတွင် ဖြူနုဖွေးဥသော အသားအရည်နှင့် မျက်လုံးဝိုင်းဝိုင်း နက်နက်များ ပိုင်ဆိုင်သော မိန်းကလေးတစ်ယောက်ပါ အတူယှဉ်တွဲပါလာခဲ့လေသည်။

www.burmeseclassic.com


ဆွယ်တာနုနု ခေါင်းစွပ်ကလေးနှင့် ဘောင်းဘီဝတ်ထားသော ထိုမိန်းကလေးသည် အရပ်ရှည်ရှည်နှင့် ကျစ်လျစ်သွယ်လျသော ကိုယ်ခန္ဓာကလေးနှင့် နုပျိုသွက်လက်စွာ ပေါ့ပါးလန်းဆန်းလျက်ရှိသည်။

သားနှင့် သူမကလေးသည် လက်ဖဝါးချင်း ဆုပ်တွဲထားကြသည်မို့ ... သူ ရှည်ရှည်ဝေးဝေး တွေးစရာမလိုတော့ချေ။ သားသည် ဒီပလိုမာလည်းရ၊ ချစ်သူလည်း ရခဲ့ပြီ။ ရွှေရောင်ဆံပင်ဖြောင့်ဖြောင့်စင်းစင်း အိအိကလေးများကို ပခုံးပေါ်တွင် လွတ်လပ်စွာ ချထားသော မိန်းကလေးသည် နိုင်ငံခြားသူ အဖြူမဟုတ်ဘဲ ... မြန်မာမ, ကလေးမို့ သူ ရင်အေးရပါသည်။

သားတို့စုံတွဲနောက်တွင် ဦးသက်ထွန်း၊ ဒေါ်မိမိခိုင်တို့ လိုက်ပါလျက် ... သူတို့စုံတွဲနောက်တွင် လိုက်ပါလာသော အမျိုးသမီးတစ်ယောက်ကို သူ ဖျတ်ခနဲ လှမ်းတွေ့လိုက်သည့်ခဏတွင် သူ့ရင်တစ်ခုလုံး ဖြောင်းဆန်အောင် လှုပ်ရှားတုန်ခါသွားလျက် ... ရုတ်တရက် ကျောခိုင်းပစ်လိုက်ရသည်။

www.burmeseclassic.com


သူ့ဘဝတစ်လျှောက်လုံးတွင် ဘယ်တော့မှ မမေ့နိုင်သည့် မျက်နှာတစ်ခု။ အသက်အရွယ်တွေ ဘယ်လောက်ပဲပြောင်းလဲသွားပါစေ ... ထိုမျက်လုံးများ၏ စူးရှတောက်ပမှု ... ထိုမျက်နှာရှိ မာန်မာနခက်ထန်မှုတို့သည် ပြောင်းလဲမသွားချေ။ လျော့ပါးမသွားချေ။

ပြင်သစ်ဆံထုံးနှင့် ဘိုဆန်ဆန် ဝတ်စားထားပုံသာ ပြောင်းလဲသွားခဲ့ပေမယ့် သူမ ဘာမှ မပြောင်းလဲသေး။ အရင်အတိုင်းပါပဲ။

မက်မုံပွင့် ...။ ဘာလိုလိုနှင့် အနှစ်နှစ်ဆယ်နီးပါး ရှိခဲ့ပြီနော် ...။ ဒါပေမယ့် မင်း သိပ်လှဆဲပါပဲ။ ဘယ်သူ့ကိုမှ လူမထင်သလို မထီတရီ အရိပ်တွေနဲ့ မင်းမျက်နှာဟာ ချီနေဆဲပါပဲ။

သူမကတော့ သူ့ကို မြင်ဟန်မရှိပါ။ သူကလည်း သူ့ကို သူမ မမြင်အောင် မျက်နှာခပ်လွှဲလွှဲ အနေအထားဖြင့် ခပ်ကွယ်ကွယ် နေခဲ့သည်။

www.burmeseclassic.com


"နောက် ပြန်ဆုံကြတာပေါ့ ဒေါ်မက်မုံ ... သီးသမ္ဗျူလဲ သားနဲ့အတူ အချိန်မရွေး အန်တီတို့ အိမ်ကို ဝင်ပါထွက် ပါနော် သမီး ... အော(လ်) ဝေး(စ်) ဝဲလ်ကမ်း(မ်) ပါ"

"ဆုံရမှာပေါ့ရှင် ... နောက်ဆို အမျိုးတောင် တော်ရမှာ ဥစ္စာ ... ကဲ ... ကျွန်မကို ခွင့်ပြုပါဦးနော"

"သမ္ဗျူ ... အိုင် (လ်) ကော (လ်) ယူ ..."

"အိုးခေ ... ဆီးယူ ... ဘိုင့်ဘိုင့်"

သူတို့ချင်း အပြန်အလှန် နှုတ်ဆက်ကြသံတွေကို သူ နားထောင်ရင်း သူ့ ရင်တွေ တဒုန်းဒုန်း ခုန်လှုပ်ဆူညံလာသည်။

ဘုရား ... ဘုရား ... ဒါဟာ အင်မတန် တိုက်ဆိုင်လွန်းတဲ့ ဖြစ်တောင့်ဖြစ်ခဲ ဖြစ်ရပ်တစ်ခုပါလား။ ဖြစ်ရပ်ပေါင်း တစ်ရာတွင်တစ်ကြိမ်မျှသာဖြစ်လေ့ဖြစ်ထရှိသောတိုက်ဆိုင်မှုမျိုး ဖြစ်သည်။

ဒါမှမဟုတ် ယနေ့အထိတိုင် သူ မေ့၍ မရသေးသော သူမနှင့် သူ ရေစက်မကုန်နိုင်သေးတာလည်း ဖြစ်နိုင်ပါသည်။

"ဟာ ဦးလေး ... နေကောင်းတယ်နော် ..."

www.burmeseclassic.com


ဟု သားက သူ့ပခုံးကို တစ်ချက်ပွေ့ဖက်နှုတ်ဆက်လိုက်ချိန်တွင် သူ့ ရင်ထဲ နွေးထွေးလုံခြုံသွားသလို ခံစားလိုက်ရသည်။

သားရဲ့သေတ္တာကို သူကိုယ်တိုင်သယ်ကာ ကားကို သားတို့ရှိရာဆီသို့ မောင်းယူလာခဲ့သည်။

အိမ်အပြန်လမ်းတွင် သူ စိတ်လှုပ်ရှားလွန်းသဖြင့် စကားမပြောနိုင်။

"သားက ကျောင်းတက်ရင်း ဖီယောဲန်ဆေးပါ ရလာတယ် နေညိုရေ... ကောင်မလေးနဲ့ သူ ဆိမ်းဘက်(ချ်)တွေလေ၊ ကျောင်းအတူတက်ရင်း၊ အတူစား၊ အတူစားရင်း ချစ်သူတွေဖြစ်လာခဲ့တာ ...ကောင်မလေးရဲ့အဖေက အမေရိကမှာ တော်တော်ကြီးကျယ်ခန်းနားတဲ့ ဆရာဝန်ကြီးတစ်ယောက်ပဲ ... တော်တော်ချမ်းသာတယ် ... ဒါပေမယ့် သူ့အဖေနဲ့အမေက ... ကွဲနေတာလား သား ..."

"ဟုတ်တယ် ဒက်ဒီ ... သူတို့ ဒိုင်ဗော့ (စ်) လုပ်ထားကြတာ... သမ္မီုက အမေရိကမှာ သူ့ အဖေနဲ့ အတူလာနေ

www.burmeseclassic.com


ပြီးကျောင်းတက်တာ၊ သူ့အမေက သူ့သမီး ဒီပလိုမာယူဖို့အတွက်လိုက်လာတာ ... သူ့အဖေက ဟိုမှာ အဖြူမတစ်ယောက်နဲ့ ယူထားတယ်လေ ... ဒီပလိုမာ ယူတဲ့နေ့တုန်းက ဒက်ဒီတို့ တွေ့တယ်မဟုတ်လား ... သူတို့စုံတွဲက သပ်သပ် ဒေါ်မက်မုံပွင့်က သီးခြားကြီး ဖြစ်နေတာ၊ တည်းတာတောင် ဟိုတယ်မှာ တည်းတာဗျ ...

"သမ္ဘူက အမေကို အရမ်းချစ်တဲ့ အမေ့သမီး ... ဒါကြောင့် ကျောင်းပြီးတာနဲ့ ကျွန်တော်နဲ့ အတူတူပြန်လာဖို့ အစီအစဉ်ဆွဲထားတာ ... သူက မြန်မာပြည်မှာပဲ သူ့အမေနဲ့ပြန်နေမယ့်အကြောင်း အမြဲပြောခဲ့တာ ..."

သားပြန်ပြောသမျှကို သူ ကားမောင်းရင်း နားစွင့်ထားရသည်။

"ဒေါ်မက်မုံပွင့်က ဒက်ဒီ့နာမည်ကို ကြားတာနဲ့ သူ သိတယ် ဒက်ဒီက နာမည်ကြီးတဲ့ သူဌေးတစ်ယောက်ပဲတဲ့ ... ကျွန်တော်တို့နှစ်ယောက်ကို သဘောတူတယ်၊ သူ့အဖေကလည်း သဘောတူတယ် ...

www.burmeseclassic.com


"သူကတောင် မြှောက်ပေးနေတာ အမြန်ဆုံး လက်ထပ်ကြတဲ့ ... ကျွန်တော်ကတော့ သူ့ကို သိပ်မကြိုက်ဘူး ... သိပ်ပွေပုံရတယ် ... ချမ်းကလည်း ချမ်းသာတော့ မိန်းကလေးငယ်ငယ်ကလေးတွေ ထည်လဲပဲ ... ဆံပင်တွေ ငွေရောင်ဆိုးထားတာကိုက မိန်းကလေးတွေက ဆံပင်ငွေရောင်ဆိုတာ ဗဟုသုတ ပြည့်စုံတဲ့ အမှတ်အသားဆိုပြီး သဘောကတာဆိုပဲ ..."

သူ သက်ပြင်းခိုးချမိပါသည်။ ဒီလိုဆို မက်မုံ ရွေးချယ်ခဲ့တဲ့ အကောင်းဆုံး၊ အမြင့်မားဆုံး၊ အိမ်ထောင်ရေးဟာ သက်ဆိုးမရှည်ခဲ့ဘူးပေါ့ ...။ ဂုဏ်ဒြပ်၊ အဆင့်အတန်းဆိုတာ ဒါပဲလား ...။

အဲဒီအချိန်တုံးက သူမတို့ မင်္ဂလာဆောင်ဟာ အကြီးကျယ် အခန်းနားဆုံးလေ ...။

"သူတို့ ဘာလို့ ကွဲသွားကြတာတဲ့လဲ သား"

သူ့ နှုတ်မှ မေးခွန်းတစ်ခု အလိုလို ထွက်သွားတော့ သားက သူ့ကို ဖျက်ခနဲ လှမ်းကြည့်တာကို တွေ့ရသည်။ သား

www.burmeseclassic.com


ရဲ့ စိတ်ထဲမှာ သူ့ကို မသက်ဆိုင်တာတွေ မေးရန်ကောဟု ထင်မှာမလွဲပါ။ သို့ပေမယ့် သားက သူ့မေးခွန်းကို အရေးတယူပဲ ဖြေပေးပါသည်။

"ဒေါ်မက်မုံက မာနအရမ်းကြီးတဲ့ မိန်းမလေ ... လုံးဝ အမှားကိုလက်မခံဘူး ... ဒေါက်တာသော်ခင်ကလည်း ခပ်ပွေပွေ၊ရှုတ်ရှုတ်ဆိုတော့ သူတို့ အိမ်ထောင်ရေး ဘယ်အဆင် ပြေမလဲ ...

"ဒေါ်မက်မုံက အရမ်းကြမ်းတယ်လို့ သူ့သမီးက ပြောတာပဲ၊ လုံးဝ ခွင့်မလွှတ်ဘူး ... သမ္ဘူ ဆယ်နှစ်သမီး လောက်မှာ ဒေါက်တာသော်ခင်က အိမ်ထောင်ရေးဖောက်ပြန်မှုတစ်ခု ကျူးလွန်မိတယ် ... ဒေါ်မက်မုံက ရင့်ရင့်သီးသီးတွေပြောပြီး သူတို့ လမ်းခွဲခဲ့ကြတာဆိုပဲ ... သမ္ဘူက ကျွန်တော့်ကို သူ့ဘဝအကြောင်းတွေ အသေးစိတ်ကအစ အကုန်ပြောပြတတ်တယ်၊ အဲ့ဒါ သူ့အကျင့်ပဲ ...

"အားလုံးပွင့်ပွင့်လင်းလင်းပဲ ... ဘာမှ လျှို့ဝှက်ထားတာ ဖုံးကွယ်ထားတာ မရှိခဲ့ဘူး ..."

www.burmeseclassic.com


အိမ်သို့ ရောက်လာတဲ့အထိ သားနှင့် ဦးသက်ထွန်း ဒေါ်မိမိခိုင်တို့ရဲ့ ခေါင်းစဉ်အောက်မှာ သမ္မီးခင် နှင့် သူ၏ မိဘများ အကြောင်းသာ ဖြစ်လေသည်။

"အေး ... သား ... တစ်ရက် သူ့တို့သားအမိကို ထမင်း ဖိတ်ကျွေးပါဦးကွယ်၊ ဒက်ဒီတို့ကတော့ သားကို စိတ်ချ ယုံကြည်ပြီးသား၊ သား ရွေးချယ်တဲ့ မိန်းကလေးကို သမီး အဖြစ်လက်ခံပေးဖို့ နွေးထွေးစွာ ကြိုဆိုလျက်ပဲ ...

" ဘယ်နှယ့်လဲနေညို ... မင်းရော သဘောတူရဲ့ လား..."

ဦးသက်ထွန်းက သူ့ကို အဓိပ္ပါယ်ပါပါ မျက်ဝန်း များနှင့် လှမ်းမေးသည်ကို ... သူဝမ်းသာအားရကြီးပင် ခေါင်းညိတ်ပစ်လိုက်လေသည်။

"သဘောတူပါတယ်၊ သိပ်ကို သဘောတူပါတယ်"

သားက ရယ်မောပါသည်။

"သူက ကျွန်တော့်ကို အရမ်းချစ်တာဗျ ... ကျွန်တော်က လည်း သူ့ကို သိပ်ချစ်တယ် ... ကျွန်တော်တို့ နှစ်ယောက်က

www.burmeseclassic.com


စိတ်တူကိုယ်တူ ဝါသနာချင်းလည်းတူတယ်၊ စိတ်ဓာတ်ချင်းလည်းတူတယ် ...

"ဒက်ဒီ ... ကျွန်တော်တို့ လက်ထပ်ဖို့ အသက်များ သိပ်ငယ်နေမလား ..."

"ဟား ဟား ... ငါ့သားက လက်ထပ်ဖို့ထိတောင် တွေးနေပြီကိုးကွ၊ အေးလေ ... အသက်ငယ်ငယ်ရွယ်ရွယ်ကလေးပေမယ့် မင်းက အတောင်အလက်စုံတာ မြန်တာကိုးကွ...အသက်ငယ်ပေမယ့် သားတို့နှစ်ယောက်စလုံးက ပညာတွေ စုံခဲ့ပြီဘဲ ... ဘဝတစ်ခုကို ငယ်ငယ်မှာစပြီး တည်ဆောက်တော့လည်း ... အကြာကြီး ပျော်ခွင့်ရတာပေါ့ကွာ ...

"သားတို့ နှစ်ယောက်စလုံး ဖေ့ဖေ့ကုမ္ပဏီမှာ ဦးဆောင်ကြပေါ့ ... မင်းတို့ နှစ်ယောက်စလုံးက အသက်သာငယ်ကြပေမယ့် ဉာဏ်ပညာက မငယ်ဘူးလေကွာ ... ရောမကြီးတွေ ...

www.burmeseclassic.com


"ဒက်ဒီသဘောတူတယ်ကွာ ... ချကွာ ... ဘယ်တော့ လိုက်တောင်းပေးရမလဲ၊ အဆင်သင့်ပဲ"

ဦးသက်ထွန်း လှိုက်လှိုက် လှဲလှဲကြီး ပြောနေသည်ကိုနားထောင်ရင်း သူလည်း ထပ်တူထပ်မျှပင် သဘောတူ ကြည်ဖြူလျက်ရှိလေသည်။

ကြုံမှ ကြုံတက်ပလေ မက်မုံပွင့်ရေ ... ။ သူ ... ထိုတဒင်္ဂမှာပင် လွန်ခဲ့သော အနှစ်နှစ်ဆယ် ကာလဆီသို့ ချက်ချင်းပြန်ရောက်သွားခဲ့သည်။

သူမ၏ မာကျောစူးရှသော အသံများကို နားထဲမှာ ကျယ်ကျယ်လောင်လောင်ကြီး ပြန်လည်ကြားယောင်လာသည်။

"ငါသေချင်သေသွားပစေ၊ ကလေကချေ အဆင့်အတန်း မရှိတဲ့ လူရဲ့သွေးတော့ ငါ့သွေးကြောထဲ အစီးဆင်းမခံနိုင်ဘူး"

ဆိုသော စကားလုံးများသည် ... သူ့နှစ်လုံးသားနံရံများတွင် နေရာမလပ် စိုက်ဝင်နေခဲ့ပြီး ယနေ့ထိတိုင် စူးနစ်နေခဲ့ဆဲပင်။

www.burmeseclassic.com


ဘယ်လောက်အံ့ဩဖို့ကောင်းလိုက်သလဲ...။ သူမ မင်္ဂလာဆောင်တုံးက မဖိတ်ပဲသူအရောက်သွားခဲ့ကာ သူမ လက်ကို ဆွဲကိုင်နှုတ်ဆက်လျက် ပြောခဲ့သော စကားတွေသည် အဲ့ဒီ အချိန်က တစ်နေ့ လက်စားချေမည် ဟူသော ရည်ရွယ်ချက် ကြီးကြီးမားမားဖြင့် တမင်ရည်ရွယ်ပြီး ပြောခဲ့သည်။

အဲ့ဒီအချိန်က ခံစားနေရသော ဒဏ်ရာအနာတရကြီး နှင့်မခံချိမခံသာ ဖြစ်လွန်းသော ခံစားချက်တွေကြောင့်သာ သူ ပြောခဲ့ခြင်း ဖြစ်သည်။ တစ်နေ့နေ့ တစ်ချိန်ချိန်တွင် သူ အဲ့ဒီ အခွင့်အရေးကို အမှန်တကယ် ရရှိလာလိမ့်မည် ... ဟု မျှော်လင့် ချက်ပင်မရှိခဲ့။

ပို၍ မမျှော်လင့်ခဲ့သည်မှာ ထိုမမျှော်လင့်သော အခွင့် အရေးကိုသူ့ အား ပေးခဲ့သူမှာ ... သူ့ရဲ့ချစ်လှစွာသော သား ဖြစ်နေလိမ့်မည် ဆိုတာကို ဖြစ်သည်။

သူမကို  သူ ပြောခဲ့သော စကားသံများသည် ... သူ့ရင်ထဲတွင် ပဲတင်သံများသဖွယ် ... အထပ်ထပ်မြည်ဟည်းလာ တော့၏။

**စောတနာစာပေ**

www.burmeseclassic.com


"ကျွန်တော် ကတိပေးခဲ့မယ်၊ တစ်နေ့နေ့ကျရင် ကျွန်တော့်ရဲ့သွေးဟာ ခင်ဗျားဘဝရဲ့ အရေးအကြီးဆုံး အစိတ်အပိုင်းမှာပါဝင်စေရမယ်"

ဘုရားရေ ...။ လွန်ခဲ့သော အနှစ်နှစ်ဆယ်က သူ နာကြည်းနင့်သီးစွာ ပြောခဲ့သော စကားတွေသည် အခုအချိန်မှာ တကယ်ဖြစ်တော့မှာပါလား ...။

နေညိုရဲ့ သွေးသားအရင်းအချာဖြစ်သော ဩချိုသည် မက်မုံပွင့်၏ဘဝအရေးအကြီးဆုံးအစိတ်အပိုင်းဖြစ်သောသမ္ဘူခင်နှင့် ပေါင်းစပ်ပျော်ဝင်တော့မည်။

ကံကြမ္မာသည် ဤမျှ ဆန်းကြယ်တိုက်ဆိုင်လှသော လက်စားချေမှုတစ်ခုသူ့အလိုလို ဖြစ်ပေါ်လာအောင် ဘယ်လိုများ အကွက်ဆင်ခဲ့ပါသနည်း။ သူကိုယ်တိုင်ပင် သူရရှိလိုက်သော ဤမဟာအခွင့်အရေးကြီးကို မယုံနိုင်ချေ။

www.burmeseclassic.com

## အခန်း (၈)

"ဦးလေး၊ အမှတ် (     ) အင်းလျားမြိုင်ထဲကို သွားမယ်"

သားကို ပြောပြီး ... ကားပေါ်တက်ထိုင်လိုက်ချိန်တွင် သူ့နှစ်လုံးသားသည် တဒိတ်ဒိတ် ခုန်လှုပ်လာသည်။ ဤလိပ်စာကို သူ့မှတ်ဉာဏ်ထဲတွင် လုံးဝမမေ့သေးချေ။

သူမ အိမ်ပြောင်းခြင်းမရှိခဲ့ဘူးပေါ့။ အနှစ်နှစ်ဆယ်လုံးလုံး သူမဟာ ထိုအိမ်ကြီးမှာသာ နေထိုင်ခဲ့သည်ပေါ့။ သူ

www.burmeseclassic.com


ငယ်ငယ်က အမြဲသွားခဲ့သော ထိုအိမ်ကြီးကို သူ အလွတ်ရနေခဲ့သည့်တိုင် အိမ်တွင်းသို့ မမြင်ပင် မမြင်ဘူးခဲ့။ ထုထည် ခိုင်မာသော သံပန်းတံခါးကြီးများသည် မြင့်မားလှပြီး ခြံတွင်းသို့ပင် လှမ်း၍ မမြင်နိုင်လောက်အောင် ပိတ်ကာထားခဲ့၏။

ဒီနေ့တော့ သူသည် ထိုခြံကြီးထဲသို့ ဝင်ခွင့်ရတော့မည်။ ပထမဆုံးအကြိမ် ဝင်ဖူးခြင်း ဖြစ်သည်။

သားက ကားနောက်ခန်းမှာ ထိုင်ပြီး ... ဆဲလ်ဖုန်းဖြင့်သူ့ကောင်မလေးဆီသို့ ဖုန်းဆက်ကာ သူ လာနေပြီဖြစ်ကြောင်း ပြောထားသဖြင့် ခြံတံခါးသည် အဆင်သင့် ပွင့်လျက်ရှိကာ သူသည် ထိုခြံကျယ်ကြီးထဲသို့ ကားကို တိုက်ရိုက်မောင်းဝင်လာခဲ့သည်။

ကားကို ပေါ်တီကိုအောက်မှာ ရပ်ပေးပြီး သားဆင်းသွားချိန်တွင် သူက ခြံနောက်ဖက်ကျကျဆီသို့ မောင်းလာခဲ့သည်။ ခြံကြီးမှာ တစ်ဧကလောက် ကျယ်ဝန်းလှပြီး သစ်ပင်ပန်းမာလ်တွေနှင့် စိမ်းစိုအုံ့ဆိုင်းလျက်ရှိ၏။

www.burmeseclassic.com


သူ ကားပေါ်မှာ ငြိမ်ငြိမ်သက်သက်ကလေးထိုင်ပြီး သူ့ဘဝ သူ ပြန်စဉ်းစားကြည့်နေသည်။ ဘယ်လောက်ဆန်းကြယ်တဲ့ အလှည့်အပြောင်းတွေ သူ့ဘဝမှာ ဖြစ်ပေါ်ခဲ့သလဲ။

ဘဝချင်း ဆန့်ကျင်ကွာခြားလှသော မိန်းမတစ်ယောက်ကို မရနိုင်မှန်း သိပါလျက် အရူးအမူး နှစ်သက်မက်မောစွာ တမ်းတမ်းစွဲ ချစ်ခင်ခဲ့ဖူးသဖြင့် ထိုမိန်းမကပေးသော ဒဏ်ရာဒဏ်ချက်တွေကို ရင်နှင့်မမျှအောင် ရရှိခဲ့သည်။

အခုအချိန်မှာ သားနှင့် သူသည် သားအဖ ဟု မပတ်သက်နိုင်လောက်အောင်ပင်အဆင့်အတန်းချင်း၊အနေအထားချင်း ကွာဟခြားနားနေခဲ့သည်။ သို့သော် သူ ကံကောင်းလှပါသည်။ သူ သိပ်ချစ်ခဲ့သော မိန်းမတစ်ယောက်ကိုသား၏ ပယောဂဖြင့် သူပြန်လည် တွေ့မြင် ပက်သက်ခွင့် ရတော့မည်။ ခုအချိန်တွင် သူ့အသက် လေးဆယ်ပြည့်ခဲ့ပြီ။ ယောက်ျားတစ်ယောက်၏ ဘဝ အသစ်တစ်ခု စတင်ချိန်ဟု ပြောလျှင်လည်း ရနိုင်သော အရွယ်ဖြစ်သည်။

**စောတနာ စာပေ**

www.burmeseclassic.com


မက်မုံပွင့် ဟူသော မာန်နမာတို့၏ အထိမ်းအမှတ် ဖြစ်ခဲ့သော မိန်းမတစ်ယောက်သည်လည်း လှသွေးကြွယ်ဆဲ၊ မာနအရောင် တဖျပ်ဖျပ် တောက်ပလင်းဖြာဆဲ...။ ကဲ ... သူတို့ နှစ်ယောက်သည် မထင်မှတ်သောအချိန်၊ မထင်မှတ်သောနေရာ မထင်မှတ်သောအရွယ်တွင် မထင်မှတ်သောပတ်သက်မှုမျိုးနှင့် ပြန်လည်တွေ့ဆုံမိကြမည်ဆိုလျှင် သူမ ဘယ်လောက်ထိ တအံ့တဩ ဖြစ်မည်ကို သူ သိချင်မိပါသည်။

သူ သည် ကားနောက်မှီခုံကို လှဲချပစ်လိုက်ကာ မျက်လုံးများ စုံမှိတ်ထားပြီး အတွေးတွေ ဝေဖြာနေခဲ့သည်။

သူမ မျက်နှာ မျက်လုံးများနှင့် ကိုယ်ဟန်အမူအရာများ ကို သူ ယနေ့တိုင် မမေ့နိုင်သေး။ သူမကို ပြောင်းလဲသွားဖို့ အနှစ်နှစ်ဆယ်ဆိုတဲ့ အချိန်ဟာ အင်မတန် လုံလောက်ရုံတင်မက ပိုလျှံနေသည့်အချိန် မဟုတ်ဘူးလား ...။

သူမလုံးဝမပြောင်းလဲသေးပါ။ မာန်မာန ဟူသော မီးလျှံသည်ယခုအချိန်ထိတိုင်အောင် သူမ နှလုံးအိမ်မှာ အလျှံငြီးငြီး လင်းဖြာဆဲ ရှိသည်။

www.burmeseclassic.com


သူဘယ်လောက်ကြာအောင် အတွေးတွေ ဖြန့်ကျက်နေခဲ့သည်မသိ။ အိမ်ဖော်မိန်းကလေးတစ်ယောက် ကားအနားသို့ ရောက်လာကာ ...

"ဦးလေးကြီး ...အစ်ကိုလေးနဲ့မမလေးတို့ အပြင်ကိုထွက်တော့မယ် ... ကားကို ပေါ်တီကိုအောက် မောင်းလာပေးပါ"

ဟု ပြောလာသဖြင့် သူ ကပျာကယာ ထ, လိုက်ရသည်။ ကားကို ပေါ်တီကို အောက်ဆီသို့ သူ ချက်ချင်းမောင်းခဲ့၏။ ပေါ်တီကိုဝတွင် သားကို အဝထိ လိုက်ပို့နှုတ်ဆက်နေသော မက်မုံပွင့်ကို မြင်ရလျှင် သူ့ရင်တွေ တဒိန်းဒိန်း တုန်ခါ လှုပ်ရှားလာသည်။ ဘုရားရေ ငါ အခုချိန်ထိ ဘာတွေ ဖြစ်နေသေးတာလဲ။ မဖြစ်သင့်တော့ဘူး မဟုတ်လား ...။ အသက်အရွယ်အရ ... ဘဝ အခြေအနေအရ အဆင့်အတန်းအရလေ ...။

သူ့ကို သူမက အရေးစိုက်ပြီးတော့တောင် လှမ်းမကြည့်သော်လည်း သူကတော့ ရင်တဒိတ်ဒိတ်ခုန်ကာ သူ့ကိုမမြင်

www.burmeseclassic.com



အောင် မျက်နှာကို တစ်ဖက်သို့ ခပ်လွှဲလွှဲထား, ထားရသည်။ သို့သော် သူမ၏ ... ချိုကြည်သော အသံကတော့ သူ့နားစည်သို့စီးဝင်လာခဲ့လေသည်။

"အေး ... အေး ... သား ... ဆန်းဒေးနိုက်(ထ်) ဒင်နာနော်...အန်တီတို့ ဆက်(က်)(စ်)ရှာ့(ပ်) ရောက်လာမယ် ... ဟုတ်ပြီလား ... မင်းဒက်ဒီနဲ့ မာမီကိုလည်း အန်တီက သတိရတယ်လို့ ပြောနော် ... ဆီးယူ ... ဘိုင့်ဘိုင့် ... သန့်(က်)(စ်) ဖော် ခမ်းမင်း"

"ရော်(ရ်)ဝဲလက်ကမ်း(မ်)အန်တီ ... ကျွန်တော် သမ္ဗူကို ညနေ ဖိုက်(ဗ်)ရှာ့(ပ်) လာပြန်ပို့ပေးပါ့မယ် ..."

"အိုးခေ ... ဘိုင့်ဘိုင် သမီး ... ဟက်(ဗ်) အနိုက် (စ်) တိုင်း(မ်)"

"ဘိုင့်ဘိုင် မေမေ"

သူတို့ အပြန်အလှန် နှုတ်ဆက်ကြပြီးမှ သားနှင့် မိန်းကလေးက ကားပေါ်တက်လာလေသည်။

"ကဲ ... ဘယ်သွားမလဲ ကောင်မလေး"

သားရဲ့ အသံလေးက ထူးခြားချိုရှင်လျက် သူ

www.burmeseclassic.com


နောက်ကြည့်မှန်ထဲမှလှမ်းမြင်ရသော သားရဲ့ မျက်နှာကလေးမှာ ကြည်နူးရွှင်ပြမှုဖြင့် ... တောက်ပ အရောက်လက်ဖြာ နေလေသည်။

"ဆန်းမစ်မှာ ကော်ဖီသွားသောက်မယ် ... ပြီးတော့ ရှော့ပင်လုပ်မယ် ... တစ်နေရာရာမှာ ထမင်းစားမယ် ... ပြီးတော့ ဘုရားလည်းသွားမယ် ... အင်းလျားကန်ပေါင်လည်း သွားချင်သေးတယ်"

"အိုကေ ... အိုကေ ... မင်းရဲ့ဆန္ဒတွေ အားလုံး ပြည့်ဝစေရမယ် ... ကဲ ... ဦးလေး ကြားတယ်နော် ... ပထမဆုံး ဆန်းမစ် သွားမယ် ... ဟုတ်လား ..."

"ကောင်းပြီ သား ..."

သူ ဆန်းမစ်သို့မောင်းရသည်။ သူ့တုန်းက မရရှိခဲ့သော..ချစ်သူ လူငယ်နှစ်ဦး၏ လွပ်လပ်ပေါ့ပါးသော ပျော်ရွှင်ချိုမြိန်မှုသည် သူ့ရင်ထဲသို့ ကူးစက်စီးဝင်လာကာ သူ့ရင်သည် အလိုလို နွေးမြနေပြီး နှုတ်ခမ်းများက ပြုံးနေမိသည်။

သားက ကောင်မလေးရဲ့ ပခုံးကို ဖက်ထားကာ

www.burmeseclassic.com


စကားတွေခပ်တိုးတိုးပြောလိုက် ကောင်မလေးက ရယ်လိုက်နှင့် သူတို့ပျော်နေကြသည်။ ကောင်မလေးရဲ့ ဖြူဖွေးဥနုနေသော အသားကလေးများ ဝင်းအိနေသည်။ သူမကြည့်ရတာသူမမိခင်လို မာနဖြင့် ခက်ထန်သော မျက်နှာမရှိ။ ပကတိ ဖြူစင်နွဲ့ပျောင်းကာ နူးညံ့ကြည်စင်နေ၏။ ဆံပင်အိအိစင်းစင်းကလေးများ လွတ်လပ်စွာ ဝဲကျနေပုံက ကလေးငယ်တစ်ယောက်လိုအပြစ်ကင်းစင်လှပါသည် ...။

သူ့သားကရော ဘာထူးသေးလဲ။ တကယ်ကို နုနုနယ်နယ်၊ အပြစ်ကင်းစင်စင်လူငယ်ကလေး။ အရပ်က မြင့်မားထောင်မောင်းလှသဖြင့် စပို့ရှပ်နှင့် ဘောင်းဘီရှည်ကြောင့် နုနယ်လိုက်ဖက်ကာ အလွန်ချောမောနှစ်လိုဖွယ်ကောင်းသော ကောင်ကလေးတစ်ယောက် ဖြစ်သည်။

ဟိုတယ်ထဲသို့ ဝင်သွားကြပုံမှာ တစ်ယောက်ခါးတစ်ယောက်ဖက်လျက်သား ... ဘာပူပင်ကြောင့်ကြမှ မရှိဘဲ ရယ်မောလို့သာနေကြသည်။သူတို့ကအသက်ကလေးတွေငယ်ငယ်နှင့် ပညာတွေ တတ်သလောက် ကိုယ့်ကိုကိုယ် ယုံကြည်စိတ်

www.burmeseclassic.com


ချမှုအပြည့်ရှိရာ ရဲရင့်ပွင့်လင်းပြီး ပွဲလယ်တင့်လျက်ရှိလေသည်။ ဘယ်လောက်တော်တဲ့ လူငယ်ကလေးတွေလဲ။ မိဘကလည်း ကြွယ်ဝပြည့်စုံတော့သူတို့ပညာရေးအတွက်အစွမ်းကုန်ထောက်ပံ့ ဖြည့်စည်းပေးနိုင်သလို သူတို့ကလေးတွေကလည်း အရွယ်နှင့် မလိုက်အောင် အရယူနိုင်ပြီး ရည်မှန်းချက်တွေကြီးကာလန်းဆန်း တက်ကြွနေလေသည်။

ဆန်းမစ်တွင် တစ်နာရီလောက် သူ စောင့်နေရပြီး သားတို့နှစ်ယောက် ပြန်ထွက်လာလေသည်။

"ရှော့ပင် အရင်သွားလိုက် သမ္ဘူ ... ဘုရားကို ဒီအဝတ် အစားနဲ့ တက်လို့မရဘူး ... တစ်ရက်မှ မနက်စောစော မြန်မာဆန်ဆန်လေးဝတ်ပြီး တက်ကြစို့ ... အိုကေ"

"အိုကေ ... အိုကေ ... သဘောတူပါတယ်၊ ဒီလိုဝတ်လာ တာအိုက်လွန်းလို့ပါကွာ ... နောက်နေ့ကျ မြန်မာလို ဝတ်ပါ့မယ် ... မိန်းကလေးဆန်ဆန်ပေါ့"

"ကောင်းပြီ ... ကိုယ် ကြည့်မယ်"

"ကြည့်ပါ ... ကြည့်ပါ"

www.burmeseclassic.com


သူတို့လေးတွေ ရယ်မောကြ ပြန်သည်။ F.M.I YANKIN CENTRE ... JUNCTION 8 စသောနေရာတွေကိုသူ မမော ပန်းနိုင်အောင် လိုက်ပို့ပေးပြီး သူပါ ပျော်ရွှင်နေခဲ့သည်။

ညနေ ငါးနာရီထိုးမှပင် သမ္မုခင့်ကို သူမ အိမ်သို့ ပြန်ပို့ပေးခဲ့ရသည်။ သားရဲ့ မျက်နှာကလေးက ရွှင်ကြည်ချို့မြနေ ခဲ့သဖြင့် သူ မနေနိုင် မထိုင်နိုင် ...

"သား ... ကောင်မလေးကို သိပ်ချစ်ပုံ ရတယ်နော်"

ဟု ပြောလိုက်မိသည်။ သားက တစ်ချက်ရယ်ကာ ...

"ဟုတ်တယ် ...သိပ်ချစ်တယ်၊ သူရော ကျွန်တော်ရောက First Love တွေလေ ... တစ်ယောက်ကို တစ်ယောက် သိပ်ရူးသွပ်လိုအပ်ကြတာပေါ့ ...

"ဟိုတုန်းကဆိုရင် ကျွန်တော်နဲ့သူ APARTMENT ချဉ်းကပ်ရက် ... အမြဲတွေ့နေကြတာ... သူက သူ့အဖေနဲ့ သိပ်မနေဘူး ... မိထွေးအဖြူမကို သိပ်ကြည်မရလို့တဲ့ ... သူ့ ဘာသာ ငှားနေတာ ... အဲဒါကြောင့် ကျွန်တော်တို့နှစ် ယောက်က အရမ်း CLOSE ဖြစ်တယ် ... ATTACHMET

www.burmeseclassic.com


(တွယ်တာခြင်း...) များတယ် ... မခွဲ နိုင်ဘူး ... ခွဲလည်း မခွဲချင်သူး ... သိပ်ချစ်ကြတယ် ...

"ကျွန်တော်တို့ နှစ်ယောက်က စိတ်ဓါတ်ချင်းလည်း တူတယ်...ဘဝရည်မှန်းချက်ချင်းလည်းအပြန်အလှန်နားလည် လေးစားကြတယ် ... အဲ့ဒါပဲ..."

သားကပွင့်ပွင့်လင်းလင်းပင် သူတို့အကြောင်းကိုပြောပြ ပါသည်။ သားသည် သူ့ထက် အဆပေါင်းများစွာ ကံကောင်း သူ တစ်ယောက်ဖြစ်ကြောင်း သူ သံသယ ဖြစ်နေစရာမလိုပါ။

"ကဲ ... ကျွန်တော့်ကိုချည်း မေးနေတယ် ... ဦးလေးက ရော"

"ဟမ်"

သားကရုတ်တရက် ရယ်ရယ်မောမောနှင့် ဖျက်ကနဲ ပြန်မေးလိုက်သောအခါ သူ အယောင်ယောင် အမှားမှားဖြစ်သွား ကာ ရုတ်တရက် ဘာပြန်ဖြေရမှန်း မသိအောင် ဆွံ့အဆို့နစ်သွား တော့၏။

www.burmeseclassic.com


"ဪ ... ကျွန်တော် မေးတာက ဦးလေးဘဝမှာ အချစ်ဆိုတာ မရှိခဲ့ဘူးလား ... တစ်ယောက်ယောက်ကို မချစ်ခဲ့ဘူးလားလို့ မေးတာပါ"

"ခု အသက်အရွယ်အထိ ဦးလေးက တစ်ယောက်တည်း ကြီးဆိုတော့ အထီးမကျန်ဘူးလား၊ ပျင်းစရာကြီးနေမှာပဲ လို့ ကျွန်တော် တွေးကြည့်မိတာ"

"ဘယ်နေမလဲကွယ် ... လူတိုင်း လူတိုင်းဟာ ဘဝမှာ တစ်ကြိမ်တစ်ခါတော့ ချစ်ဖူးကြတာပါပဲ ... လုံးဝမချစ်ဖူး ဆိုရင်အဲ့ဒီလူ လိမ်တာပဲ ... အချစ်ဆိုတာကြီးက တစ်ကြိမ် မဟုတ် တစ်ကြိမ်တော့ လူတိုင်းရဲ့ ရင်ဘတ်ကို ဝင်ဝင် ဆောင့်စမြဲပဲ ... တချို့ကျတော့ အံဝင်ခွင်ကျနဲ့ ကံကောင်းလှ စွာပဲ ... အဲ့ဒီအချစ်ဆိုတာကြီးကို ပိုင်ဆိုင်ခွင့် ရကြတယ် ...

"တချို့ကျတော့ ကံမကောင်းကြဘူးပေါ့ ... အချစ် ဆိုတာကြီးရဲ့ ဝုန်းခနဲ ဝင်ဆောင့်တာကိုတော့ ခံလိုက်ရတာ ဘဲ ... ဒါပေမယ့် ပိုင်ဆိုင်ခွင့် မရလိုက်ဘူး ... ဒဏ်ရာဒဏ်

www.burmeseclassic.com


ချက်တွေနဲ့သာ လဲပြိုပြီး ကျန်ရစ်ခဲ့ရင် ကျန်ခဲ့မယ် ... အချစ်နဲ့ သူ မတည့်ဘူး ... အံဝင်ခွင်ကျ မဖြစ်ဘူး ...”

“Allergic to love ဟုတ်လား .... အံမယ် ... ဦးလေးက အဲ့ဒီလိုလား ... အဲ့ဒီလို အချစ်ကိုတော့ တွေ့ဖူးတယ်ပေါ့ မရခဲ့တာပေါ့”

သားက သူ့ကို သဘောတကျ၊ စိတ်ဝင်တစားဖြင့် ကြည်ကြည်ပျပျ ရယ်မောနေသည်။ သူကလည်း သားနှင့် စကား ပြောချင်နေသေးသဖြင့် အိမ်သို့ ချက်ခြင်းတန်းမပြန်ဘဲကားကို ကွေ့ပတ်၍ လျှောက်မောင်းနေ၏။ သားက သတိထားမိပုံ မပေါ် ချေ။

“တွေ့ခဲ့ဖူးတာပေါ့ ... အခုအချိန်၊ အခုအသက်အရွယ်အထိ ဦးလေးဘဝမှာ အဲ့ဒီမိန်းမကို ချစ်နေနိုင်တုန်းပဲ ... သူ့ကို တွေ့ရင် ရင်တွေဘာတွေ ခုန်တတ်တုန်းပဲ”

“ဟား ... ဟား ... မိုက်တယ်ကွာ ... ဦးလေးက အချစ်နဲ့ တွေ့ရင် မအိုသေးဘူးပေါ့”

www.burmeseclassic.com


"ဦးလေးက အချစ်ဆိုတာကြီးကို အရမ်းလည်းကြိုက်တယ် သားရာ ... ဒါပေမယ့် ကြောက်စရာ ကောင်းလောက်အောင် လည်းအချစ်ဆိုတာကြီးက တန်ဖိုးကြီးလွန်းတယ်၊ ဥပမာ ပေးရရင်ပေါ့ကွာ...သိပ်ဈေးကြီးလှလွန်းတဲ့ချောကလက်ကြီး တစ်ခုလိုပေါ့ ... ဦးလေးက အရမ်းကြိုက်တယ် ... ဒါပေမယ့် တန်ဖိုးကြီးလွန်းလို့ ဝယ်လည်းမဝယ်နိုင်ဘူး ... ခုအချိန်ထိ လည်း အဲဒီချောကလက်ကြီးကို မြင်ရင် ရင်တွေ ဗလောင် ဆူလာပြီး တပ်မက်လာတုန်းပဲ ... ဒါပေမယ့် ခုချိန်ထိလည်း ဦးလေးနဲ့ မတန်သေးဘူး... မဝယ်နိုင်သေးဘူး ..."

"ဟား ဟား ဟား ... သိပ်ထိမိတဲ့ ဥပမာဗျာ ... ဦးလေး မိုက်တယ်ဗျာ ... ခုချိန်ထိ အချစ်ဆိုတာကြီးကို ကြိုက်နိုင် သေးတယ်ပေါ့"

သားကသဘောကျလွန်းသဖြင့် ခွက်ထိုးခွက်လန် ရယ်မောသဖြင့် သူပါ အော်၍ ရယ်မိလေသည်။ ကားထဲမှာသူတို့သားအဖ နှစ်ယောက်သား၏ ရယ်မောသံတွေမှာ ဝက်ဝက်ကွဲမျှဆူညံနေလေသည်။ဤအချိန်ကလေးကိုသူ့တစ်သက်

www.burmeseclassic.com


ဘယ်တော့မှ မေ့နိုင်တော့မည်မဟုတ်။ သူ့ဘဝတွင် အပျော်ဆုံး အမှတ်တရ အချိန်တစ်ချိန်ဖြစ်သည်။

"အရမ်းကြိုက်တယ် ... ဦးလေးက အချစ်ဆိုတာကြီးကို အရမ်းကြိုက်တယ် ... တန်ဖိုးကြီးလွန်းလို့ ခုချိန်ထိ အနားမကပ်နိုင်ဘူး ..."

"ဝိုး ... ဟား ... ဟား ... ဦးလေးကို ကျွန်တော် စိတ်ဝင်စားတယ်ဗျာ ... မိုက်တယ် ... ဒီနေ့ စိတ်အဝင်စားဆုံးပဲ"

သားကတကယ်လှိုက်လှိုက်လှဲလှဲ ပြောခြင်းဖြစ်ရာ သူ့ရင်ထဲတွင် သိမ့်သိမ့်တုန်သွားလေသည်။ သားမျက်လုံးများမှာ အရောင်တလက်လက် ထွက်နေခဲ့သည်။

"တကယ်ပါ ... သားတို့နှစ်ယောက်ကို ဦးလေး ဒီနေ့မြင်ရတာ အရမ်းပျော်တယ်၊ ကြည်လည်း ကြည်နူးတယ် ... လူငယ်ဘဝမှာပဲ အချစ်ဆိုတာကိုတွေ့ဖို့ အခွင့်အရေးပိုရတာ... ဒီအချိန်က စိတ်ထဲမှာ ရှင်းတယ် ... နှလုံးသားက လက်ဆတ်တက်ကြွလွန်းလို့ရင်ဘက်ထဲကတလှုပ်လှုပ်တောင် ခုန်နေတာ ...

www.burmeseclassic.com


"ဦးနှောက် သိပ်မနိုးကြားသေးဘူး ... သူက အေး ဆေးပဲ... သူ ဝင်လာရင် မလွယ်ဘူး ... အစစ်ဆိုတာ ကြီးကိုမရနိုင်တော့ဘူး၊ သူက နှလုံးသားကို နှောင့်ယှက် တိုက်ခိုက်မယ့် ရန်သူ ... ဒီ ဦးနှောက်က နှစ်ဆယ်ကျော် သုံးဆယ်ကျော်ဆို သောက်ရမ်းအလုပ်လုပ်ရပြီ ... မလွယ် တော့ဘူး ... သူနှောင့်ယှက်တော့မှာ ...

"သား ဒီအချိန်မှာ အချစ်ကိုတွေ့တာ အကောင်းဆုံး ပဲ"

"ဦးလေးကို ကျွန်တော် အရမ်းကြိုက်တယ်ဗျာ ... ဒိုင်ယာ လော့ခ်က တကယ်ပဲ ရင်ဘတ်ကို တည့်တည့်ထိအောင် ပြောတတ်တယ် ... ဒရိုင်ဘာ အလုပ်နဲ့တောင်မတန်ဘူး"

"ဒါပေမယ့်သားရေ၊ ဒီအလုပ်ကိုပဲ ဦးလေး ကြိုက်တယ်၊ လောကမှာ ကိုကြိုက်ရင် တန်တာ မတန်တာ မရှိတော့ ပါဘူး သားရယ် ...

" ဦးလေးမှာ သားတစ်ယောက်ရှိခဲ့ဖူးတယ် ..."

"ဟုတ်လား ... အခုရော ..."

www.burmeseclassic.com


"အခု သူ ဘဝပြောင်းသွားပြီ"

သူက သူ့အဓိပ္ပါယ်နဲ့သူ ပြောခြင်း ဖြစ်ပေမယ့် သားကတော့ တစ်မျိုးအဓိပ္ပါယ် ကောက်ယူလိုက်ပုံရပါသည်။

"ကျွတ် ... ကျွတ် .... ဆောရီးဦးလေး ... ကျွန်တော် စိတ်မကောင်းပါဘူး"

"သူ မသေပါဘူး ... သေသွားတာ မဟုတ်ဘူး ... ဦးလေး ရဲ့သားအဖြစ်နဲ့ သူ မတန်တော့တာ..."

သားကတော့ သိပ်နားလည်ပုံ မရဘဲ ငြိမ်သက်သွားပြီး ဘာမှလည်း ဆက်မပြောတော့ပါ။ သူ့ရင်ထဲ တင်းကျပ်ဆို့ ပိတ်အက်ကွဲလာကာ မျက်လုံးထဲ မျက်ရည်တွေ ပြည့်လာခဲ့ သည်။

မဖြစ်သေးပါဘူး။ အိမ်မြန်မြန်ရောက်အောင် ပြန်မှပဲ။ နို့မို့ဆို သူ့ရင်တွေ ပွင့်အန်ကွဲထွက်ကုန်တော့မယ် ...။

ဒီအချိန် မဟုတ်သေးဘူး။ သားကို သူ ဖွင့်ပြောရ မယ့်အချိန်ဟာ ဒီအချိန် လုံးဝမဖြစ်စေရဘူး ...။

သူ့ ရင်ထဲတွင် ခါးခါးသီးသီးကြီး ငြင်းဆန်မိ၏။

www.burmeseclassic.com


ကားကိုအရှိန်ပိုမြှင့်လိုက်ကာသားကိုသူဘာမှထပ်မပြော ဖြစ်တော့ချေ။ သားကလည်း ဘာမှ ထပ်မပြောတော့။

သူတို့ အိမ်သို့ ပြန်ရောက်လာကြ၏။ သားရဲ့ ဆဲလ်ဖုန်းဆီ ဖုန်းဝင်လာသဖြင့် သားက ဖုန်းပြောရင်း ကားပေါ်မှ ဆင်းသွားရာ သူ့ကိုပင် နှုတ်မဆက်နိုင်ခဲ့။

သူ့ရင်ထဲ ဟာတာတာကြီး ဖြစ်နေခဲ့၏။ သားကို ချစ်သော သူ့အချစ်တွေသည် တစ်နေ့ထက်တစ်နေ့ ပို၍သိပ်သည်းပြည့်လျှံလာကာတစ်ချိန်ချိန်တွင်တော့ ပြိုဆင်းပွင့်ထွက်တော့မည်ဆိုတာ သူ သိနေခဲ့သည်။ သူ့ ကိုယ်သူ အာမ မခံနိုင်၊ မထိန်းချုပ်နိုင်သော တစ်နေ့နေ့တွင် သူ သားကို ဖွင့်ပြောမိတော့မှာ သေချာလေသည်။

www.burmeseclassic.com

## အခန်း (၉)

မက်မုံပွင့်တို့ သားအမိ သားတို့အိမ်တွင် ထမင်းလာစားသောနေ့က သူသည် ထမင်းစားခန်း ပြတင်းမှန်ရှည်များ နောက်ကွယ်တွင် ရှိနေခဲ့သည်။အိမ်၏အပြင်ဘက်မှနေ၍ ခန်းစီးရှည်ရှည်အကွယ်ကို အကာယူကာ သူက ထမင်း စားခန်းထဲသို့ တိတ်တဆိတ် ချောင်းကြည့်နေခဲ့၏။

မက်မုံပွင့်၏ မျက်နှာကို သူ ဘေးတိုက်သာ မြင်

www.burmeseclassic.com


ရသည်။ရင့်ကျက်တည်ငြိမ်သွားသော အလှအပတွေ ပိုလာသည် ကလွဲ၍ သူမလှပဆဲပါပဲ။ သူ့အသက်သည် ဟိုးအနှစ်နှစ်ဆယ်ဆီ ပြုံဆင်းသွားခဲ့၏။ ဟိုးအရင်က ရင်ခုန်မှုမျိုး သူ ပြန်လည်ရရှိလာသည်။

ဒီ အချစ်ဆိုတာကြီးဟာ ဘယ်လောက်ထူးဆန်းဆန်းကြယ်လှပါသလဲ ...။ အသက်နှစ်ဆယ် အရွယ်က စုံစုံမက်မက်ချစ်ခဲ့ဘူးသောမိန်းမတစ်ယောက်ကိုအသက်လေးဆယ်အရွယ်ရောက်သည့်တိုင်...မပြောင်းမလဲ၊မလျော့ပါးဘဲချစ်နေနိုင်ဆဲ ...။ အချစ်ကြောင့် ပြန်လည်နုပျိုလန်းဆန်းလာဆဲ...။

ခြောက်သွေ့သေဆုံးသွားသော မျှော်လင့်ချက်တို့ ပြန်လည်ဝေဆာကွန့်မြူးလာခဲ့ပြီး ဘဝသည် အဓိပ္ပါယ်တစ်ခုခု သက်ဝင်လာသလို နေပျော်လာခဲ့သည်။ သူမ မျက်နှာလှလှကို သူ မျက်တော်မခတ်နိုင်ဘဲ စွဲလမ်းတပ်မက်စွာ ငေးကြည့်မိဆဲ။ မိန်းမူးသာယာဆဲ ...။

အဲ့ဒီအချိန်မှာ အိမ်ဘေးမှာ စီတန်းသွားနေသော

www.burmeseclassic.com


ပုရွက်နီတွေက သူ့ခြေထောက် တစ်ပြင်လုံးမှာ အုံခဲလျက်ရှိပြီး... သူ့ကိုယ်ခန္ဓာကိုယ်ပေါ်ဆီ ပျံ့နှံ့တက်လာနေကြတာကိုသူသိလိုက်ရသည်။

ဘုရား ... ဘုရား ...။ သူ အသံမထွက်ရဲ။ မညည်းညူရဲ...။ ပုရွက်နီတွေ ကိုက်ခဲ့သည့်နေရာတွေမှာ အဆိပ်တက်ကာ စူးစူးရှရှ စပ်ဖျဉ်းပြီး အပိန့်အပိန့်တွေ ထလာသည်ကို သူ ကြိတ်မှိတ်၍ ခံစားရလေသည်။

သူမတို့ ထမင်းစားရင်း စကားလက်ဆုံကျကာ ရယ်ရယ်မောမော၊ ခင်ခင်မင်မင်ဖြင့် တစ်နာရီကျော် ကြာမြင့်ကြသည်။ ထိုတစ်နာရီကို သူ့ဖွဲ့နပဲဖြင့် သည်းခံအောင့်အည်း၍ နေရလေသည်။

သူမတို့ ထမင်းစား၍ ပြီးသွားချိန်တွင် ထမင်းစားခန်းမှ ထထွက်သွားသော အချိန်မှသာ သူ ဝုန်းခနဲ ပြိုဆင်းသွားလေသည်။ သူ့အဖြစ်ကိုဘယ်သူမှ မသိမမြင်လိုက်ပေမယ့် သူတစ်ယောက်တည်း ကျိတ်၍ ရယ်မောမိသေး၏။

**စေတနာ စာပေ**

www.burmeseclassic.com


ခုချိန်ထိ အချစ်ဆိုတဲ့ အရာကြီးက သူ့ကို ပညာသား ပါပါနှိပ်စက်ကလူ ပြုတုန်းပါပဲလား ...။

အချစ်နှင့် သူ ဘယ်တုန်းကမှ မသင့်မြတ်ခဲ့ ...။ မတည့်ခဲ့...။ အချစ်က သူ့ကို ဘယ်လောက် နာကြည်းအောင်၊ ဒဏ်ရာဒဏ်ချက်တွေရအောင် လုပ်ခဲ့ပေမယ့်သူ အမှတ်မရှိသေး။

BURMESE CLASSIC .com

www.burmeseclassic.com


သားတို့မိသားစုကလည်း မက်မုံပွင့်တို့အိမ်သို့ ထမင်းစားသွားကြလျှင် ... သူက ကားမောင်းပို့ပေးရသည်။ ထိုအခါတိုင်း မက်မုံပွင့်က သူ့ကိုယောင်ယမ်း၍ပင် မကြည့်ခဲ့ချေ။ ဒရိုင်ဘာဆိုသောလူသည် လူတစ်ယောက်ဟုပင် သတ်မှတ်မထားသလိုပင် သူမ မျက်နှာမှာ ပေါ်လွင်နေခဲ့သည်။

အဆင့်အတန်း ခွဲခြားသော၊ မာနခက်ထန်သော အရိပ်အယောင်များသည် သူမ မျက်နှာပေါ်တွင် အမြဲ ထင်ရှားသိပ်သည်းစွာပင် ရှိခဲ့သည်။ ဘယ်တော့မှ လျော့ပါးမသွားခဲ့။

သူ့အနေနှင့်က သူမကို ပြောင်းလဲမှု တစ်ခုခုနှင့် ကြုံစေချင်သည်။ လူတစ်ယောက်ကို လူလို ကြည့်မြင် နားလည်

www.burmeseclassic.com


တတ်ဖို့ သင်ကြားပေးချင်သည်။ လူတစ်ယောက်၏ အဆင့်အတန်း ဆိုတာကို ... ငွေကြေး၊ ဂုဏ်ဒြပ်၊ စည်းစိမ်ချမ်းသာတို့ဖြင့် မပိုင်းဖြတ်ဘဲ ... လူသားဆန်မှု ... လူပီသမှု ... ကိုယ့်ကိုယ်ကိုယ်သိမှု... စာနာနားလည်တတ်မှုတို့ဖြင့် ပိုင်းဖြတ်စေချင်ခဲ့သည်။ သူ ခုအချိန်ထိတော့ ... သူမနှင့် ထိပ်တိုက်ရင်ဆိုင်တွေ့ကာ သူမ နားလည်လက်ခံအောင် ပြောမပြနိုင်သေး။ ထိုအခွင့်အရေးကို တစ်နေ့နေ့တော့ သူ ရချင်ပါသည်။ သူမကို ပြောဖြစ်အောင်တော့ ပြောမည်။

လူတစ်ယောက်အကြောင်း၊ လူတစ်ယောက်ရဲ့ အဖိုးတန်မှုအကြောင်း၊ ဖခင်တစ်ယောက်ရဲ့စွန့်လွှတ်အနစ်နာခံမှုတွေနဲ့ အရေးပါမှုအကြောင်းတွေပေါ့ ... ။

ထိုစကားတွေကို သူ ဘယ်လိုအချိန်မှာ ဘယ်လိုပုံစံ၊ ဘယ်လိုအနေအထားဖြင့် သူမကို ပြောပြနိုင်မည်နည်း။

ဒီလို ပြောပြနိုင်ဖို့ အခွင့်အရေးအတွက် သူ ဘယ်လောက်ထိ အချိန်တွေ ... စိတ်ဓာတ်တွေ ... အခွင့်အရေးတွေ ပေးဆပ်မြှုပ်နှံခဲ့ရသလဲ ဆိုတာတော့ သူ တစ်ယောက်တည်းသာ သိပါသည်။

www.burmeseclassic.com


သူ့အသက်သည် လူ့ဘဝသက်တမ်း၏ တစ်ဝက်ကျော်ကျော်အချိန်ကို ဖြတ်သန်းခဲ့ပြီး ဖြစ်သည့်တိုင် သူ့ဘဝတွင် ခုထက်ထိ လိုချင်တာတွေ မရနိုင်သေး။ သားဆီက အသိအမှတ်ပြုမှုနှင့် ယုယကြင်နာမှုတွေ သူ မရရှိသေး။ သူချစ်သော မိန်းမဆီက သူ့အချစ်အပေါ် နားလည်တန်ဖိုးထားသော တုံ့ပြန်မှုမျိုး သူ ပြန်မရနိုင်သေး ...။ တကယ်ဆို သူ ဘာမှကို မရသေးတာဖြစ်ပါသည်။

ဘာမှ မရသေးသူတစ်ယောက်သည် လောဘပိုကြီးလာကာ တစ်ခုခု လိုချင်စိတ်တွေ ပြင်းထန်လာခဲ့သည်။ သူ ... လောကကြီးဆီက ဘာမှမရလိုက်ဘဲ ... သူ့ကို ဘယ်သူဘယ်ဝါမှန်းလူတွေ (အထူးသဖြင့် သူသားနှင့် သူချစ်သောမိန်းမ) မသိလိုက်ဘဲ တိတ်တဆိတ် သေဆုံးမသွားချင်ခဲ့ပေ။ အဲ့ဒီလို သူ ဘာမှန်းမသိဘဲ သေဆုံးသွားရမှာကို ကြောက်စ, ပြုလာခဲ့သည်။

ဘဝသည် အလှည့်အပြောင်းတွေ သိပ်များသည်ဆိုလျှင် သူ့ကို အလှည့်အပြောင်း တစ်ခုခုတော့ ပေးသင့်သည်။ ဒါမှမဟုတ် သူကိုယ်တိုင်က ပြောင်းလဲသွားချင်တာမျိုးလည်းဖြစ်

www.burmeseclassic.com


သည်။ ဘဝမှာ သိပ်ထိန်းချုပ် မျိုသိပ်ရတာတွေ များခဲ့သော လူတစ်ယောက်သည် တစ်ချိန်တည်း လုံးဝပြောင်းလဲဆန့်ကျင်သွားကာ ပေါက်ကွဲပွင့်အန်ထွက်ကုန်တာမျိုး ဖြစ်ချင်ဖြစ်မည် ...။ အမြဲစွန့်လွှတ်ပေးဆပ်ခဲ့သူ တစ်ယောက်က ပြန်လည် ရယူလိုချင်လာခဲ့သူ ဖြစ်ချင်ဖြစ်လာမည်။

သူ ... သားဆီက တစ်ခုခု ပြန်လည် ရယူချင်လာသည်။ သူ ချစ်လှသော မိန်းမဆီက အသိအမှတ်ပြုမှုနှင့် တန်ဖိုးထားမှုကိုလည်း လိုချင်လာပြန်သည်။

လွန်ခဲ့သော အနှစ်နှစ်ဆယ်လောက်ကစပြီး ခုချိန်ထိ သူ့ကို လူတစ်ယောက်အဖြစ် အသိအမှတ် မပြုခဲ့သော ... သူ့ရဲ့သွေးကိုပင် အဆင့်အတန်း ခွဲခြားနှိမ့်ချစွာ သူမ ကိုယ်ခန္ဓာအဝင်မခံနိုင်လောက်တဲ့အထိ ဆတ်ဆတ်ခါ နာခဲ့သော မိန်းမတစ်ယောက်ကို ခုချိန်မှာ သူ အလုပ်ချင်ဆုံး အလုပ်တစ်ခုမှာ ချစ်မြတ်နိုးစွာ၊ လှလှပပ လက်စားချေဖို့ပဲ ဖြစ်လေသည်။

www.burmeseclassic.com


ဦးသက်ထွန်းနှင့် ဒေါ်မိမိခိုင်တို့က သူ့ကို သားမသိစေရအောင် စာကြည့်ခန်းထဲမှာ သီးသန့်တွေ့ဆုံခဲ့ပြီး ဆွေးနွေးညှိနှိုင်းမှုတစ်ခု ပြုလုပ်ခဲ့သည်။

"သားကို သမ္မုခင်နဲ့ ဦးတို့သဘောတူတယ် ...လက်ထပ်ပေးချင်တယ်၊သူတို့ လူငယ်ချင်းကလည်း ဟိုမှာကတည်းက ရင်းနှီးငြိတွယ်ခဲ့ကြပြီးသား ဆိုတော့ ခုချိန်မှာ မခွဲနိုင်၊ မခွာရက် ဖြစ်နေကြတယ် ...

"သူတို့အနေနဲ့ ပညာလည်းစုံပြီဆိုတော့ အသက်ငယ်ပေမယ့် လက်ထပ်ပေးလိုက်ဖို့ သိပ်မခဲယဉ်းလှဘူးလို့ ဦးတို့ကယူဆတယ်... သူတို့အသက်တွေ ငယ်ပေမယ့်

www.burmeseclassic.com


သူတို့အသက်ထက်ပိုပြီး ရင့်ကျက်ကြီးပြင်းနေကြတဲ့ လူငယ်လေးတွေ ...

"ဒေါ်မက်မုံပွင့် ဆိုတာကလည်း တော်တော်မာနကြီးတဲ့မိန်းမနော်၊ ဒါပေမယ့် သားကိုကျတော့ သူ အရမ်းသဘောကျတယ်၊ သဘောတူတယ်၊ ဦးတို့ရဲ့ သားဆိုတဲ့ အရှိန်အဝါကိုလည်း သူ ထည့်တွက်မှာပေါ့လေ ...

"ကလေးတွေလည်း လက်ထပ်ပေးဖို့ ပူဆာနေပြီဆိုတော့ ဦးက မင်းရဲ့သဘောထားကိုလည်း သိချင်သေးတယ်၊ မင်းက သား ရဲ့အဖေအရင်းလေ ..."

ဦးသက်ထွန်းက ဤမျှ တရားမျှတပြီး လူသားဆန်သောလူတစ်ယောက် ဖြစ်ခဲ့သည်။ သူ့ရင်ထဲတွင်လည်း လှိုက်လှဲချမ်းမြေ့သွားလေသည်။

"ကျွန်တော် သားတို့ကို အရမ်းပဲ သဘောတူပါတယ် ဦး၊ သားစိတ်ချမ်းသာမယ်ဆိုရင် ကျွန်တော် ဘာမဆိုလုပ်ပေးချင်ပါတယ် ...

"ကျွန်တော့် ရင်ထဲမှာ အဖေတစ်ယောက်အနေနဲ့

www.burmeseclassic.com


သားကို ဘာတစ်ခုမှ လုပ်မပေးနိုင်ခဲ့၊ တာဝန်မကျေခဲ့ပါဘူး… ဒါပေမယ့် သားက ကျွန်တော့်ထက် အဆပေါင်းများစွာ ပိုတော်နေခဲ့ပါတယ်၊ ဒါကြောင့် သားရဲ့ ဆန္ဒကို ကျွန်တော် ဘယ်တော့မှ မပိတ်ပင် မတားဆီးဖူး၊ သားဖြစ်ချင်တာလုပ် … ကျွန်တော် အား ပေးတယ်”

“အေး … အဲ့ဒါ အဖေတစ်ယောက်ရဲ့ ခံစားချက်ပဲ … ဦးအမြဲတွေးမိတာ ရှိတယ်သိလား နေညို၊ မင်းရဲ့ကျေးဇူး ဦးအပေါ်မှာ ရှိခဲ့တယ်၊ ဒါပေမယ့် ဦးက မင်းအပေါ် ကျေးဇူးပြန်မဆပ်နိုင်ဘူး၊ တာဝန်မကျေဘူးလို့ အမြဲ ခံစားရတယ် … အဲဒါဘာလဲဆိုတော့ မင်းတို့သားအဖကို နီးနီးလေးနဲ့ အဝေးကြီးဝေးနေအောင် ဦးတို့က သွေးခွဲထားသလိုဖြစ်နေတယ် …

“မင်းလည်း အဖေတစ်ယောက်အနေနဲ့ သားဆီက ဂရုစိုက်မှု အသိအမှတ်ပြုမှု တစ်ခုခုတော့ လိုချင်မှာပဲ … ဒီလိုအနေအထားမျိုးနဲ့ မင်းတစ်သက်လုံး နေသွားတော့မှာလား …

www.burmeseclassic.com


"ဦးကတော့ မင်းသေသွားမှ သား သိခွင့်ရတာမျိုး မဖြစ်စေချင်ဘူး ... အဲ့ဒါမျိုးဆို သား တစ်သက်လုံး ဖြေလို့ရမှာ မဟုတ်ဘူး၊ အဲ့ဒါမျိုးကတော့ ဦးမဖြစ်စေချင်ဘူး...

"သားလည်း အရွယ်ရောက်ပြီ၊ ပိုင်းခြားဝေဖန်နိုင်စွမ်းရှိတဲ့ အသိဉာဏ်လည်း ပိုင်ဆိုင်နေပြီ ... ပြီးတော့ ပညာတတ်လူငယ်တစ်ယောက်လေကွာ...သူ့ကိုအမှန်အတိုင်း ဖွင့်ပြောလို့ သူ့ဆီက မင်းလိုချင်တဲ့ တုန့်ပြန်မှုမျိုးတော့ မရမှာသေချာတယ် ... ဦးကတော့ သားကို လူငယ်ငယ်လေးပေမယ့် လေးစားတယ် ... ဒီကောင် အမှန်တရားကို သိပ် Accept (လက်ခံနိုင်) လုပ်နိုင်တယ် ... လူတော်ကလေးပဲ"

ဟု ဦးသက်ထွန်းက စတင်၍ ဖွင့်ဟ လာသောအခါ သူစိတ်လှုပ်ရှားလာခဲ့သည်။

"ဘယ်နေမလဲဗျာ၊ ကျွန်တော် ဖွင့်ပြောချင်တာပေါ့ ... ရင်ပွင့်မလိုဖြစ်တာလည်း အကြိမ်ကြိမ်ပါပဲ ... ကျွန်တော်

www.burmeseclassic.com


သားကို သိပ်ပြောပြချင်ပါတယ် ... သားဆီက တုံ့ပြန်လာမယ့် မေတ္တာကိုလည်း အရမ်းမျှော်လင့်တယ် ...

"ကျွန်တော့် ဘဝက သိပ်အထီးကျန်လွန်းတော့ တစ်ခါတစ်ရံ အနာဂတ်ဆိုတာ မရေရာဘူး ... ငါ ဒီလိုနဲ့ပဲသေဆုံးသွားတော့မှာလားလို့ တွေးလိုက်မိတိုင်း ကျွန်တော် သေရမှာကို သိပ်ကြောက်လာတယ် ..."

"အဲ့ဒါဆို ဖွင့်ပြောပြပါလား မောင်နေညိုရယ် အန်တီတို့ကလည်း သားအပေါ် သိပ်ချစ်တာ မှန်ပေမယ့် အဖေရင်းနဲ့ပတ်သက်ပြီးတော့ ဂျလက်စီ မထားတတ်ပါဘူး၊ သူ့သားနဲ့သူ့အဖေတော့ သိသိမှတ်မှတ်၊ ရင်းရင်းနှီးနှီး ကလေးပဲရှိစေချင်တယ်"

ဒေါ်မိမိခိုင်ကလည်း ကျေနပ်ကြည်ဖြူစွာ ဖွင့်ပြောခိုင်းနေသည်။ သူ့ ရင်တွေ တလှုပ်လှုပ် ခုန်လာသည်။

"ကျွန်တော် သားကို ဖွင့်ပြောချင်ပါတယ် ... ဒါပေမယ့် အခုမဟုတ်သေးပါဘူး ... သား လက်ထပ်တဲ့ နေ့လိုမျိုး သားဘဝမှာ အကြီးအကျယ် အမှတ်တရဖြစ်တဲ့ အထိမ်း

www.burmeseclassic.com


အမှတ်နေ့ လိုမျိုးမှာ ကျွန်တော် ဖွင့်ပြောချင်တယ် ... အဲဒီနေ့ကို သားဘဝ တစ်သက်လုံး ဘယ်တော့မှ မမေ့တော့အောင် သိမ်းဆည်းထားနိုင်လိမ့်မယ်လို့ ကျွန်တော် မျှော်လင့်တယ်"

"ကောင်းတယ် ... မင်းကြိုက်တဲ့နေ့ကိုရွေးပါ ... ပြောဖြစ်အောင် ပြောဖို့ပဲ အရေးကြီးတယ် ... ဖအေနဲ့ သားဟာ အကြာကြီး ကွဲခွာနေဖို့ မကောင်းဘူး ... ဦးတို့ကတော့ ပြောစေချင်တယ်"

ဤမျှသဘောထားကြီး ဖြောင့်မတ် မျှတသော မွေးစားမိဘများ လက်ထဲသို့ သူ့သားကို သူ အပ်ခဲ့မိသည်မှာ သူ အလွန်ကံကောင်းသောကြောင့် ဖြစ်သည်။

## အခန်း (၁၀)

မင်္ဂလာပွဲအတွက် ကလေးနှစ်ယောက် အပျော်ကြီး ပျော်ကာ တက်တက်ကြွကြွဖြင့် နေ့နေ့ညည အတူတူလက်တွဲကာ စီစဉ်ခဲ့ကြသည်ကို သူ ကျေနပ်အားရစွာဖြင့် မမောနိုင်၊ မပန်းနိုင် လိုက်ပို့ပေးခဲ့သည်။ အရာရာကို ကလေးတွေ စိတ်တိုင်းကျပင် စီစဉ်ကြသည်။ အရွယ်ကလေးတွေ ငယ်ပေမယ့် ဉာဏ်ရည်မြင့်မားသူကလေးတွေမို့ သူတို့၏ ဆုံးဖြတ်ချက်မှာ အံ့သြဖွယ်ကောင်းသည်ချည်းပင်။

www.burmeseclassic.com


"လူကြီးတွေ အတွက်တော့ TRADERS မှာ တစ်ပွဲလုပ်ပေး လိုက်မယ်၊ ကိုယ်တို့ လူငယ်တွေနဲ့ အရင်းနှီးဆုံး မိတ်ဆွေ တွေအတွက် သမ္ဗူတို့ ခြံထဲမှာ ညဘက် ဂါးဒဲန်းပါတယ်ပေး မယ် ..."

ဟုသားက သူ့အစီအစဉ်ကို ကားပေါ်မှာ ပြောပြ သည်။ မိန်းကလေးကလည်း သားပြောသမျှ လက်ခံသဘောတူ သည်။ လက်ထပ်ပြီးလျှင် သားနှင့် မိန်းကလေးက သီးသန့်အိမ် ခွဲကာ လွတ်လွတ်လပ်လပ် နေချင်ပေမယ့် မက်မုံပွင့်က သမီးကို မခွဲနိုင် ...ဟုဆိုကာ သူမတို့ အိမ်မှာပင် သားကို လိုက်နေပေး ဖို့တောင်းဆိုခဲ့သည်ကို သားကလည်း မငြင်းမဆန်ဘဲ သဘောတူ လိုက်လျောခဲ့သည်။

မင်္ဂလာပွဲရက် နီးလာသည်နှင့် အမျှ သူ့ရင်တွေ တဒိတ်တဒိတ် ခုန်လှုပ်လာလေသည်။ သားကို ဖွင့်ပြောခြင်းနှင့် .... မက်မုံပွင့်ကို လက်စားချေခြင်း ... ဆိုသော ရည်ရွယ်ချက်နှစ်ခု ကို တစ်ပြိုင်နက်တည်း အကောင်အထည် ဖော်ရမည့် အချိန်သည် တဖြည်းဖြည်းနှင့် နီးကပ်လာခဲ့ပါပြီ။

www.burmeseclassic.com


ထိုရက်ပိုင်းများအတွင်းတွင် သူမ ကံကြမ္မာ ဘယ်သို့ရှိမည်ဆိုတာ ကြိုတင် မမြင်နိုင်စွမ်းသော မက်မုံပွင့်က သူ့ကို ရှိနေသည်ဟုပင် မသိနိုင်ခဲ့သော်လည်း သူကတော့ အကာအကွယ်တစ်ခုခုယူ၍ သူမ မျက်နှာလှလှကို ငေးမောစုံမက်ခဲ့မိသည်။ သူမကိုမြင်တိုင်း သူမကိုချစ်သော အချစ်တို့က မသေဆုံးနိုင်ဘဲ တစ်စထက် တစ်စသာ တိုးပွားရှင်သန်လို့ လာခဲ့သည်မှာလည်း ဆန်းကြယ်ပါသည်။ အချစ်ဆိုသည်ကို သူ ဘယ်လိုမှ လိုက်မမီ၊ နားမလည်နိုင်။ အဲ့ဒါကြီးက တမင်ချုပ်ထိန်းတားမြစ်ထားလို့လည်း မရ၊ အသက်အရွယ်နှင့်လည်း မဆိုင်၊ တူခြင်း၊ တန်ခြင်း ဆိုတာတွေနှင့်လည်း မပတ်သက်။ ချစ်နေတာတော့ ချစ်နေတာပဲ။ မမေ့နိုင်တာကလည်း မမေ့နိုင်တာပဲ။ စွဲလမ်းတာကလည်း စွဲလမ်းတာပဲ ...။ သူ ဘာကိုမှ တမင်ဖန်တီးယူလို့ မရချေ။

စကားတစ်ခွန်းသည် လူတစ်ယောက်ရဲ့နှုတ်မှ မည်သို့ ရည်ရွယ်သည်ဖြစ်စေ၊ မရည်ရွယ်သည်ဖြစ်စေ ပြောခဲ့ခြင်းဖြစ်သော်လည်း ထိုစကားတစ်ခွန်းသည် အဆိပ်မြားဖြစ်ခဲ့လျှင် အထိခံရသူ၏ ရင်ဘတ်မှာ တစ်ချိန်လုံး အဆိပ်တက်ကာ ပျံ့နှံ့နေတော့

www.burmeseclassic.com


မည် ဖြစ်၏။ ကာယကံရှင်ဆီက အဆိပ်ဖြေဆေးကို မရမချင်း သူ့ အဆိပ်မပြယ်နိုင် ...။

သူ အဆိပ်တက်နေခဲ့သည်မှာ ... နှစ်ပေါင်းနှစ်ဆယ် ရှိခဲ့ပြီ။ သူ့အဆိပ်ကို ဖြေပေးနိုင်သော ဖြေဆေးမှာ မက်မုံပွင့် ဆိုသော မိန်းမ၏ ရင်ထဲမှာပင် ရှိနေသည်။ သူ သူမဆီမှ ထိုဖြေဆေးကို လိုချင်ခြင်း ဖြစ်သည်။

www.burmeseclassic.com


သားရဲ့ မင်္ဂလာဧည့်ခံပွဲကို TRADERS HOTEL တွင် နေ့လယ်ပိုင်းတစ်ခင်း အောင်မြင်စွာ ကျင်းပပြီးစီးသွားခဲ့သည်။ ညဘက် ဥယျာဉ်ပါတီပွဲအတွက် မိန်းကလေး၏ ခြံကျယ်ကျယ် ဝန်းဝန်းကြီးထဲမှာ ... ဟိုတယ်ဝန်ထမ်းများက စားပွဲကုလားထိုင် များ ခင်းကျင်းပြင်ဆင်လျက် ရှုပ်ထွေးယောက်ယက်ခတ်နေသည်။

ထင်းရှူးပဒေသာပင်များတွင် မီးပွင့်များ တပ်ဆင်သူ တွေတပ်ဆင်၊ စတေ့ရှ်ရှိုးအတွက် ခပ်မြင့်မြင့် မြက်ခင်းခုံကြီးပေါ် တွင် တီးဝိုင်းပစ္စည်းများ ခင်းကျင်းသူက ခင်းကျင်း ...။ ကျယ်ဝန်း လှသော ရေကူးကန် ဘေးပတ်ပတ်လည်တွင် လူများအတွက် ခုံ နေရာများချကာ အစားအသောက်များကိုတော့ တစ်ဖက်မြက်ခင်း ရှည်ကြီးထဲတွင် ရှည်လျားသော ခုံတန်းကြီး ချခင်းလျက် ... ပြင်

www.burmeseclassic.com


ဆင်ခင်းကျင်းထားသည်။ နာမည်ကြီး ဟိုတယ်မှ အစားအသောက်များ၊ ဝိုင်များ၊ ပန်း(ချ်) များ မှာထားပြီးသားမို့ ... ဟိုတယ်ဝန်ထမ်းများက သူတို့တာဝန် သူတို့ ယူထားကြသည်။

အိမ်ကြီး၏ အပေါ်ထပ်တွင် မက်မုံပွင့် ... သမ္မာချင်နှင့် သားတို့ ... ပါတီပွဲမှာ ညော်ခံနွဲဆင်ဖို့အတွက် ကျကျနန ဝတ်စားဆင်ယင်နေပေလိမ့်မည်။

သူ့တာဝန်က ဘာမှသိပ်မရှိတော့။ ဦးသက်ထွန်းနှင့် ဒေါ်မိမိခိုင်ကို ကြိုပေးပြီးလျှင် သူ့တာဝန် ကုန်ဆုံးပြီ။ သူ ကိုယ်သူပိုင်ပြီ ...။ သူ လုပ်ချင်တာ လုပ်ခွင့်ရှိသည်။ သူသည် ဘယ်သူ့ရဲ့ အလုပ်သမားမှ မဟုတ်တော့ ...။ သူသည် 'နေညို' ဆိုသောလူတစ်ယောက်သာ ဖြစ်သည် ...။ ပို၍ သေသေချာချာ တိတိကျကျ ပြောရလျှင် ဤမင်္ဂလာပွဲ၏ အရေးပါ အရာရောက်သော အဓိက အစိတ်အပိုင်းဖြစ်သည့် သတို့သား ဩချို၏ ဖခင်အရင်းခေါက်ခေါက်သာ ဖြစ်သည် ...။

မင်္ဂလာချိန်သည် ညနေခြောက်နာရီမှ ညကိုးနာရီထိ သတ်မှတ်ထားသည် ...။ ခြောက်နာရီမှစ၍ ညော်သည်တွေ တဖွဲဖွဲ

www.burmeseclassic.com


ရောက်ရှိလာခဲ့ပြီ ...။ ဦးသက်ထွန်းနှင့် ဒေါ်မိမိခိုင်ကိုလည်း သူ ကြိုလာခဲ့ပြီမို့ ရောက်နေပြီ ...။

မကြာခင်တွင် အိမ်ပေါ်မှ သတို့သား သတို့သမီး ယှဉ်တွဲလျက် ဆင်းလာကြသည် ...။ မျက်နှာကလေးတွေမှာ နုနယ်တက်ကြွသော၊ ဟန်ဆောင်မှုကင်းသော အပြုံးအရယ်ကလေး များနှင့် တစ်ယောက်ရဲ့ခါးကို တစ်ယောက်ဖက်လျက် သူတို့ လျှောက်လာကြသည်။

သားက အနက်ရောင် အနောက်တိုင်းဝတ်စုံကို သပ်သပ်ရပ်ရပ် ဝတ်ထားခဲ့ကာ ... သမီးကတော့ အဖြူရောင်ဆွတ် ဆွတ် ညနေခင်း ဂါဝန်ရှည်နှင့် လှပကြော့ရှင်းစွာ အစွမ်းကုန်လှ နေလေသည်။ ဆံပင်များကို ခလယ်ခွဲ၍ လွတ်လပ်စွာ ဖြန့်ချထား ခဲ့ပြီး စိန်သရဖူကလေးတစ်ခုသာ စွပ်ထား၏ ။ ကမ္ဘာပေါ်တွင် ဤမျှ လိုက်ဖက်တင့်တယ်သောစုံတွဲ မရှိနိုင်တော့ ဟုပင် သူ တွေးမိသည်။

ခဏနေတော့ မက်မုံပွင့် ဆင်းလာသည်။ ဗေဒါရောင် ဖျော့ဖျော့ ပိုးဝတ်စုံဖြင့် သူမ၏အလှက ညနေခင်း၏ အလှအပ

www.burmeseclassic.com


အားလုံးအပေါ် လွှမ်းခြုံအုပ်မိုးထားသလို ရှိလေသည်။ နောက်တစ်နာရီလောက်ဆို သူမဘဝမှာ ဘယ်တုန်းကမှ မျှော်လင့်မထားသော စကားတစ်ခွန်းဖြင့် လူတစ်ယောက်ကို အသိအမှတ်ပြု လက်ခံပေးရတော့မည် ... ဟု သူမ ကြိုတင်ရိပ်မိနိုင်စွမ်း ရှိပုံမပေါ်ချေ။

မသိုင်းအဝိုင်း နှစ်ဖက်စလုံးက ဒိတ်ဒိတ်ကြဲတွေ ချည်းမို့ ... ညနေ ဧည့်ခံပွဲတွင်လည်း လူတွေအလွန်များပြားစည်ကားလှပါသည်။

မက်မုံပွင့်ကို သူ ချောင်အကွယ် တစ်နေရာရာမှ လိုက်၍ ငေးကြည့်ရသည်။ သူမ မျက်နှာပေါ်တွင် တင်းမာခက်ထန်သော မာနတချို့ ပြေလျော့လျက် ... ဂုဏ်ယူကျေနပ်သော ပီတိအပြုံးကြောင့် သူမနှုတ်ခမ်းများက ပို၍ စွဲမက်ဖွယ်ကောင်းကာ ညှို့အား ပြင်းနေခဲ့သည်။ သူ့အတွက်တော့ သူမဟာ ဘယ်တော့မှ မပျောက်ကွယ်တော့မည့် နေမင်းတစ်စင်းပါပဲ။ လမင်းလို အေးမြငြိမ်သက်ခြင်း မဟုတ်။ နေမင်းလို စူးရဲတောက်ပခြင်း သင်္ကေတသည် မက်မုံပွင့်၏ အထိမ်းအမှတ်သာ ဖြစ်လေသည်။

www.burmeseclassic.com


တဖြည်းဖြည်း အမှောင်သမ်းလာကာ …ညှော်ပရိသတ်ပို၍ စုံညီ ဆူညံလာသည်။ တီးဝိုင်းဆီမှ အဆိုတော်တချို့၏ သီချင်းသံများ ကြားနေရပြီ …။ သူ့ရင်ဘတ်သည် တလှုပ်လှုပ်ခုန်လာကာ ပေါက်ကွဲထွက်မတတ် ဖောင်းကြွလာသည် ထင်ရ၏။

အချိန်နီးပြီ …။ အခုမှ သူက ဘာနှင့်တူသလဲဆိုရင် ချိန်ကိုက်ဗုံး ထောင်ရမည့် လူတစ်ယောက်နှင့် ခပ်ဆင်ဆင်တူနေသည်။ ဒါပေမယ့် သူများကို ဖောက်ခွဲဖို့ ကိုယ့်ကိုယ်ကိုယ်လည်း အပေါက်ကွဲခံရပါသည်။

ညခုနစ်နာရီခွဲ အချိန်လောက်တွင် သူ မျက်ခြည်မပြတ်၊ အလစ်မပေးစတမ်း လိုက်ကြည့်နေခဲ့သော မက်မုံပွင့်သည် လူသူပရိသတ်များကြားမှ ခဏခွဲခွာထွက်လာကာ ချောင်ကျကျအမှောင်ရိပ်တွင် တစ်ယောက်တည်း လာထိုင်၏ …။ ထိုအခွင့်အရေးသည် သူ့အတွက် အကောင်းဆုံး အခွင့်အရေးဖြစ်သည်။

သူ့ကိုယ်သူ တစ်ချက်ပြန်ငုံ့၍ ကြည့်လိုက်၏။ ဂျင်းဂျာကင် အရောင်ခပ်လွင့်လွင့်နှင့် ဂျင်ဘောင်းဘီ ခပ်နွမ်းနွမ်း၊ ဖိနပ်ခပ်စုတ်စုတ်နှင့် လွန်ခဲ့သော အနှစ်နှစ်ဆယ်က 'နေညို'ပုံစံ

www.burmeseclassic.com


ပြန်ဖော်ယူထားခဲ့ခြင်း ဖြစ်သည်။ ဒီပုံစံကို မြင်လျှင် သူမ မမှတ်မိဘဲ ဘယ်လိုမှ နေမည်မဟုတ်။

သူသည် ရှန်းကြွတွန်းထိုးနေသော နှလုံးသားရှိရာ ဘယ်ဘက်ရင်ဘတ်နေရာကို လက်နှင့် အသာဖိ၍ တစ်လှမ်းချင်း လျှောက်လာခဲ့၏ ...။ သူသည် လွန်ခဲ့သော အနှစ်နှစ်ဆယ်က မက်မုံပွင့်ကို စုံမင်ငြိတွယ်စွာ ရှူးသွပ်ခဲ့သော နေ့ညိုကလေး ပြန်ဖြစ်သွား၏။

ဒီပွဲကြီးတစ်ခုလုံး ဘာမှ ရုတ်ရုတ်သဲသဲ၊ လှုပ်လှုပ်ရှားရှား ဖြစ်သွားစရာ အကြောင်းမရှိသလို လိုလည်းမလိုအပ်ပါ။ ဘယ်သူမှလည်း များများစားစား သိစရာမလို။ အဓိက ပစ်မှတ်မှာ မက်မုံပွင့် ဖြစ်သည်။ သူမ ပထမဆုံး သိရမည်။ ပြီးမှ သားကို သိစေမည် ...။

သူ ...သူမရှေ့မှာ ခြေစုံရပ်လိုက်၏ ...။ ဝိုင်ဖန်ခွက်လှလှကလေး ကိုင်ထားပြီး ... အဝေးသို့ငေးနေသော သူမက ဖျတ်ခနဲ လှမ်းကြည့်သည်။ ကလေကချေ၊ ဂျစ်ပစီပုံစံနှင့် ယောကျာ်း တစ်ယောက်ကို မြင်လိုက်ရရုံဖြင့် ... သူမ မျက်နှာပေါ်မှာ ရှိသမျှ

www.burmeseclassic.com


အကြောအားလုံး ရှန်းကြွတင်းမာလျက် ...ပြုံးရိပ်သမ်းနေသော နှုတ်ခမ်းကလေးသည် တင်းတင်းစေ့ပိတ်သွားတာကို သူ အသေး စိတ် မြင်ရ၏။ အဲ့ဒီ မျက်နှာဟာ သူအမြဲ ဖတ်ရှုအလွတ်ရခဲ့သော စာအုပ်တစ်အုပ်လေ ...။

သူမ ချက်ချင်း သူ့ကို မမှတ်မိပါ။ သူတောင်းစား တစ်ယောက် လာရပ်ပြီး သူမဆီမှာ တောင်းရမ်းခံလိုက်ရသလို ရွံရှာစက်ဆုပ်သော မျက်နှာထားဖြင့် သူမက ထ,ထွက်ဖို့ ဟန်ပြင် လိုက်သည်။ သူ့ကို ခွေးတစ်ကောင်လောက်ပင် အသိအမှတ်မပြုချေ။

"မက်မုံပွင့် ... ကျွန်တော့်ကို မှတ်မိသေးရဲ့လား"

သူ ... သူမရှေ့မှာ ကာဆီး၍ ပိတ်ရပ်လိုက်ကာ ခပ်မြန်မြန် စ,တင်လိုက်၏ ...။

"ဘာတွေ လာပြောနေတာလဲ၊ ဘာမှ မှတ်မိစရာ မလိုဘူး" ရှင် ဘယ်သူလဲ၊ ဘယ်လိုလုပ်ပြီး အထဲဝင်လာတာလဲ ... ခုချက်ချင်း ထွက်သွားစမ်း ...ဒီလိုပွဲမျိုးမှာ ဒီလောက်စုတ် ပြတ်သတ်၊ အောက်တန်းကျတဲ့ လူတစ်ယောက်ကို ကျွန်မ မဖိတ်ဘူး"

www.burmeseclassic.com


သူမအသံက မာထန်ပြတ်ရှစွာ ... သူ့ရင်ဘတ်ဆီသို့ ဝင်ဆောင့်သွား၏။ သူ အောင့်သက်နာကျင်သွားတာ မှန်သော်လည်း၊ ဤအောင့်သက်မှု သည် သူနှင့် မစိမ်းခဲ့။ သူမရှေ့ရောက်တိုင်းသူ အမြဲခံစားရလေ့ရှိသော ခံစားချက်တစ်မျိုးသာ ဖြစ်ပါသည်။

"ခင်ဗျား ... ကျွန်တော့် မျက်နှာကို သေသေချာချာကြည့်စမ်းပါဦး မက်မုံပွင့် ... ကျွန်တော်ဟာ ခင်ဗျားရဲ့ ကတိတည်သောမိတ်ဆွေတစ်ယောက်ပါ ... ခင်ဗျားဆီ ကျွန်တော် အကြွေး လာဆပ်တာပါ "

"တောက် ... လူတွေ ... လူတွေ ... ဘာအဆင့်အတန်းမှ နားမလည်ကြဘူး၊ ရှင် ကျွန်မကို ပြောချင်ရာ ပြောခွင့် မရှိဘူးဆိုတာ ရှင် နားမလည်ဘူးလား ... "

သူမ မျက်နှာ တစ်ပြင်လုံးသည် စူးစူးရဲရဲ ဖြစ်လာကာ၊ မျက်လုံးတွေ တဝင်းဝင်းတောက်လာသည် ...။ သူမမျက်နှာသည် မီးတောက်မီးလျှံလို ရဲရဲနီလျှက် ပူပြင်းလာ၏။

"ကျွန်တော်တို့ မိတ်ဆွေဟောင်းတွေပါ ဆိုတာကို ခင်ဗျားမှ

www.burmeseclassic.com



လက်မခံဘဲ ...ပြီးတော့ ခင်ဗျားကို ဘာလို့ ကျွန်တော်က ပြောချင်ရာ ပြောခွင့်မရှိရမှာလဲ ...

"ဒီပွဲမှာ မရေးအကြီးဆုံးသူက သတို့သားမဟုတ်လား...သတို့သားရဲ့အဖေက သတို့သမီးရဲ့အမေကို ဘာမဆိုပြောခွင့်ရှိတယ်လို့ ခင်ဗျား ယူဆမပေးနိုင်ဘူးလား..."

"ဘာပြောတယ် ... ရှင်ရူးနေသလား ... အရူးလား ... ပြောချင်ရာ လျှောက်ပြောမနေနဲ့ ...ခုချက်ချင်း ရှင့်ကို ခြံထဲက ဆွဲထုတ်ပစ်မယ် ... နားလည်လား ... ဘယ်လို အရူးမျိုး ခြံထဲဝင်လာသလဲ မသိပါဘူး ... တောက်"

သူမသည် ဒေါသတကြီး စူးစူးရဲရဲ ဖြစ်လာကာ သူ့ရှေ့ကဖြတ်ထွက်သွားဖို့ပြင်ဆင် သူက သူမ၏ လက်ကောက်ဝတ်ကို တင်းကျပ်သန်မာသော လက်များဖြင့် ဆွဲကိုင်ထားလိုက်၏...။ သူမက ဆက်ဆက်ခါ နာကျင်ကာ ဖွတ် ရှန်းလေသည်။

"ကျွန်တော် အရူးတစ်ယောက် မဟုတ်ဘူး မက်မုံပွင့် ... ဩချို့ရဲ့အဖေအရင်းခေါကခေါက် နေညိုပဲ ... ကျွန်တော်

www.burmeseclassic.com


အားလုံးရှေ့မှာ ပြောရဲတယ် ... အခိုင်မာဆုံး သက်သေတွေကတော့ ဦးသက်ထွန်းနဲ့ ဒေါ်မိမိခိုင်ဘဲ ... သူတို့က သားရဲ့မွေးစားမိဘတွေ ... သူတို့ကို မွေးစားဖို့ ကျွန်တော်ကိုယ်တိုင် ပေးပစ်ခဲ့တာ ...

"ဘာဖြစ်လို့လဲဆိုတော့ ကျွန်တော်က လူသတ်မှုနဲ့ ထောက်ကျသွားလို့ပဲ ..."

"ဘာ ... ရှင် ... ရှင် ... ကျွန်မလက်ကိုလွှတ်စမ်း .... ရှင်ဘာလိုချင်လို့လဲ ... ပိုက်ဆံလား ... ပေးမယ်၊ ရှင်တောင်းသလောက် ပေးမယ် ... ကျွန်မကို ခုလွှတ် ... ကျွန်မအော်လိုက်ရင် အားလုံးရှုတ်ရှုတ်သဲသဲတွေ ဖြစ်ကုန်မယ် ... ကျွန်မသမီးရဲ့ မင်္ဂလာဆောင်ပွဲကို အပျက်မခံနိုင်ဘူး ..."

"ကျွန်တော် ခင်ဗျားကို အန္တရာယ်မပေးဘူး၊ ကျွန်တော်ပြောတာကို ခင်ဗျား နားထောင်ပေးရင် ကျွန်တော် ကျေနပ်ပြီ ... ကျွန်တော့်ကို ဆယ်မိနစ် အလွန်ဆုံး ဆယ့်ငါးမိနစ်ပဲခင်ဗျား အချိန်ပေး"

www.burmeseclassic.com


သူမ မျက်နှာပေါ်တွင် စိတ်အနှောက်အယှက်ဖြစ်မှု ဒေါသပြင်းစွာဖြစ်မှု ... ပြီးတော့ ကြောက်ရွံ့မှုတစ်မျိုး ခိုအောင်းလျက်ရှိသည် ...။

"ခင်ဗျား ကျွန်တော့်ကို မမှတ်မိတော့ရင် နေပစေ၊ လွန်ခဲ့တဲ့ အနှစ်နှစ်ဆယ်တုံးက စကားတစ်ခွန်းကို ကျွန်တော် အခုခင်ဗျားရှေ့မှာ ပြန်ရွတ်ပြလိုက်ရင် ခင်ဗျား ကျွန်တော့်ကို မှတ်မိလာမှာပါ ..."

သူမက သူ့ကို မီးဝင်းဝင်းတောက်နေသော မျက်လုံးစူးစူးရှရှများဖြင့် စိုက်ကြည့်နေသည်။ ထိုမျက်လုံးများထဲတွင် မုန်းတီးစက်ဆုပ်မှုများနှင့်ခါးသီးရွံရှာမှုအထင်သေး၊မယုံကြည်မှုတို့ တလက်လက်ထနေသည်။

သူ ... သူမကို ပြုံးပြလိုက်ပါသည်။

"ကျွန်တော် ကတိပေးခဲ့မယ်၊ တစ်နေ့ကျရင် ကျွန်တော့်ရဲ့သွေးဟာ ခင်ဗျားဘဝရဲ့ အရေးအကြီးဆုံး အစိတ်အပိုင်းမှာ ပါဝင်စေရမယ်"

www.burmeseclassic.com


ထိုစကားကို သူ ပြန်ရွတ်ပြလိုက်ချိန်တွင် သူမ ကိုယ်ခန္ဓာတစ်ခုလုံး ရှင်သန်မှုအားလုံး ဖျတ်ခနဲ သေဆုံးသွားသလို ... ရုတ်တရက် အားလုံးငြိမ်ဆိတ်ကျသွားလေသည်။ လုံးဝလှုပ်ရှားမှု မရှိတော့။ မျက်တောင်ပင်မခတ်။ အသက်ပင်မရှူ။ တစ်ကိုယ်လုံး တောင့်တင်းအေးခဲသွားသလို ငြိမ်သက်သွားပုံမျိုးဖြစ်သည်။

သူမ မျက်နှာပြင်ရှိ မီးလျှံများ ငြိမ်ကျသေဆုံးသွားခဲ့ပြီ။မျက်နှာတစ်ပြင်လုံးတွင် သွေးဟူ၍ တစ်စက်ကလေးပင် မကျန်တော့သလို စက္ကူဖြူတစ်ချပ်ပမာ ဖြူဖွေးဆုတ်နေခြင်းဖြစ်လေသည်။

"နင် ... နင် ... တကယ် ပြောနေတာလား ... ငါ့ ... ငါ့ကိုလက်စားပြန်ချေနေတာလား ..."

သူမ အသံမှာ အက်ကွဲခြောက်ကပ်နေလေသည်။ လုံးဝမယုံကြည်နိုင်သော အသံဖြစ်သည်။

"တကယ်ပါ ... ကျွန်တော် မလိမ်ပါဘူး၊ ဒီအဖြစ်အပျက်တွေဟာ ကျွန်တော် ဘာတစ်ခုမှ ကြိုတင်ကြံရွယ်ပြီး စီစဉ်

www.burmeseclassic.com


ခဲ့တာ မရှိပါဘူး ... အားလုံး ကံကြမ္မာရဲ့ အစီအစဉ်အတိုင်း အကွက်ကျကျ ဖြစ်သွားခဲ့တာပါ ... ကျွန်တော် ဘာမှ တမင် လုပ်ယူခဲ့ခြင်း မရှိပါဘူး ...

"ကလေးချင်းဟာ အမေရိကမှာ သူတို့ချင်း တွေ့ပြီး ချစ်ကြိုက်လာခဲ့ကြတာပါ၊ ကျွန်တော် ခင်ဗျားကို လေဆိပ်မှာ ပြန်တွေ့လိုက်ရမှ သမ္ဗူခင်ဟာ ခင်ဗျားသမီးမှန်း သိရတာပါ...

"ဒါပေမယ့် ဩချိုဟာ ကျွန်တော့်ရဲ့သား ဖြစ်တယ် ဆိုတဲ့ အချက်ကလည်း ဘယ်လိုမှ ပြုပြင်ပြောင်းလဲလို့ မရတာ အမှန်တရားပါပဲ"

"တော်တော့၊ ဆက်မပြောနဲ့ ... နင် ငါ့ကို လုပ်ကြံတာ ... လက်စားချေတာ ... ငါ သဘောမတူဘူး ... ငါ သဘော မတူဘူး ... နင့်ရဲ့သွေးဟာ ငါ့ဘဝရဲ့ အရေးအကြီးဆုံး အစိတ်အပိုင်းမှာ မပါဝင်စေရဘူး ..."

သူမက ခါးခါးသီးသီး၊ အကြောက်အကန်ပြောရင်း တစ်ကိုယ်လုံး ယိမ်းထိုးတုန်ယင်လာကာ ပျော့ညွတ်ခွေကျသွား

www.burmeseclassic.com


သည်ကို သူ အလျင်မီ ဖမ်းပွေ့ထိန်းပေးလိုက်နိုင်သော်လည်း သူမလက်ထဲက ဖန်ခွက်ကလေးကတော့ ကျောက်ပြားပြင်ပေါ် သို့ ခွမ်းခနဲ မြည်ကာ ကသွားလေသည်။

ဖန်ခွက်ကွဲသံကြောင့် လူတစ်ချို့ သူတို့ဘက်ဆီ သို့လှမ်းကြည့်ကြသည်။ ကလေကချေဂျစ်ပဆီပုံစံနှင့် ယောက်ျား တစ်ယောက်၏ ရင်ခွင်ထဲမှာ အလွန်လှပသော အထက်တန်းလွှာ မိန်းမတစ်ယောက် ညွတ်ခွေစွာ ပုံကျနေသည်ကို တအံ့အသြ ဖြစ်သွားကြကာရင်သပ်ရှုမော၊ အံ့သြဘနန်းတွေ အာမေဍိတ်တွေ တီးတိုးရေရွတ် မြည်တမ်းကြလေသည် ...။

သူမကို တစ်ကိုယ်လုံး ပွေ့မယူဘဲ ... ပခုံးမှသာ သိမ်း၍ဖက်ကာ အသာအယာ သူ မ,ယူလျက် အိမ်ကြီးဆီသို့ လျှောက်လာခဲ့သည်။ သားနှင့်သမီးကလည်း မြင်သွားကာ အိမ် တွင်းဆီသို့ အထိန်တလန့် ပြေးဝင်လာကြသည်။ ပြီးတော့ ဦးသက်ထွန်းနှင့် ဒေါ်မိမိခိုင်တို့ပါ ရောက်လာကြသည်။

ညော့်ပရိသတ်ကို ခဏထားကာ သူက ညော့်ခန်းမရှိ ရောမကျွန်းတံခါးကြီးကို ပိတ်ပစ်လိုက်သည်။

www.burmeseclassic.com


"မေမေဘာဖြစ်သွားတာလဲ၊ ဘယ်လိုဖြစ်တာလဲ ဦးလေး ... ဟင်"

သမီးက အလန့်တကြားအော်ကာ သူမ မေမေကို ပြေးပွေ့ဖေးမရင်း ... ညှော်ခန်းထဲရှိ ဆိုဖာရှည်ကြီးပေါ်တွင် ချပေးလိုက်သည်။

"သမီး ... ဦးလေး နောက်တော့ ရှင်းပြမယ်၊ ဆရာဝန်သာအမြန်ဆုံးခေါ်ပါ ... ပရိသတ်ထဲမှာ ဆရာဝန်တွေ ရှိမှာပဲ သမီးသိတဲ့သူသာ ခေါ်ခဲ ..."

သားက သူ့ကို တအံ့တဩ စိုက်ကြည့်နေသည်။ သူ ဤမျှအရေးပါ၊ အရာရောက်နေသောပုံစံ ပေါက်နေတာကို သား အံ့ဩနေပုံရလေသည်။

"ဘယ်လိုဖြစ်တာလဲ ဦးလေး ..."

"အမှန်တရားဆိုတဲ့ အလုံးကြီးတစ်လုံးက အလုံးအရင်းနဲ့ ဝင်ဆောင့်ပစ်လိုက်လို့ သူ နင့်သွားပြီး ပက်လက်လန်သွားတာပဲ..."

" အမှန်တရားက တည့်တည့်ကြီး မှန်သွားတာလေ"

www.burmeseclassic.com


ဟု သူပြောလိုက်တာကို သားက နားလည်ပုံမရချေ။

"ဘာတွေလဲ ... ဘာ အမှန်တရားလဲ ..."

"နေညို ... မင်းရှင်းရှင်းပြောလေ"

ဦးသက်ထွန်းကပါ ဝင်ပြောသည်။ သူ သားရဲ့မျက်နှာ ကိုခပ်ဆဆကြည့်ရင်း ရုတ်တရက် ပြောမထွက်နိုင် ဖြစ်နေသည်။ သမီးနှင့် ဆရာဝန် ပြန်ရောက်လာသည်။ သူမကို ဘာကိရိယာတန်ဆာပလာမှ မပါသောကြောင့် ကျွမ်းကျင်ပါးနပ်သော လက်များဖြင့်သာ စမ်းသပ်လျက်ရှိသည်။

"နှလုံးခုန်ပုံကြီးကို အန်ကယ်လ် မကြိုက်ဘူး ... ခုချက်ချင်းအာရှတော်ဝင်ကို ပို့ဖို့စီစဉ်မယ် ... အန်ကယ့်လ် အတွေ့အကြုံအရတော့ ဒါ    ဟာ့(ထ်)အတက်(ခ်)ရဲ့ လက္ခဏာတွေပဲ...

"သမီး ... ကားမြန်မြန်စီစဉ်စမ်း"

ဟု ဆရာဝန်က အမိန့်ပေးသည်။

"ဟိုကျမှ စက်တွေနဲ့ စမ်းသပ်ကြည့်ရမှာ ... ချက်ချဉ်းပဲ တင်လိုက်တာ အကောင်းဆုံးပဲ"

www.burmeseclassic.com


ဆရာဝန်က ထပ်ပြောနေသည်။

"လာ ... လာ... ကျွန်တော်ပဲ ကားမောင်းပို့မယ်"

သူမ မအောင့်အည်းနိုင်တော့ဘဲ သူမ ကိုယ်ခန္ဓာကလေးကို ပွေ့ချီယူလိုက်ကာ သူ့ကားဆီသို့ ပြေးခဲ့၏။

ဆည့်ပရိသတ်တွေကို ဦးသက်ထွန်းနှင့် ဒေါ်မိမိခိုင်က ဒေါ်မက်မုံပွင့် ဟာ့(ထ်) အတက်(ခ်)ကြောင့် ဆေးရုံချက်ချင်းပို့ရမှာဖြစ်ကြောင်း၊ မင်္ဂလာပွဲကို ဆက်လက်ကျင်းပနိုင်ပါကြောင်း... လက်လှမ်းမီသရွေ့ ကြေညာပြောခဲ့ကာ ကားတစ်စီးနှင့်ထပ်၍ လိုက်ပါလာသည်။

သူ့ကားနောက်ခန်းတွင် သူမကိုတင်ပြီး သမ္ဘူခင်က မိခင်ကိုပွေ့လျက် ပါလာသည်။ ကားရှေ့ခန်းတွင် သူက ကားမောင်းလျက်၊ သားက ဘေးခုံမှာ ပါလာသည်။

ဦးသက်ထွန်းက နောက်ကားတစ်စင်းကိုမောင်းလျက် ဆရာဝန်ပါ ခေါ်တင်ကာ လိုက်ပါလာလေသည်။

အာရှတော်ဝင် ဆေးခန်းကြီးဆီသို့ ရေးကြီးသုတ်ပျာ ရောက်လာကြပြီး ... အရေးပေါ် စမ်းသပ်ခြင်းများ ချက်ချင်း

www.burmeseclassic.com


ပြုလုပ်ကြသည် ...။ နှလုံးနှင့် ပတ်သက်သမျှ ခေတ်မီစက်ကိရိယာများ စုံလင်လှသော ဆေးခန်းကြီးမို့ ... သူမ ကံကောင်းခဲ့ပါသည်။ ပါလာသော ဆရာဝန်ကြီးက နှလုံးအထူးကုဆရာဝန်ကြီးမို့ အစစအရာရာ အဆင်ပြေချောမွေ့စွာ အောင်မြင်ခဲ့သည် ...။

"ဒေါ်မက်မုံကို ဒီဆေးခန်းကြီးပေါ်မှာပဲ သီးသန့်ခန်းမှာ တင်ထားချင်သေးတယ် ... သမီး ... အခုလောလောဆယ် စမ်းသပ်ချက်အရတော့ ... သူ ဟာ့(ထ်)အတက်(ခ်)ရခဲ့တာပဲ... နောက်ထပ် Investigations (စုံစမ်းစစ်ဆေးခြင်းများ) တွေ အများကြီးပဲ ထပ်လုပ်ရဦးမယ်...

"အခုအခြေအနေအရတော့ စိတ်ချရပြီ မဆိုနိုင်သေးတော့ အန်ကယ်လ် စောင့်ကြည့်မယ်.. သူ့ အခြေအနေ စိတ်ချရမှ အန်ကယ်လ် ပြန်မယ် ... စိတ်ချရတဲ့ တတ်ကျွမ်းတဲ့ နာ့(စ်)လည်း စောင့်ခိုင်းထားမယ် ... သမီး ပြန်ချင်လား ... ဒါမှမဟုတ် အမေကို စောင့်မလား ... သမီးတို့ရဲ့ မင်္ဂလာဦးကြီးဆိုတော့ ... "

"သမီးကတော့ မေမေ့ကို စိတ်မချဘူး ... စောင့်အိပ်မယ်၊

www.burmeseclassic.com


ဟန်နီက ပြန်လိုက်သွားနော် ... အိမ်မှာ ဘယ်သူမှ မရှိဘူး ... မင်္ဂလာပွဲကြီးက တန်းလန်းနဲ့ ... ညှိသည်တွေ ရှိသေးတယ် ... ဒီည သမ္ဘူ မေမေ့နားမှာပဲ စောင့်မယ်”

“ကိုယ်လည်း အတူစောင့်မှာပေါ့ သမ္ဘူ ... အန်တီ့ကို ကိုယ်လည်း စိတ်ပူတယ်၊ စိတ်မချဘူး ... ဖေဖေနဲ့မေမေတို့ ပြန်လိုက်တော့ ...

“နေဦး ... ဦးလေးဆီက ကျွန်တော် သိချင်တာတွေ ရှိသေးတယ် ... ကျွန်တော် ခဏပြန်လိုက်ခဲ့မယ် ... သမ္ဘူ ကိုယ် ချက်ချင်း ပြန်လာခဲ့မယ် ... ရလား ... အိုကေလား”

“အိုကေ ... အိုကေ”

အာရှတော်ဝင်မှ သူတို့မိသားစုကလေးပဲ ပြန်လာခဲ့သည်။ သူမှာ ရင်တထိတ်ထိတ် ဖြစ်နေသည်။ သားမျက်နှာကို ရဲရဲ မကြည့်ဝံ့။ စိတ်လှုပ်ရှားမှုကြောင့် သူ့နှလုံးသားကို ဖျစ်ညှစ် လိမ်ချိုးထားသလို ခံစားနေရ၏။

www.burmeseclassic.com


စမ်းချောင်း ဗဟိုလမ်းမကြီး တစ်လျှောက်တွင် ကား အသွားအလာ ရှင်းစပြုနေချိန်လည်း ဖြစ်သည်။ သူသည် ကားရှင်းသော လမ်းဘေးတစ်နေရာတွင် ကားကို ရုတ်တရက် ထိုးရပ်လိုက်၏။

"သားရယ် ... အိမ်အထိ မအောင့်နိုင်တော့ဘူး ... ရင်ထဲမှာ ခံစားလို့ မရတော့ဘူး ... ရင်ဘတ်ထဲမှာ သိပ်ပြည့်လျှံနေပြီ ..."

သူ ကားတံခါးကို ဖွင့်၍ ဆင်းလိုက်သည်။ သားက သူ့ဘေးခုံတွင် ထိုင်နေခဲ့တာဖြစ်ပြီး ဦးသက်ထွန်းနှင့် ဒေါ်မိမိခိုင် တို့က နောက်ခန်းတွင် ယှဉ်တွဲထိုင်နေကြခြင်း ဖြစ်သည်။

www.burmeseclassic.com


သူကားပေါ်ကဆင်းတော့ သားပါ လိုက်ဆင်းလာ ပြီး ... ဦးသက်ထွန်းနှင့် ဒေါ်မိမိခိုင်တို့လည်း မနေသာတော့ချေ။ ကားပေါ်မှ ဆင်းလာကြကာ သားကို ထိတို့လိုက်ရင် ပဲ့ကြွေသွားမှာစိုးသည့်အလား ဂရုတစိုက်၊ ထိန်းထိန်းသိမ်းသိမ်းကြီးတွေနှင့် စိုက်ကြည့်နေကြသည်။

"ဘာတွေ ဖြစ်နေတာလဲဗျာ၊ ကျွန်တော် နားမလည်နိုင်တော့ဘူး၊ ကျွန်တော့် မင်္ဂလာနေ့ကျမှ ဘာတွေ ဖြစ်ကုန်တာလဲ ..."

"ပြောပြပါ့မယ် သားရယ်၊ သားဟာ ဦးသက်ထွန်းနဲ့ ဒေါ်မိမိခိုင်တို့ရဲ့ သားအရင်း မဟုတ်ဘူးဆိုတာ သိလိုက်ရင် သား ဘယ်လိုခံစားရမလဲ"

သူ့စကားကြောင့် သား ရုတ်တရက် ငြိမ်ကျသွားကာ ဦးသက်ထွန်းနှင့် ဒေါ်မိမိခိုင်ကို ပြူးပြူးပျာပျာဖြင့် ကြည့်လေသည် ...။

"ဦးလေး ...ဘာပြောလိုက်တာလဲ ... အဲ့ဒါ တကယ်လား၊ ဟင် ... ဒက်ဒီ မာမီ ... သူပြောတာ တကယ်လား ..."

www.burmeseclassic.com


"ဟုတ်ပါတယ် သားရယ် ... မွေးစားခဲ့တယ် ဆိုပေမယ့် သားဟာ မာမီတို့ရဲ့ တစ်ဦးတည်းသော အမွေစားအမွေခံ သားပါ ... သားအရင်းလိုပါပဲ"

" ဟုတ်တယ်သား၊ ဒက်ဒီတို့ ခုအချိန်ကျမှ ဖွင့်မပြောရက်ပေမယ့် ပြောရတာက သားရဲ့ အဖေအရင်းခေါက်ခေါက်က သက်ရှိထင်ရှား ရှိနေသေးတယ်၊ ဘယ်အဖေအရင်းက ကိုယ့်သားအရင်းကို တစ်သက်လုံး လူသိမခံဘဲ ဖာတ်မြုပ်ထားပြီး မျိုသိပ်သိမ်းဆည်း ထားနိုင်ပါ့မလဲ ... သူ့မှာလည်း ခံစားချက်တွေ ရှိနေမှာပဲ ဆိုတာကို ဒက်ဒီတို့ ကိုယ်ချင်းစာတယ် ... ဒါကြောင့် သားကို ခုမှ ဖွင့်ပြောရတာ"

သားက တံတောင်ဆစ်ကွေးနှစ်ဖက်ကြားထဲ မျက်နှာကို ထိုးသွင်းထားကာ လက်ချောင်းများကို ဆံပင်များထဲ ထိုးသွင်းထားပြီး အတန်ကြာအောင် ငြိမ်သက်နေသည်။ သားရဲ့ အသက်ရှူသံ ပြင်းပြင်းကို သူ ကြားနေရ၏။ သူ့ရင်ထဲတွင် တထိတ်ထိတ် ခုန်နေသည်။

"ဘာဖြစ်လို့ ခုမှ ဖွင့်ပြောကြတာလဲဗျာ ... တကယ်ဆို

www.burmeseclassic.com



ဟိုးအရင်ကတည်းက ဖွင့်ပြောထားဖို့ ကောင်းတယ် ... အဖေဟာ အဖေပဲပေါ့ ... ဘာလို့ ကျွန်တော် မသိအောင် မြှုပ်ထားရမှာလဲ ...

"ဒက်ဒီနဲ့ မာမီရဲ့ မွေးစားသားဖြစ်လို့ ကျွန်တော် တုန်လှုပ်စရာ မလိုပါဘူး၊ ဂုဏ်ငယ်သွားစရာလည်း မလိုဘူး ... ကျွန်တော် မာမီနဲ့ ဒက်ဒီဆီက မိဘတွေရဲ့မေတ္တာအစစ်တွေကို အပြည့်အဝ ရခဲ့ပြီးသားပဲ ... ဘာမှ လျော့သွားစရာ အကြောင်းမရှိပါဘူး ... ပြောင်းလဲသွားစရာလည်း မရှိပါဘူး ...

" ကျွန်တော့် အဖေရင်းဆိုတာ ဘယ်သူလဲ ... သူ ဘယ်မှာလဲ၊ ကျွန်တော် သူနဲ့ တွေ့ချင်တယ်"

သားဆီမှ ထွက်ပေါ်လာသော စကားသည် သူ လုံးဝမမျှော်လင့်ရဲခဲ့သော စကားဖြစ်သည်။ ရင်တမမ ဖြစ်နေသော သူ့စိတ်တွေ ဖျတ်ခနဲ ငြိမ်ကျသွား၏။ သားဆီမှ ဤမျှ သိတတ်နားလည်မှုမျိုး သူ မမျှော်လင့်ရဲခဲ့ပါ။

"သားရဲ့အဖေဟာ ဦးလေးပါပဲ သား"

www.burmeseclassic.com


သူ သွယ်ဝိုက်ဖွဲ့နွဲ့ မနေအားဘဲ၊ ခပ်ပြတ်ပြတ် ရှင်းရှင်းသာ ဖွင့်ဝန်ခံလိုက်သည်။ သားက သူ့ကို တလက်လက် လင်းနေသော မျက်လုံးများဖြင့် စိုက်ကြည့်လေသည် ...။

"ဘာလို့ ဒီလောက်အကြာကြီး မျိုသိပ်ထားခဲ့တာလဲ အဖေ ... ဟင် ... ကျွန်တော့်ဘေးမှာ အဖေရှိခဲ့တာ ကြာလှပြီပဲ ... ဘာဖြစ်လို့ အဲ့ဒီလောက် နေနိုင်ရတာလဲ ... ဟင်"

သားရဲ့လက်နှစ်ဖက်သည် သူ့ပခုံးနှစ်ဖက်ကို တင်းကျပ်စွာ ဆုပ်ကိုင်ဖျစ်ညှစ်ထားကြသည်။ သားမျက်လုံးကလေးတွေမှာ မျက်ရည်ရိပ်များကို သူ မြင်ရ၏။

"သားကို အဖေနဲ့ အဆင့်အတန်းချင်းမတူတဲ့ အထက်တန်းလွှာလူတစ်ယောက်အဖြစ် အဖေ မြင်ချင်လို့ပေါ့၊ သားဟာ အဖေ့သားအဖြစ် နေခဲ့ရင် သား အခုအချိန်မှာ ရောက်နေတဲ့ အဆင့်အတန်းမြင့်ဘဝမျိုး ... ပညာတွေ ... ရဲရင့်ထက်မြက်မှုတွေ ဘယ်တော့မှ ရမှာမဟုတ်ဘူး ... ဒီလို အဆင့်အတန်းရှိတဲ့ ချစ်သူတစ်ယောက်ကိုလည်း သေလောက်အောင်ပဲ ချစ်နေနေ ... ပိုင်ဆိုင်ခွင့် ရမှာ မဟုတ်ဘူး ...

www.burmeseclassic.com


"သားဘဝတစ်လျှောက်လုံး ဆုံးရှုံးခြင်းဆိုတာတွေပဲ မလွတ်တမ်းရမှာ ..."

သူ ရင်နင့်ခါးသီးစွာ ရေရွတ်ပြောပြသမျှကို သားက သူ့ကို ခပ်တင်းတင်းဖက်လျက် သူ့ပခုံးထက်တွင် ခေါင်းမှီ၍ ငြိမ်သက်စွာ နားထောင်နေသည်။ သားကို ပြန်လည်ဖက်ပွေ့ထားမိသော သူ့လက်များကပင် တဆတ်ဆတ်တုန်နေခဲ့တာလား၊ သားရဲ့ ခန္ဓာကိုယ်ကပင် တုန်ယင်နေခဲ့တာလား မသိဘဲ ... တုန်ယင်မှု တစ်မျိုးကို သူ ခံစားလို့ရနေသည်။

"အဖေတစ်ယောက်နဲ့ ကျွန်တော် ကျန်တာတွေ အားလုံးကို လဲရပါတယ်ဗျ ..."

သားအသံသည် ရင်ထဲမှ တိုးထွက်လာသော အသံ ဖြစ်ပြီး ... ခိုင်မာ၍လည်းနေသည်။ ထိုစကားကလေးဖြင့် သူ့ဘဝ တစ်ခုလုံး ပြီးပြည့်စုံ လုံခြုံသွားသလို နွေးထွေးဖိုလှိုက်စွာ ခံစား လိုက်ရသည်။ တစ်ယောက်ကိုတစ်ယောက် ဖက်ထားမိကြသော နှစ်ယောက်စလုံး၏ လက်တွေဆီမှ စိတ်တစ်မျိုး စီးဝင်ပျံ့နှံ့သလို ခံစားရသည်။

www.burmeseclassic.com


"သားက လဲရဲပေမယ့် အဖေက … သားဘဝကို အဖေနဲ့ အလဲ မခံနိုင်ဘူးသား … အဖေ့ကို သား အလွယ်တကူ လက်ခံပေးတဲ့အတွက် သိပ်ကျေးဇူးတင်ပါတယ် သား၊ ဘယ်တော့မှလဲ ကျေးဇူးမမေ့ပါဘူး သား"

"မပြောပါနဲ့ ကျွန်တော့အဖေရာ … ကျွန်တော် ဘယ်လောက် စိတ်ထိခိုက်ရတယ်မှတ်လဲ … အဖေ့ကို အဖေမှန်းမသိဘဲ ကျွန်တော် သူစိမ်းသက်သက်လို ဆက်ဆံခဲ့မိတဲ့ နှစ်တွေက မနည်းဘူး၊ ကျွန်တော် ရေးရေးလေးတောင် မတွေးခဲ့မိဘူး"

"သားရယ် … သိတတ်လိုက်တာ၊ သား အဲ့ဒီလောက် လိမ္မာတာနဲ့တင် မာမီတို့ မွေ့ရကျိုးနပ်ပြီ သား … သားကအမှန်တရားကို မခါးသီးတတ်တဲ့ လူထဲမှာပါတယ်၊ ဒါ သိပ်လေးစားဖို့ကောင်းတယ် …

"ခေတ်လူငယ်တွေကို မာမီတို့ လေးစားရမယ့် အချက်ပဲ … သားအဖေဟာ ဘာမို့၊ ညာမို့ သားရှက် မသွားဘူး … ချက်ချင်းလက်ခံတယ် … အဲ့ဒီအတွက် မာမီတို့ ပြုစုပျိုးထောင်ရကျိုးနပ်တယ် သား"

www.burmeseclassic.com


"နေပါဦး ... ဒေါ်မက်မုံပွင့်က ဘာဖြစ်လို့ Heart attack ရလောက်အောင် ဖြစ်သွားရတာလဲ၊ မင်းနဲ့များ ပတ်သက် သလား နေညို ..."

"သူက အမှန်တရားကို ခါးသီးတဲ့ လူအမျိုးအစားထဲမှာ ပါတယ်ဦး၊ ကျွန်တော်သားဟာ သြချိုပါလို့ ပြောပြလိုက်တာနဲ့ သူ မီးပွင့်သွားတာပဲ ... ချက်ချင်း ခေါက်ခနဲပဲ ... အဲ့ဒီမှာ သူ ဟာ့ထ်ထိသွားတာပဲ"

"ကျွန်တော်သဘောပေါက်ပြီ ... အခုမှ အခြေအနေအားလုံးကို ကျွန်တော် နားလည်သွားပြီ ...

"အန်တီ မက်မုံပွင့်က အဆင့်အတန်း၊ ဂုဏ်ဒြပ်တွေ သိပ်ခွဲခြားတတ်တာ၊ မာနကလည်း အရမ်းကြီးတာ၊ ကျွန်တော့်ကို ဦးသက်ထွန်း၊ ဒေါ်မိမိခိုင်တို့ရဲ့ သားဆိုလို့ ချက်ချင်းသဘောတူ ကြည်ဖြူခဲ့တာ ... အဖေ့သားဆိုတာကြီးကို မထင်မှတ်ဘဲ သိလိုက်ရတော့ သူ ချက်ချင်း လဲသေမသွားတာ ... ကံကောင်းလို့ပဲ ..."

"အဖေကတော့ အဖေ့ကို သူ စော်ကားနှိမ်ချပြီး ဆက်ဆံ

www.burmeseclassic.com


တာကို မခံနိုင်ဘူး၊ အဖေ့ကို သူ အသိအမှတ်ပြုရမယ်၊ အဖေဟာ တန်ဖိုးရှိတဲ့ သားတစ်ယောက်နဲ့ အဖေအဖြစ် သူ လက်ခံရမယ် ...

"သူ့သမီးကို အဖေ့သားက ယူပြီးတဲ့နောက်မှာ ... သူနဲ့အဖေဟာ ဝါချင်းတူတဲ့ ခမည်းခမက်တွေပဲ ... ဆွေမျိုးတွေပဲ ... အဖေ့ရဲ့သားဟာ သူ့ဘဝရဲ့ အရေးကြီးဆုံး အစိတ်အပိုင်း ဖြစ်လာပြီပဲ ... ဒါကို သူ တန်ဖိုးသိရမယ် ... အဖေဟာ သူနဲ့ မတူမတန်တဲ့ ယောကျ်ား တစ်ယောက် မဟုတ်ကြောင်း သူ နားလည်ရမယ် ...

"သူ နားမလည်လည်း အဖေကတော့ သူ သိအောင် နားလည်အောင် ပညာပေးရမှာပဲ ..."

သူ ခံစားချက်အပြည့်ဖြင့် ပြောပြနေသမျှကို သားက စိတ်ရှည်သည်းခံစွာ နားထောင်နေသည်။

"အဖေ့ရင်ဘတ်ထဲမှာ ဘာတွေခံစားနေရတယ်ဆိုတာ ကျွန်တော်နားလည်ပါတယ် အဖေ ...

"ကျွန်တော် တန်ဖိုးထားတဲ့ ကျွန်တော့်အဖေကို

www.burmeseclassic.com


ဘယ်သူမှ အဆင့်အတန်းခွဲလို့ မရဘူး၊ နိမ့်ချစော်ကားလို့ မရဘူး ... ကျွန်တော် တန်ဖိုးထားသလို လူတိုင်းက တန်ဖိုးထားရမယ် ...”

သားက ရဲရင့်ပြတ်သားစွာ ပြောလေသည်။

“အဲ့ဒါပဲ ... သား ... အဲဒါပဲ ...”

သူ သားရဲ့ ပခုံးကို အားပါးတရ ကိုင်လှုပ်ယမ်းခါပစ်လိုက်၏။ သားက ကလေးငယ်တစ်ယောက်လို သဘောကျစွာ ရယ်မောလျက်ရှိသည်။

“ဒက်ဒီနဲ့မာမီ့ကိုလည်း ကျွန်တော် သိပ်ကျေးဇူးတင်ပါတယ်၊ ကျွန်တော်နဲ့အဖေ့ကို ခွဲမပစ်ခဲ့တဲ့ အတွက်ရော၊ သဘောထားကြီးလွန်းတဲ့ အတွက်ရောပါ ...”

သားက ဦးသက်ထွန်းနှင့် ဒေါ်မိမိခိုင်တို့ရဲ့ ပုခုံးနှစ်ဖက်ကို အလယ်မှ ဖက်ပွေ့ကာ လေးလေးနက်နက်ကျေးဇူးစကားဆိုပါသည် ...။

‘နားလည်သိတတ်မှု’ ဆိုသောအရာတစ်ခု သူတို့အားလုံးဆီသို့ ရောက်ရှိလာခဲ့ခြင်း၏ အကျိုးသက်ရောက်မှုရလဒ်

www.burmeseclassic.com


မှာ အုံမခန်းလိလိပင် ဖြစ်တော့သည်။ ဘာမှ စကားတွေရှည်ရှည် ဝေးဝေး ရှင်းပြနေဖို့လည်း မလိုအပ်ခဲ့ ...၊ ခွင့်လွှတ်ဖို့ တောင်းပန်ရတာလည်း မရှိခဲ့ ...။ နားလည်မှုသည် အလိုအလျောက်ပင် စီးဝင်လာခဲ့တာဖြစ်သည်။

"သားကိုလည်း အဖေ ကျေးဇူးတင်တယ်သား၊ ငါ့သား အရွယ်နဲ့မမျှအောင် ရင့်ကျက်နားလည်တတ်လွန်းလို့ ..."

"မလိုပါဘူး အဖေ ... အဖေဟာ ကျွန်တော့်အဖေပဲဆိုတာ အမှန်တရားပဲ၊ အမှန်တရားဆိုတာ နားလည်သွားရင် သိပ်အနှစ်သာရရှိတယ် ... တမင်ဖုံးကွယ်ထားရင်သာ ကိုယ့်ကိုယ်ကိုယ် မလုံခြုံတဲ့စိတ်နဲ့ တနုံ့နုံ့ခံစားရမှာ ... တစ်သက်လုံးနောင်တရနေမှာ ... ကျွန်တော်အဖေနဲ့ ပတ်သက်ပြီး နောင်တမလိုချင်ဘူး ... အဖေ့ကို ကျွန်တော် လေးစားတယ်၊ တန်ဖိုးထားတယ် ...

"ကျွန်တော့်ဘဝအတွက် အဖေလုပ်ခဲ့တဲ့ အလုပ်၊ စွန့်လွှတ် အနစ်နာခံခဲ့တဲ့ အလုပ်ကြီးက ... အဖေဟာ ကျွန်တော့်ရဲ့ သူရဲကောင်းဆိုတာကို ပြခဲ့တာပဲ ..."

www.burmeseclassic.com


"ဟား ဟား ... ငါ့သားကွ ... အဲဒါ ငါ့သားပဲ"

"ကျွန်တော့်ကို အာရုံတော်ဝင်ဆီပဲ ပြန်ပို့ပေးပါ အဖေ ... ဟိုမှာသမ္မာတစ်ယောက်တည်း ... သူ့ဘေးမှာ ကျွန်တော် ရှိမှဖြစ်မယ်၊ ပြီးတော့ သူ့ကိုလည်း ကျွန်တော် အဖေ့ အကြောင်းတွေ ပြောပြမယ် ..."

သူတို့အားလုံး ကားပေါ်သို့ အသီးသီးပြန်တက်လာခဲ့ကြကာ ကားကို အာရုံတော်ဝင်ဘက်သို့ ပြန်ကွေ့လိုက်သည်။ စကားတွေ ဆက်မပြောဖြစ်ဘဲ ကားထဲမှာ တိတ်ဆိတ်နေကြသည်။ သားက သူ့ပခုံးတစ်ဖက်ပေါ် လက်လှမ်းတင်ထားပြီး ဆုပ်ညှစ်ထားခြင်းဖြင့် သူ့ရင်ထဲက မေတ္တာကို ပြသလျက်ရှိသည်။

အာရုံတော်ဝင်ရှေ့တွင် သားဆင်းတာနှင့် သူက ... "သား အဖေ ဦးတို့ကို အိမ်ပြန်ပို့ပြီးရင် သားတို့ဆီ ပြန်လာချင်တယ် ... ခွင့်ပြုမလား ... အဖေ အခန်းထဲမဝင်ပါဘူး၊ အခန်းပြင်ကပဲ ထိုင်စောင့်မှာပါ၊ အဖေ့ကို မက်မုံပွင့် မမြင်စေရဘူး ..."

ဟု တောင်းဆိုလိုက်သည်။

www.burmeseclassic.com


"အဖေ ကြိုက်တာသာလုပ်ပါ၊ ကျွန်တော် သဘောတူတယ်၊ အဖေ့ဆန္ဒဟာ ကျွန်တော့် ဆန္ဒပဲလို့ အမြဲမှတ်ထားပါ"

သူတို့ သားအဖချင်း လက်ဖဝါးချင်း ရိုက်လိုက်ကြလေသည်။ သားက ဆေးခန်းကြီးပေါ်သို့ ပြေးတက်သွားလေသည်။

"သား ... အခုလောက် လွယ်လွယ်ကူကူ လက်ခံတာ ဦးတော့ သိပ်ဝမ်းသာတာပဲ နေညို၊ ဒီကောင်လေး ဒီလောက် တော်လိမ့်မယ်လို့ ထင်တောင်မထင်ဘူး ..."

"ဗီဇဆိုတာ ဖျောက်လို့မှ မရတာ... ဦး ... သားဆီမှာ ကျွန်တော့်ဗီဇ အပြည့်ပါတယ်၊ အမှန်တရားကို နားလည်လက်ခံတတ်တဲ့ ဗီဇပေါ့"

"အေးကွယ် ... သားအဖချင်း နားလည်လက်ခံလိုက်ကြတာကိုပဲ အန်တီလည်း ကျေနပ်တယ်၊ နို့မို့ဆို အန်တီတို့မှာ မင်းအပေါ် ဝတ္တရားမကျေသလို၊ တရားမျှတမှု မရှိသလို ခံစားရတယ် ..

"မွေးစားမိဘတွေက မိဘအရင်းလို ဘယ်လောက်ပဲ

www.burmeseclassic.com


ကောင်းကောင်း ... သားအဖ အရင်းကတော့ သိကိုသိဖို့ လိုတယ် ... ဒါက သွေးလေ ...”

“နေညို ... ကိုယ်တို့ကို ဒေါ်မက်မုံခြံထဲပဲ လိုက်ပို့၊ မင်္ဂလာပွဲလည်း ဘယ်လိုဆက်ဖြစ်တယ် မသိဘူး၊ ကျန်တဲ့ ကိစ္စတွေ ဦးတို့ပဲ ဖြေရှင်းထားလိုက်မယ် ...”

ဦးသက်ထွန်းတို့ကို မက်မုံပွင့်၏ ခြံထဲမှာပင် ပို့ထား ပေးခဲ့သည်။ ဧည့်ပရိသတ်တွေက မရှိတော့ဘဲ ခုံတွေ၊ စားပွဲတွေကို သာ ဟိုတယ်လ်ဝန်ထမ်းတွေက ရှင်းလင်းသိမ်းဆည်းနေကြပြီ။

သူ အာရှတော်ဝန်သို့ ပြန်လာခဲ့၏။ မက်မုံကို စိုးရိမ်သော အပူဓာတ်တစ်မျိုးဖြင့် သူ့နှလုံးသား အခြေတစ်နေရာ တွင် ပူနွေးမှုတစ်မျိုး ကိန်းဝပ်နေသည်။

သူ ရောက်သွားချိန်တွင် မက်မုံ သတိကောင်းစွာ ရနေပြီ ...။ အခန်းပြင်တွင် ခဏရပ်ကာ သူ နားထောင်နေမိသည်။ တံခါးက အသေပိတ်ထားခြင်းမရှိဘဲ ခပ်ဟဟ အနေအထားမို့ သူ အတွင်းက အသံတွေကို ကြားခွင့်ရနေသည်။

“သဘောမတူဘူး ... မင်းဟာ သင်းရဲ့ သားဆိုတာနဲ့တင်

www.burmeseclassic.com


ငါ့သဘောမတူနိုင်ဘူး ... လက်မခံနိုင်ဘူး ... ဒီကောင် သက်သက် ငါ့ကို ပိပိရိရိ လက်စားချေတာ ... အနှစ် နှစ်ဆယ်တောင် ရှိခဲ့ပြီ ... နှစ်ရှည်လများ စီမံကိန်းချပြီး ငါ့ကို လက်စားပြန်ချေခဲ့တာ ...”

မက်မုံပွင့်၏ အသံမှာ ခါးသက် မာကျောနေသည်။ သား၏ အသံကို မကြားရ။ သမီးရဲ့ အသံကလေးတော့ ထွက်လာသည်။

“မေမေရယ် ... စိတ်ကိုလျှော့လိုက်ပါ၊ မေမေ ဟာ့ထ်အတက်(ခ်) လည်းရထားပြီးပြီ ... အခုဆေးခန်းပေါ်မှာ ဒီမှာဒေါက်တာ ဇော်နိုင်လည်းရှိနေပြီ ... အဲဒါတွေကို ဘာမှတွေးမနေနဲ့တော့ ... သမီးနဲ့သြချိုကလည်း လူသိရှင်ကြားလက်ထပ်ပြီးပြီ ... ဘာမှ မတက်နိုင်တော့ဘူး၊ မေမေစိတ်လျှော့လိုက်ပါတော့နော်၊ သမီးတောင်းပန်ပါတယ် ...

“မေမေတစ်ခုခုဖြစ်ရင် သမီး သေဖို့ဘဲ ရှိတော့တယ်”

“ကွာရှင်းပစ်မယ်၊ ခုချက်ခြင်း ပြန်ကွာရှင်းပစ်မယ်”

www.burmeseclassic.com


သူမအသံမာထန်ဆဲ။


"မေမေ ... သမီးကို စိတ်ဆင်းရဲအောင် မလုပ်ပါနဲ့ ... သမီးသူနဲ့မခွဲနိုင်ဘူးလေ ... သူ့ကို သမီး အရမ်းချစ်တာ မေမေအသိဆုံးပဲ ... အဖေက အဖေ ... သားက သားပါပဲ မေမေရယ် ...

"အဲဒါတွေကို ခု မတွေးပါနဲ့ဦး ... မေမေ နေကောင်းမှပဲတွေးကြရအောင်နော်။ မေမေ သမီးကို ငဲ့ပါနော်... မေမေ အနားယူလိုက်တော့ ... နောက်မှပဲ ဒီအကြောင်းဆွေးနွေးကြရအောင်"

သမီး ချော့ချော့မော့မော့ နှစ်သိမ့်ဖြောင်းဖျနေသဖြင့်အခန်းထဲမှာ အသံ လုံးဝ တိတ်ဆိတ်သွားလေသည်။ သူလည်း ... ထိုနေရာမှ လှည့်ထွက် လာခဲ့တော့လေသည်။


သမီးနှင့်သားကို ယုံကြည်စိတ်ချသော ခံစားချက်ကြောင့် ဖြစ်ပါသည်။

www.burmeseclassic.com




[illegible]

www.burmeseclassic.com



မေတ္တာရှင်တော်ပဲ

www.burmeseclassic.com


အခန်း(၁၁)

မက်မုံပွင့် အခြေအနေ ပုံမှန်ဖြစ်လာခဲ့ပြီ ... လိုအပ်သော စစ်ဆေးရှာဖွေချက်များ ပြည့်စုံသွားချိန်တွင် ဆေးခန်းကြီးပေါ်မှ ပြန်ဆင်းလာကာ ... အိမ်တွင်အပြည့်အဝ စိတ်ရော၊ကိုယ်ပါ အနားယူရန်ဆရာဝန်က ညွှန်ကြားခဲ့သည်။

သား၏ ပြန်လည်ပြောပြချက်အရ မက်မုံပွင့်နှင့် သမ္ဘူခင်ရော ... သားပါ အတော်လေး အတိုက်အခံ ဆွေးနွေးညှိနှိုင်းခဲ့ကြရပြီး နောက်ဆုံးတွင် မက်မုံပွင့်က သမီးအလိုကို လိုက်လျောလိုက်ရသည်ဟု ဆိုပါသည်။ သားကို သမီးဖြစ်သူက

www.burmeseclassic.com



မခွဲနိုင်မခွာရက် မက်မောစုံမက်လှသောကြောင့် ဒေါ်မက်မုံပွင့်သည် သားနှင့်သမီးကို ဘယ်လိုအမိန့်အာဏာ၊ ခြိမ်းခြောက်မှုမျိုးနှင့်မှ ခွဲခွာပြစ်ဖို့ မကြိုးစားနိုင်တော့ဘဲ သားကိုလက်ခံကာ အိမ်ပေါ်ခေါ်တင်ထားလိုက်ရတော့သည်။ သမီးကို မခွဲနိုင်သော ကြောင့် အိမ်ခွဲနေကြဖို့ကိုလည်း သူမက ခွင့်မပြု။ မည်သို့ပင်ဖြစ်စေ သမီးသည် သူမ၏ မျက်စိအောက်တွင်သာ ရှိရမည် … ဟု သူမက ဆိုပါသည်။

သားက သူမ၏ အိမ်တွင် လိုက်နေရသည့်အတွက် သူက သားကို တွေ့ချင် လျှင် သားရှိရာ သူမအိမ်ကြီးဆီသို့ သွားရတော့သည်။ သားကိုတင်မက၊ သူမကိုပါ တွေ့မြင်ချင်သော ကြောင့် ဆိုတာကို သူ မငြင်းချင်ပါ …။

သားတို့လက်ထပ်ပြီးနောက် ဦးသက်ထွန်းက သူ့လုပ်ငန်းများစွာထဲမှ … တစ်ခုဖြစ်သော ဟိုတယ်လုပ်ငန်း တစ်ခုကို သားဆီ လွှဲပြောင်းပေးလိုက်သောကြောင့် သားနှင့်သမီးသည် ဟိုတယ်လုပ် ငန်းကို အတူတကွ စတင်လုပ်ကိုင်လျက် ရှိကြပြီမို့ မအားးလပ်နိုင်တော့ပေ …။

www.burmeseclassic.com


သားကို တွေ့ချင်လျှင် သားအားလပ်မည့် အချိန်များတွင်ကြိုတင် ဖုန်းဆက် ပြီး မှသူ သွားတွေ့ရသည်။ သားက သူ့ဒရိုင်ဘာလုပ်ခွင့်မပေးတော့။ ဒရိုင်ဘာအသစ် တစ်ယောက် ငှားလိုက်လေသည်။

"အဖေ အေးအေးဆေးဆေးပဲ နေပါတော့ ... အလုပ်လုပ်ချင်ရင်လည်း ကျွန်တော်တို့ ဟိုတယ်မှာ မန်နေဂျာလာလုပ်ပေးပါ ... ကျွန်တော့် ဒရိုင်ဘာတော့ မလုပ်ရတော့ဘူး၊ ကျွန်တော် မစီးရက်ဘူး ..."

ဟု သားက ဆိုသဖြင့် သူ ဒရိုင်ဘာ မလုပ်ရတော့ချေ။ သား၏ ဟိုတယ်တွင် မန်နေဂျာဝင်လုပ်နေရသည်။ သို့သော် ထိုအလုပ်မှာ သားနှင့်အမြဲ နီးနီးကပ်ကပ် တွေ့ ဆုံဖို့ အခွင့်အရေး မရသဖြင့် သူ မပျော်ပိုက်လှပါ။

သား အိမ်မှာ ရှိတတ်သော ညနေခင်းမျိုးတွင်တော့ သူသည် သားဆီသို့ ရောက်အောင်သွားတတ်လေသည်။ သူ လာသည်ကို မက်မုံပွင့်က လုံးဝ သည်းမခံနိုင်။

www.burmeseclassic.com


သူ့ကို မြင်တာနှင့် မျက်လုံးများ ဝင်းဝင်းတောက်လက်ကာ ...

"ရှင် ဘာလာလုပ်တာလဲ ဟင် ... ကျွန်မ အိမ်ကို ရှင်လာစရာလား ... ရာရာစစ"

ဟု ဒေါသတကြီး အော်ဟစ်တတ်၏ ။ ထိုအခါ သူ ပိုပြီး ပညာပြချင် လာမိသည်။ အစွဲ့တိုက်ချင်သော ဘဉ်ဆိုးကလေးသည် ဘယ်ကဘယ်လို သူ့ရင်တွင်းသို့ ရောက်ရှိလာမှန်းမသိ။

"ကျွန်တော့်သားနဲ့ ချွေးမဆီလာတာ ... ခင်ဗျားဆီ လာတာမှ မဟုတ်ဘဲ ...."

ဟု ခပ်ရင့်ရင့် ပြန်ပြောမိတတ်သည်။

"တောက်... လူပါး၀,တယ် ... တန်ရာတန်ရာမပြောဘူး၊ ရှင့်မျက်နှာကို ကျွန်မ မမြင်ချင်ဘူး ... နောက်ကို မလာနဲ့"

"လာမှာပဲ၊ ကျွန်တော်ပြောပြီးပြီ၊ ကျွန်တော့်သားဆီ ကျွန်တော်လာတာ"

"တောက် ..."

www.burmeseclassic.com


သူမ ဘာမှပြန်မပြောနိုင်ခင် သားနှင့် ချွေးမ ရောက်လာကာ ...

"အန်တီ၊ ကျွန်တော့်အဖေကို ထမင်းစားဖိတ်ထားတာ ... လာ အဖေ ထမင်းစားခန်းထဲသွားရအောင် ..."

ဟု သားက ပါးနပ်စွာပင် ခေါ်လေသည်။ သားက သူ့အပေါ် အလွန်နား လည်လွန်းသဖြင့် သမီးက ဘာမှမပြော သာ...။ မိခင်၏ မာနနှင့် မောက်မာမှု ကိုလည်း မတားဆီးနိုင် ဘဲ ကြားနေဝါဒကိုသာကျင့်သုံးလေသည်။

" ဘာ ... ငါ့အိမ်က ငါ့ရဲ့ထမင်းစားဝိုင်းမှာ ဒီလိုလူမျိုးနဲ့ ငါကအတူ ထမင်းတဝိုင်းတည်း စားရမယ် ... ဟုတ်လား သြချို ... မင်း သိပ်တရားလွန်နေပြီ သြချို ... "

"သမ္ဘူ ကိုယ် တရားလွန်တယ်လို့ မင်း ယူဆသလား ပြောပါ ... မင်းရဲ့ ထင်မြင်ချက်ကို ကိုယ် လက်ခံမယ်"

သားက သမ္ဘူကို လှည့်မေးရာ သမ္ဘူက သူမမိခင် ဆီ တစ်ချက်လှမ်းကြည့်ပြီး...

www.burmeseclassic.com


"မေမေရယ် သားက အဖေကို ထမင်းစားဖိတ်တာကို တရားလွန်တယ်လို့ ဘယ်လိုလုပ် ပြောထွက်မလဲ၊ ခွင့်ပြုလိုက်ပါ ..."

ဟုသာယာညင်းပြောင်းသော အသံကလေးဖြင့် ပြောလေသည်။

"သမ္ဘူညည်းကြောင့် မေမေ လျှော့ရတာတွေ သိပ်များနေပြီနော်၊ မေမေ့ဘက်လည်း ထည့်တွက်ပေးဦး"

"သူ့သားကို ယူပြီးမှ သူ့အဖေကိုလည်း ပစ်ထားလို့မှ မရတာ မေမေရယ်..."

သမ္ဘူက တရားမျှတစွာပြောလေသည်။

သူသည် တမင်အရွဲ့တိုက်ကာ ထမင်းစားပွဲ၏ ထိပ်ဆုံးနေရာတွင် ဝင်ထိုင်၍ နေရာယူလိုက်သည်။ သူမက စိမ်းလက်နေသော မျက်လုံးများဖြင့် သူ့ကိုကြည့်၏...။ မတတ်သာလွန်း၍သာ ထမင်းစားပွဲတွင် ဝင်ထိုင်လိုက်ရပုံပေါ်သည်။ သူမသည် သူ့အပေါ် တစ်စက်ကလေးမှ အခဲကျေဟန် မရှိပါ။

www.burmeseclassic.com


"သားရေ အဖေကတော့ ကိုယ့်အိမ်ကိုယ့်ယာလိုပဲ သဘောထားပြီး အားပါးတရ စားတော့မယ်နော်"

ဟု သူက ခပ်ကျယ်ကျယ်အော်လျက် ဒူးတစ်ချောင်းထောင်ကာ ထိုင်ပစ်လိုက်သည်။ သူမ ဘယ်လောက် မခံချိမခံသာ ဖြစ်နေသလဲဆိုတာ တွေးကြည့်၍ ရပါသည်။

သူကလည်း ဇွန်း၊ ခက်ရင်းများကို မသုံးဘဲ လက်ဖြင့်သာ ပယ်ပယ်နယ်နယ် စားကာ အောက်တန်းအကျဆုံး အပြုအမူများကို တမင်သက်သက်ပင် လုပ်သည်။ ဥပမာ ... ဟင်းတွေပေရေနေသေ ၁ ညာလက်ကြီးဖြင့်ပင် ဟင်းခပ်ဇွန်းကို ကိုင်တာမျိုး၊ ဟင်းချိုကို တရှူးရှူးမြည်အောင်သောက်တာမျိုး ... ပါးစပ်ကိုဖွင့်ကာ တဗျစ်ဗျစ်မြည်အောင် ဝါးတာမျိုး ...

သူမသည် သူ့ကို စက်ဆုပ်ရွံရှာဖွယ် သတ္တဝါတစ်ကောင်ကို ကြည့်သလို စူးစူးစိမ်းစိမ်းကြီး စိုက်ကြည့်လျက်ရှိ၏ ...။

"ဒီလောက်အောက်တန်းကျတဲ့လူမျိုး ငါ့တစ်သက် တစ်ခါမှ မတွေ့ဖူးဘူး"

www.burmeseclassic.com


ဟုလည်း ပြောလေသည်။ သူ အားပါးတရ ရယ်လိုက်ရင်း ... ဟင်းဆီတွေ၊ ထမင်းလုံးတွေ ပေရေနေသောလက်ကို လျှာနှင့် စုပ်ယူလိုက်သည်။

"ဒေါ်မက်မုံပွင့်၊ ထမင်းစားတယ်ဆိုတာ ဗိုက်ဝဖို့ စားတာဗျ၊ အဆင့်အတန်း ပြဖို့ စားတာမှ မဟုတ်တာ ... ဘယ်လိုပဲ စားစား ဗိုက်ပြည့်ဖို့က အဓိကပဲ"

သူ သူမကို တမင်ရွတ်နေမှန်း သားရော၊သမီးကပါ ရိပ်မိဟန်ရှိလေသည်။ သူ အော့ကနဲ လေချဉ်တက်သံ ကျယ်ကျယ်လောင်လောင် ပြုလိုက်ချိန်တွင် သူမ ဝုန်းကနဲ ထရပ်လိုက်၏။

"ရှင် တမင်သက်သက် လုပ်နေတာ၊ သက်သက် ကျွန်မကို စိတ်ဆိုး ဒေါသ ထွက်အောင် လုပ်နေတာ .. ရှင့်ကို ကျွန်မ မကျေဘူး  လုံးဝမကျေဘူး ..."

ဟု သူမက ဒေါသတကြီး အော်ဟစ်ပြီး ထမင်းဝိုင်းမှ ထွက်သွားလေသည်။ သူမ မရှိတော့မှ သူက သားနှင့်သမီးကို တောင်းပန်သောအကြည့်ဖြင့် လှမ်းကြည့်ကာ...

www.burmeseclassic.com


"သားရော၊ သမီးရော အဖေ့ကို ခွင့်လွှတ်ကြနော် ... အဖေ လုပ်ချင်လွန်းလို့ လုပ်နေတာမဟုတ်ဘူး ... သူ့ရဲ့ အဆင့်အတန်းခွဲတတ်တဲ့စိတ်ကြီးကို လူလူချင်း တန်ဖိုး မထားတတ်တဲ့ စိတ်ကြီးကို ဖျောက်ပစ်ဖို့ကြိုးစားနေ တာပါ ...

"အဲဒီအတွက် အဖေ အမုန်းခံရမယ်ဆိုတာ သိ တယ် ..."

"ဒါပေမယ့် လောကမှာမတူဘူးမတန်ဘူးဆိုတာ မရှိဘူး၊လူဟာလူပဲဆိုတာ သူ့ကိုနားလည်စေချင်တာ... ဘယ်လောက်ပဲဆင်းရဲအောက်တန်းကျတဲ့ လူပဲဖြစ်ဖြစ် သူ့မှာ လူဆိုတဲ့ တန်ဖိုးကလေးတော့ ရှိတယ်..."

"ဆင်းရဲသားဖြစ်ဖြစ်၊ ဘယ်လောက်ကျိကျိတက် ချမ်းသာတဲ့လူချမ်းသာပဲ ဖြစ်ဖြစ် တနေ့ကို ထမင်းနှစ်နပ် ပဲ စားရတာပါ ... သူကချမ်း သာလို့ရွှေထမင်း၊ ငွေ ထမင်း စားလို့ရသလား ... ထမင်းစားရတဲ့ ရည်ရွယ် ချက်ကိုက အသက်ရှင်ဖို့ စားကြရတာ... ဒါပဲ"

www.burmeseclassic.com


ဟု သူ သားကို နားလည်အောင် ရှင်းပြရသည်။ သားက သူ့ကို သဘောကျစွာကြည့်ကာ ...

"ကျွန်တော်နည်းနည်းတော့ သံသယဝင်လာတယ် အဖေ၊ အန်တီမက်မုံနဲ့ ဖေဖေတို့ကြားမှာ ရာဇဝင်ကြွေး တစ်ခုခု တော့ရှိမယ် ... အဖေတို့ အခုမှ တွေ့ကြ၊ သိကြတဲ့ ပုံစံ မျိုး မဟုတ်ဘူး ... တော်တော်ကြီးမားတဲ့ အစိုင်အခဲ တစ် ခုခု ကိန်းဝပ်နေတာ ကြာလှတဲ့ပုံပဲ"

ဟု ပါးနပ်သိမြင်လွယ်စွာ ခန့်မှန်းလျှင် သူ အသံ ကျယ်ကျယ်ဖြင့် အော်ရယ်မိလေသည်။

"သား မဆိုးဘူး၊ တော်တယ် ... သေချာတာပေါ့ ... အဖေ ပြောပြခဲ့တဲ့ ချောကလက်ကြီးပုံပြင်လေ ... အဲဒါ သူပေါ့"

"ဟား ... ဟား ... ဟား ... တကယ်လား အဖေ"

သားက သူ ပွင့်လင်းပြောင်ကျစွာ မကွယ်မဝှက် ဝန်ခံတာကို သဘောကျစွာ မျက်လုံးများပင် တလက်လက် တောက်ဖြာလာလေသည်။ ချွေးမက ဘာမှ မသိနားမလည်သော ကြောင့် ...

www.burmeseclassic.com


"ဘာချောကလက်လဲဟင် ဟန်နီ ... သမ္ဘူလည်း ချောကလက်စားချင်လိုက်တာ"

ဟု ကပျာကယာ ဝင်ပြောလေသည်။ သမ္ဘူ့မျက်နှာကြောင်တောင် မျက်နှာပေးကြောင့် သူတို့သားအဖ ပို၍ ရယ်မောမိကြလေသည်။

"ဘာတွေ ရယ်နေကြတာလဲ ... သူများကိုတော့ မပြောပြဘူး ... စိတ်တိုလာပြီနော်၊ သိပ်ကဲတဲ့ သားအဖတွေ၊ ဒါကြောင့် မေမေ ကြည့်မရတာ"

"ပြောပြမယ်၊ ပြောပြမယ် ... ညကျတော့မှ အေးအေးဆေးဆေးပြောပြမယ်၊ ကိုယ့်အဖေက တကယ်ရယ်ရတယ်၊ ဟားဟား ... "

သားက တစိမ့်စိမ့်တွေးလေ၊ရယ်ချင်ဟန်ဖြင့် တသိမ့်သိမ့်ရယ်လေ ဖြစ်သည်။

"ကျွန်တော့်ကို အဲဒီအကြောင်း သေချာပြောပြပါဦး အဖေ၊ ကျွန်တော် စိတ်ဝင်စားတယ် ... "

www.burmeseclassic.com


"ပြောပြမှာပေါ့ ... လာ ... ခြံထဲ ဆင်းပြီး အေးအေးဆေး ဆေး လမ်းလျှောက်ကြရင်း ပြောပြမယ်"

သူက သားပခုံးကိုဖက်ကာ ခြံထဲသို့ ဆင်းလာခဲ့ သည်။ ချွေးမက ....

"သမ္ဗူ မေမေ့နား သွားနေပေးလိုက်ဦးမယ် ... မေမေက သိပ်စိတ်ကြီးတာ ဦးလေးရယ် ... ဘယ်လိုပဲဖြစ်ဖြစ်၊ မေမေ့ ကိုတော့ ပြင်းပြင်းထန်ထန်ကြီးတွေ မတိုက်ခိုက်ပါနဲ့ ...

မေမေ့မှာ အချိန်မရွေး ဟာ့(ထ်) အတက်(ခ်) ထပ်ရနိုင်လို့ပါ"

ဟု ပြောပြီး သူမအမေရှိရာသို့ ထွက်သွားလေသည်။

သူတို့သားအဖ ခြံထဲမှာ သူငယ်ချင်းတွေလို လည်ပင်း ဖက်၍ လမ်းလျှောက်ကာ သူ့ရဲ့ လူငယ်ဘဝကို ပြန်လည်ပြော ပြခဲ့၏ ... ။ သားက စိတ်ဝင်တစား နားထောင်နေကာ ...

"အန်တီမက်မုံပွင့်က တော်တော်ဆိုးတာပဲဗျာ .. မာနက တစ်ဖက်စွန်း သိပ်ရောက်သွားရင် လူမဆန်တော့သလို ဖြစ်သွားတာနော် .. "

ဟု သားက မှတ်ချက်ချသည်။

www.burmeseclassic.com


"သိပ်ရက်စက်တတ်တဲ့ မိန်းမတစ်ယောက်ပေါ့၊ သူ့ အိမ်ထောင်ရေးပြိုကွဲသွားခဲ့တာလည်း သူ့ရဲ့ မာနတွေ အများကြီးပါမှာပဲ၊ သူ့မာနက ကြောက်စရာကောင်းတယ် ... "

"အဖေ .. သူ့ကို မနာကြည်းဘူးလား .. "

"နာကြည်းပေမယ့် မေ့လို့မရဘူး၊ ဒီနေ့ထိ မေ့လို့မရတာဘဲ ကြည့်တော့ .. "

"ကျွန်တော် လူငယ်မေးခွန်းတစ်ခု မေးမယ် .... အဖေ ပွင့်ပွင့်လင်းလင်း၊ အမှန်အတိုင်း ဖြေမလား ... "

သားမျက်နှာက အနည်းငယ် ပြုံးရိပ်သမ်းနေသဖြင့် သူက သားမေးမည့်မေးခွန်းကို ခန့်မှန်း၍ရသွား၏ ။

"သား ဘာမေးမယ်ဆိုတာ အဖေ သိတယ်"

"ကဲ ... ဒါဆို ဘာလဲ "

သားနှင့်သူ့အကြားတွင် အခုမှ သားအဖဟူသော ပတ်သက်မှုကို သိခွင့်ရခြင်းဖြစ်ပေမယ့် ... နှစ်ရှည်လများ ရင်းနှီးခင်တွယ်ခဲ့သော သူငယ်ချင်းသဖွယ် ပို၍ ရင်းနှီးနေသည်။

www.burmeseclassic.com


"အဖေ အဲဒီ မိန်းမကြီးကို ချစ်နေသေးသလား ဆိုတဲ့ မေးခွန်း သားမေးမှာမှလား"

"ဟာ ... အဖေ အရမ်းတော်တယ်၊ လုံးဝ မလွဲဘူး"

"ဟား ဟား ... ငါ မင်းအဖေပါကွာ သားရာ၊ ကဲ အဖေ ဘယ်လိုဖြေမယ်လို့ မင်း ထင်သလဲ ပြောကြည့်စမ်း"

သားက သူ့မျက်လုံးများထဲသို့ ထွင်းဖောက်ထိုးစိုက်၍ ကြည့်ရင်း ... တစ်ချက်ပြုံးလာသည်။

"အဖေ သူ့ကို နာလည်း နာကြည်းနေတယ်၊ အမြင်လည်း ကတ်နေတယ်၊ မုန်းလည်း မုန်းနေတယ် ... အဲဒီကြားထဲက အဖေ အဲဒီ့မိန်းမကြီးကို ချစ်လည်း ချစ်နေသေးတယ် ... "

သားရဲ့ ထင်မြင်ချက်စကားကြောင့် သူ ဟက်ဟက်ပက်ပက် ရယ်မောကာ လက်ဖျစ်တီးလိုက်လေသည်။

"မမှားဘူး ငါ့သား ... မင်း လုံးဝ မမှားဘူး ... ငါ့သား သက်တမ်းတစ်လျှောက်လုံး ပြောခဲ့တဲ့စကားတွေထဲမှာ ဒီစကားအမှန်ဆုံးပဲ"

www.burmeseclassic.com


သူတို့သားအဖ ပခုံးချင်းဖက်ကာ ရယ်မောလိုက်ကြသည်။

"အဖေ့ရင်ထဲမှာ အချစ်ဆိုတဲ့ အရာကြီးက ခုချိန်ထိ ကိန်းဝပ်နေခဲ့တယ်၊ ဒါကြီးကို သဂြိုဟ်ပစ်လို့ မရသေးဘူး၊ ခုချိန်ထိ အချစ်ဆိုတဲ့ ဟာကြီးက ဖြားယောင်းတုန်းပဲ၊ နှလုံးသားက ခပ်ပြင်းပြင်း တစ်ချက်တိုက်လိုက်ရင် မုန်တိုင်းတစ်စင်း အတိုက်ခံရသလိုပဲ ယိမ်းထိုးတုန်ခါတုန်းပဲ ....

"အဖေတော့ ဒီအချစ်ဆိုတာကြီးကို ခံစားရင်းနဲ့ပဲ သေမှာပဲ ... "

"အဖေကလဲဗျာ"

"အဖေ့ထက်စာရင် ငါ့သားက အများကြီး ကံကောင်းတယ်၊ အချစ်ဆိုတဲ့ ကိုယ်လိုချင်တဲ့ ချောကလက်ကို စားခွင့်ရတယ် .. အဖေကတော့ ခုချိန်ထိ သွားရည်တမျှားမျှား ကျရုံကလွဲပြီ၊ ဘာမှ မတတ်နိုင်ဘူး ...

"ဒါပေမယ့် အဖေ့ရင်ထဲမှာ စိတ်တစ်ခုကတော့ ပြင်းထန်နေတယ်၊ မက်မုံပွင့်ရဲ့ အစွန်းရောက်နေတဲ့ မာန

www.burmeseclassic.com


ကြီးနဲ့ လူအချင်းချင်း တန်ဖိုးမထားတတ်တဲ့ ဗီဇကြီးကို ပြုပြင်ပစ်လိုက်ချင်တယ်၊ ပုံစံပြောင်းပစ်လိုက်ချင်တယ် ...

"သူ အဖေ့ကို လူတစ်ယောက်လို မြင်လာအောင် အဖေ လုပ်ပြချင်တယ် ... "

"ကောင်းတယ် အဖေ ... လုပ်သာလုပ်၊ ကျွန်တော် အဖေ့ဘက်မှာ အမြဲရှိတယ်"

"ဒါမှ ငါ့သားပဲ ... "

သူ သားရဲ့ ပခုံးကို ခပ်တင်းတင်းဆုပ်ညှစ်ထားလိုက်လေသည်။

သူက သားကိုဖက်ရင်း ရဲတိုက်ကြီး၏ လသာဆောင်ဆီသို့ အမှတ်မထင် ဖျက်ခနဲ မော့ကြည့်မိစဉ် .. သူတို့သားအဖရှိရာဆီသို့ လှမ်းကြည့်နေသော မက်မုံပွင့်နှင့် သမ္ဘူခင်ကို သူတွေ့လိုက်ရသည်။

သူ စိတ်ကူးတစ်ခု ပေါ်သွားကာ ...

"အဖေ သားနဲ့အတူ လာနေချင်တယ်ကွာ ... ဖြစ်မလားသား ... "

www.burmeseclassic.com


ဟု ပြောလိုက်၏ ... ။ သားက မဆိုင်းမတွပင် ... "ကောင်းသားပဲ အဖေ၊ ကျွန်တော် သမ္ဘူနဲ့ ပြောကြည့်လိုက်မယ် .. သူကတော့ ဘာမှ ပြောမှာ မဟုတ်ပါဘူး၊ အန်တီမက်မုံပွင့်ကိုတော့ တော်တော်အတိုက်အခံ လုပ်ရလိမ့်မယ် ... "

ဟု အဖြေပေးသည်။

"အဲဒါတော့ သေချာတယ်၊ သူနဲ့တော့ ထိပ်တိုက်တွေ့မှာပဲ၊ ဒါပေမယ့် သားတို့ကို သူ အရှုံးပေးရမှာပါ၊ ဘာဖြစ်လို့လဲဆိုတော့ သူ သိပ်ချစ်တဲ့ တစ်ဦးတည်းသော သမီးကလေးက သားကို တမ်းတမ်းစွဲ ချစ်နေတာကိုး ... "

www.burmeseclassic.com

## အခန်း (၁၂)

သူတို့ ကြိုတင်မှန်းဆခဲ့သည့်အတိုင်းပင် သားသည် မက်မုံပွင့်နှင့် ထိပ်တိုက်ရင်ဆိုင်ကာအတော်ပင်ဒိုပက္ခ ဖြစ်လိုက်ရသည်။သား၏ ပြောပြချက်အရ သားနှင့်အတူ သူလာနေချင်သည့် အကြောင်းကို သားနှင့်သမ္ဘူခင်တို့ အခန်းပိတ်ဆွေးနွေးပွဲတစ်ခု အရင်လုပ်ဖြစ်ကြသည်တဲ့။

သမ္ဘူခင်ဆိုသည်မှာ သားရဲ့ ဆန္ဒမှန်သမျှကို မပယ်ရှားတတ်တဲ့သူမို့ ... ထိုကိစ္စကိုလည်း ပထမပိုင်းတွင် ခါးခါးသီးသီး

www.burmeseclassic.com


ငြင်းပေမယ့်နောက်ဆုံးတွင်သားသဘောအတိုင်းပဲဟုလိုက်လျော ခွင့်ပြုလိုက်သည်။ သို့သော် ခြွင်းချက်ကတော့ သူမမိခင်ကို သား ကပဲ ရင်ဆိုင်ပြောကြည့်ဖို့ ဖြစ်လေသည်။

သားက သတ္တိရှိသော၊ ရဲဝံ့ပြောင်မြောက်သော လူငယ်ကလေးပီပီမက်မုံပွင့်ကို ရင်ဆိုင်ခဲ့ပုံကိုသူ့အား အသေးစိတ် ပြန်လည်ပြောပြခဲ့ပါသည်။

"ကျွန်တော့်အဖေက ကျွန်တော်နဲ့အတူ လာနေချင်ရှာတယ် အန်တီ၊ အဲဒါ ကျွန်တော် အန်တီ့ဆီမှာ ခွင့်တောင်းတာပါ"

ဟု သားက ပြောလိုက်စဉ် သူမ မျက်နှာသည် ရေခဲတုံးလို အေးစက်မာကျောသွားခဲ့ပါသည်။

"မင်း ဘာပြောလိုက်တယ် ဩချို၊ ငါ နားကြားများ လွဲ သလားလို့ ... "

"ကျွန်တော့်အဖေက ကျွန်တော့်ကို အရမ်းချစ်တဲ့ အဖေတစ် ယောက်ပါ၊ ကျွန်တော့်ဘဝ အညွန့်တလူလူ တက်ဖို့အတွက် သူ့ဘဝသူ ချိုးဖဲ့မြှုပ်နှံပြီး ကျွန်တော့်အတွက် မြေဩဇာလုပ် ပေးခဲ့တဲ့ အဖေမျိုးပါ ...

www.burmeseclassic.com


"ကျွန်တော့်သက်တမ်းတစ်လျှောက်လုံး အဖေနဲ့အတူ နေခွင့်မရခဲ့ဘူး၊ အဖေ အနစ်နာခံခဲ့သမျှကိုလည်း ကျွန်တော် ခုချိန်ထိ ဘာမှ ပြန်ပြီး ကျေးဇူးမဆပ်နိုင်သေးဘူး၊ အခု အဖေက အတူနေချင်တယ်ဆိုတဲ့ အချိန်မှာ ကျွန်တော် ဘယ်လိုမှ မငြင်းရက်ဘူး"

"အေး။ မငြင်းရက်တာ မင်းရဲ့အပိုင်းပဲ .... ငါ့အပိုင်းက တော့ ငြင်းရမှာပဲ ... ဒီလိုလူမျိုးကို ငါ့အိမ်မှာနေခွင့် လုံးဝ မပေးနိုင်ဘူး၊ လုံးဝမဖြစ်နိုင်ဘူး ... လုံးဝ ခွင့်မပြုနိုင်ဘူး ...

"ဒီမှာ ဩချို ... မင်း သိပ်ပြီး ရောင့်တက်မလာနဲ့ ... မင်းကို လက်ခံထားတာတောင် လွန်လှပြီ ... "

"ကျွန်တော် ရောင့်တက်တာ မဟုတ်ဘူး အန်တီ၊ အဖေ တစ်ယောက်ကို ဘယ်သားသမီးကမှ ငြင်းခွင့်မရှိတာကို အန်တီ နားလည်စေချင် .... "

"ငါကတော့ နားမလည်ဘူး၊ ဘာကိုမှလဲ နားလည်မပေး နိုင်ဘူး၊ ငါ နားလည်တာတော့ ငါ့ကို ဒီကောင် တရိရိ မျှဉ်းပြီး လက်စားချေနေတာပဲ"

www.burmeseclassic.com


"အန်တီ ... ကျွန်တော့်မှာ ကိုယ်ပိုင်ခြံနဲ့တိုက်နဲ့ နေနိုင်တဲ့ အဆင့်အတန်း ရှိပါတယ်၊ သမ္မုတ္တကိုလည်း အန်တီ့ထက် မလျော့တဲ့ အဆင့်အတန်းမှာ ကျွန်တော် ထားနိုင်ပါ တယ် ...

"ကျွန်တော် အန်တီ့အိမ်မှာ လိုက်နေတယ် ဆိုတာ ကလည်း သမ္မုတ္တမျက်နှာတစ်ခုတည်းနဲ့ ကျွန်တော် လာနေ နေရတာပါ၊ အန်တီက သမ္မုတ္တကို မခွဲနိုင်ဘူးဆိုလို့ပါ ...

"အန်တီက ကျွန်တော့်ကို ရောင့်တက်တယ်လို့ ယူဆရင် ... ကျွန်တော် သမ္မုတ္တကို ကျွန်တော်တို့အတွက် ဒက်ဒီနဲ့မာမီ လက်ဖွဲ့ထားတဲ့ ခြံနဲ့တိုက်ကို ခေါ်သွားပါ့ မယ် ... အဖေ့ကို ကျွန်တော် ခေါ်ထားခြင်းဟာလည်း ပြဿနာတစ်ခု မဟုတ်တော့ဘူးပေါ့ .. "

သား၏ တုံ့ပြန်ချက်မှာ ပြင်းလှသဖြင့် မက်မုံပွင့် ရင်ဘတ်တည့်တည့်ကို ထိမှန်သွားသည်ဟု ဆိုပါသည်။

"ဩချို၊ မင်း ငါ့သမီးကို အပိုင်စည်းရုံးပြီး ငါ့ကို ခြိမ်း ခြောက်နေတာလား၊ ငါ့သမီးက ငါရဲ့ နှလုံးသားပဲ ....

www.burmeseclassic.com


ငါ့သမီးကို ငါ့ဆီက ခွဲထုတ်သွားတာဟာ ... ငါ့နှလုံးသားကို ငါ့ရင်ထဲက ဆွဲထုတ်သွားတာနဲ့ အတူတူပဲ သိရဲ့လား ...

"ခေါ်သွားလို့ မရဘူး၊ ငါ ခွင့်မပြုနိုင်ဘူး ..... မင်းတို့သားအဖကို ငါ သိပ်မုန်းတယ် .... ငါ့ကို နည်းပရိယာယ်မျိုးစုံနဲ့ ပညာပေးနေကြတာ ငါ မသိဘူးများ မှတ်နေလားဟင် ...

"နင့်အဖေ ငါ့အိမ်မှာ လာနေချင်တဲ့ ရည်ရွယ်ချက်ကိုလည်း ငါ ကောင်းကောင်းသိတယ်၊ ငါ့ကို အရွဲ့တိုက်ဖို့၊ လက်စားချေဖို့ ... ဒါပဲ .... ငါ သိတယ် ... "

"အဖေ့မှာ အဲဒီလို စိတ်ဓာတ်မျိုးတော့ မရှိပါဘူး အန်တီ၊ အန်တီနဲ့ ပြေလည်ဖို့ အန်တီ့ဆီက အသိအမှတ်ပြုမှုကလေး တစ်ခုခုလောက်တော့ သူ မျှော်လင့်ချင် မျှော်လင့်မှာပေါ့ "

"ဘယ်တော့မှ မမျှော်လင့်နဲ့၊ ဘာမှလဲ မမျှော်လင့်နဲ့ ဘာမှ မရဘူးမှတ်"

"ကျွန်တော်နဲ့ သမ္မီ့ကို အိမ်ပြောင်းနေခွင့်ပေးပါ အန်တီ"

www.burmeseclassic.com


သားက မျက်နှာထား ခပ်တင်းတင်းထားကာ တောင်းဆိုလိုက်သည်။

"မပေးနိုင်ဘူး၊ ငါ့သမီးကို ငါ့မျက်စိအောက်ကနေ ဘယ်ကိုမှ ခေါ်သွားခွင့် မပြုနိုင်ဘူး ...

"ဩချို ... မင်းမှာ နိုင်ကွက်ရှိတုန်းတော့ မင်း အနိုင်ယူထားဦးပေါ့ကွယ် ... မင်းကို ငါ ဒီတစ်ကြိမ်လည်း အရှုံးပေးလိုက်မယ် .... ခေါ်ချင်သပဆိုရင် မင်းအဖေ ကို ခေါ်ထားပေါ့၊ ဒါပေမယ့် ငါနဲ့ ဘယ်တော့မှ ထိပ်တိုက် မတိုးမိအောင် သင်းကို ရှောင်ခိုင်းထားပါ ....

"ငါဘယ်လောက်မာနကြီးတယ် ရက်စက်တတ် တယ်ဆိုတာ သင်း ကောင်းကောင်းသိတယ် ... "

မက်မုံပွင့်သည် မကျေမနပ်ဖြင့် လက်လျှော့ခဲ့ရတာ ဖြစ်သည်။ သားက စိတ်ထဲကနေ ဝမ်းသာအားရ ပြုံးရယ်နေခဲ့ သည်တဲ့။

ထိုအကြောင်းကို အသေးစိတ်ပြောပြပြီးသောအခါ သားက ကိုယ်ကို တသိမ့်သိမ့်တုန်ခါသည်အထိ ရယ်မောနေခဲ့၏။

www.burmeseclassic.com


"သား အရမ်းတော်တယ်ကွာ၊ သားကို အဖေ အရမ်းချီးကျူးတယ်၊ အဖေ မလုပ်နိုင်သမျှ အလုပ်တွေကို သားလုပ်နိုင်တယ် ...

"အဖေ မနိုင်ခဲ့တဲ့သူတွေကို သား အနိုင်ယူနိုင်တယ် ... သားက အဖေ့ထက် ပိုတော်တယ် .... ကဲ ... အဖေ ဘယ်တော့ ပြောင်းလာခဲ့ရမလဲ သား"

"အဖေ ကြိုက်တဲ့အချိန်သာ ပြောင်းခဲ့ပေတော့ အဖေ .... ကျွန်တော်ကတော့ ဝဲလ်ကမ်း(မ်) ပဲ .... "

"ကောင်းပြီ၊ အဖေ မနက်ဖြန် ပြောင်းခဲ့တော့မယ် ...."

သူ ကျိတ်၍ ပျော်ရွှင်နေခဲ့ပါသည်။ ဦးသက်ထွန်းနှင့် ဒေါ်မိမိခိုင်ကို ခွင့်တောင်းရှင်းပြပြီး နောက်တစ်နေ့တွင် သူ အိမ်ပြောင်းခဲ့တော့လေသည်။

www.burmeseclassic.com


သူရသောအခန်းသည် ... အိမ်ကြီး၏ ဘေးဘက်ကျပြီး သူ့အခန်းဆီမှ လှမ်းကြည့်လျှင် ပန်းခြံကျယ်ကြီးကို ကောင်းစွာမြင်ရလေသည်။ ဧည့်သည်တွေလာရင် ထားသည့်အခန်းဟု သားက ပြောပြ၏ .... ။ ဟိုတယ်တစ်ခု၏ အိပ်ခန်းထက်တောင် သားနားနေကာ အခန်းမှာ အကျယ်ကြီးဖြစ်သည်။ ရေချိုးခန်း၊ အိမ်သာတွဲရက်ဖြစ်ပြီး အခန်းထဲမှာပင် တီဗီ၊ ရေခဲသေတ္တာ၊ လေအေးပေးစက် အပြည့်အစုံရှိ၏ ... ။

သူ ကျေနပ်နှစ်သိမ့်စွာဖြင့် အိစက်ညက်ညောသည့် မွေ့ရာကြီးပေါ် ပစ်လှဲရင်း ကိုယ်ကို ခုန်ဆွခုန်ဆွ လုပ်ကြည့်လေသည်။ ဘယ်လောက်ခမ်းနားပြီး အရသာရှိလိုက်ပါလိမ့်။

www.burmeseclassic.com



သူမကတော့ မွေးကတည်းကပင် ဤစည်းစိမ်ချမ်းသာမျိုးကို ရရှိခံစားခဲ့သူဖြစ်မည်။ ထို့ကြောင့် သူမသည် တော်ရုံတန်ရုံလူကို လူမထင်သလို၊ အတူမတန်သလို ဆက်ဆံပြီး မာနတစ်ခွဲသား ရှိခဲ့တာဖြစ်မည်။

သားရဲ့ ကျေးဇူးကြောင့် သူ ဘယ်တုန်းကမှ စိတ်ကူးအိပ်မက် မမက်ခဲ့သော သူချစ်သောမိန်းမနှင့် တစ်မိုးတည်းအောက်တွင် မမည်းခမက်ဟူသော ပတ်သက်မှုမျိုးဖြင့် ... နေခွင့်ရခဲ့ပြီ။

သူ အခန်းထဲတွင် တစ်ချိန်လုံး ဖိမ်ယူပြီး နှပ်နေလို့ကောင်းဆဲ ... သူ့ ခုတင်ဘေးက ဖုန်းသံက ထ,မြည်လာသဖြင့် လန့်သွားကာ ကောက်ကိုင်လိုက်ရသည်။

"အဖေ ... ဘယ်လိုလဲ ... အဆင်ပြေရဲ့လာ ... နေသာထိုင်သာရှိရဲ့လား ... အဖေ ရေမိုးချိုးပြီးရင် ထမင်းစားရအောင် ထမင်းစားခန်းထဲကို ခုနစ်နာရီအတိမှာ ဆင်းခဲ့နော် ... အန်တီက စည်းစနစ်တော့ကြီးတယ်၊ ပြီတော့ အချိန်တိကျမှ ကြိုက်တယ်"

www.burmeseclassic.com


"ဟာ ... ဟော့ကောင် သား ... မင်း ဘယ်ကဆက်နေတာလဲ"

"ကျွန်တော့်အခန်းထဲကပဲ ဆက်နေတာ အဖေ .... အိမ်တွင်းပြောလိုင်းခွဲတွေ ရှိတယ် ... အဖေ ကျွန်တော့်ကို တစ်ခုခု ပြောချင်ရင် 007 ကို ဆက်လိုက်ပါ ... အဲ့ဒါ ကျွန်တော့အိပ်ရာဘေးက အိမ်တွင်းပြောလိုင်းခွဲပဲ .... ည ခုနစ်နာရီအတိနော် အဖေ ....

"သူ့ အိမ်မှာလာနေပြီး သူ့ကို ပညာပေးတာလည်း ပေးပေါ့၊ ဒါပေမယ့် ပါးပါးလေးတွေပဲပေးပါ အဖေ ... "

"ဟား ဟား ... အေးပါကွာ၊ မင်းကလဲ ... သားရေ မင်းကို ကျေးဇူးတင်တယ်ကွာ၊ အဖေ နေရတာ သိပ်ဇိမ်ရှိတာပဲ"

သူ ဖုန်းချလိုက်သည်။ ပြီးတော့ ရေချိုးခန်းသို့ ဝင်ခဲ့သည်။ ရေချိုးခန်းမှာ ရေစိမ်ကြွေဇလုံးကြီးရော၊ ရေပန်းပါ ရှိပြီး ... အမွှေးနံ့သာဆီပေါင်းစုံ ပုလင်းတွေ စင်ကလေးပေါ်မှာ စီရရီရှိကာ ဘာတွေမှန်းလဲ သူမသိချေ ...။ ရေမွှေးနံ့သင်းသော ပန်းခြောက်တွေလည်းကြိမ်တောင်းကလေးထဲမှာ ထည့်ထားကာ လှပသော ပုံစံမျိုးစုံ ဖယောင်းတိုင်တွေလည်း ရှိ၏။ ဖယောင်းတိုင်

www.burmeseclassic.com


တစ်ခုချင်းဆီမှာ မွှေးရနံ့တစ်မျိုးစီ ထုံအီစွာရှိလေသည် ...။ သူ ဘာကိုဘယ်လို သုံးစွဲရမည်မှန်း မသိချေ။

ရေချိုးကြွေဇလုံကြီးထဲသို့ ဝင်အိပ်လှဲချပစ်လိုက်သည်။ ခေါင်းရင်းဘက်တွင် ဘုံပိုင်ပိုက်ခေါင်းနှစ်ခုရှိရာ ... သူက တစ်ခုကို အလွယ်တကူ ဖွင့်ချလိုက်လျှင် ကြွက်ကြွက်ဆူနေသော ရေနွေးပူပူတွေ ဖြန်းခနဲ ကျလာသဖြင့် သူ ငယ်သံပါအောင် အားခနဲ အော်မိ၏ ။ သူ့ ကိုယ်လည်း အပူလောင်သွားလေသည်။

ပိုက်ခေါင်းကို ချက်ချင်း ပြန်ပိတ်သော်လည်း ပိတ်ရာမရောက်ဘဲ ... ပိုဖွင့်သလိုဖြစ်ကာ ... ရေနွေးပူပူတွေ တရဟော စီးကျလာခဲ့တော့သည်။ သူ အကြောက်လွန်သွားပြီး ပိုက်ကို ပိတ်လည်း မပိတ်ရဲတော့။ ကြွေဇလုံထဲမှ ကြောက်လန့်တကြား ခုန်ထွက်လာခဲ့၏ ...။ သူ့ကိုယ်ပေါ်တွင် ဘောင်းဘီတိုကလေးသာ ရှိနေသော်လည်း သူ မရှက်ကြောက်နိုင်ဘဲ ရေချိုးခန်းထဲမှ ထွက်ပြေးလာခဲ့သည်။

ကြောက်လန့်စိုးရိမ် ထူပူနေသဖြင့် သားကို ဖုန်းဆက်ခေါ်လို့ရမှန်း သတိသည် လုံးဝကင်းမဲ့သွားကာ .. အခန်းထဲမှ

www.burmeseclassic.com


ပြေထွက်လာခဲ့၏ .... ။ သားရဲ့အခန်းက ဘယ်မှာရှိနေမှန်းလဲ မသိချေ။

အိမ်ကြီးက သုံးထပ်တောင်ရှိတာမို့ ... သားက ဘယ်အထပ်မှန်းမသိ။ ပြေးမိပြေးရာဖြင့်အောက်သို့ ဆင်းပြေးလာရာ လှေကားတွင်မက်မုံပွင့်နှင့်တန်းတန်းမတ်မတ် ဆုံမိလေသည်။

“ကြည့်စမ်း၊ ဒါ ဘယ်လိုဖြစ်လာတာလဲ ... အရှက်သိက္ခာမဲ့လှချည်လား ... အောက်တန်းကျလှချည်လား ...၊ ဘယ်လိုပုံစံနဲ့ ဆင်းလာတာလဲ”

သူ့ပုံစံကိုမြင်သည်နှင့် သူမသည် တစ္ဆေသရဲ တစ်ကောင်ကို မြင်လိုက်ရသလို မျက်လုံးတွေ ဝင်းဝင်းတောက်သွားကာ ဒေါသတကြီး အော်ဟစ်လေသည်။

“မဟုတ်ဘူး ... မဟုတ်ဘူး၊ ကျွန်တော်ကြွေဇလုံထဲဝင်အိပ်ပြီး ဘုံဘိုင်ခေါင်းတစ်ခုကို ဖွင့်လိုက်တာ ရေနွေးပူပူကျက်ကျက်ကြီးတွေ ထွက်ကျလာလို့ ... ပြန်ပိတ်လို့လည်း မရဘူး ... အဲဒါ သားကို ပြေးပြီး လာခေါ်တာ”

“မှတ်ပြီလား အဲဒါ မတန်မရာတွေ လုပ်ချင်တာကိုး ...

www.burmeseclassic.com


အပူလောင်တာတောင် နည်းသေးတယ်၊ ရေနွေးပိုက်မှန်း မသိ၊ ရေအေးပိုက်မှန်းမသိ ... ဘယ်လို စပ်ချိုးရမယ်မှန်း လည်း မသိဘဲနဲ့မျှား ကြွေဇလုံထဲ စိမ်ချင်သေးတယ်

"အခု ဘာဖြစ်ကုန်ပြီလဲ ... "

"မသိဘူး ... "

" ကျစ် ... ဒုက္ခပဲ ... ခက်လိုက်တာနော် ... မိနော် သွားလိုက်ကြည့်စမ်း ... တစ်ခန်းလုံး ခုလောက်ဆို အငွေ့တထောင်းထောင်း ထ, နေလောက်ပြီ ... "

အိမ်ဖော်ကရင်မ, ကလေးက သူနှင့်အတူ ပြန်လိုက်လာသည်။ သူ့ အခန်းသို့ ပြန်ရောက်ပြီး ရေချိုးခန်းတံခါးကို ဖွင့်လိုက်တာနှင့် တစ်ခန်းလုံး အပူငွေ့တွေ တထောင်းထောင်း ထ,ကာ ခိုးဝေနေလေသည်။ တစ်ခန်းလုံး ပြုတ်အိုးကြီးတစ်လုံးကို ကြွက်ကြွက်ဆူပွက်လျက်ရှိ၏ ။

"ဦးလေးကလဲ ... ပူလိုက်တာ ... လူတောင်ကျက်တော့မယ်၊ မလုပ်တတ်ဘဲ လျှောက်လုပ်တာကို ... အမယ်လေး ပူလိုက်တာ"

www.burmeseclassic.com


"ငါလည်း တစ်ခါမှ မသုံးဖူးဘဲဟ ... နင့်ပိုက်ကြီးက ပိတ်လို့လည်းမရ ... ဘာမရနဲ့ ... "

"ဦးလေးက မသိပဲ စွတ်လှည့်တာကို ... ပူလိုက်တာ၊ ပူလိုက်တာ ... "

"နေဦး ... ငါ သားကို ဖုန်းဆက်ခေါ်လို့ရသားပဲ၊ ခုမှ သတိရတယ်၊ ခုနက လုံးဝမတွေးမိဘူးကွာ ... ကြည့်စမ်း"

သူ ခုမှ သတိဝင်ပြီး သားပြောပြထားသည့်လိုင်း 007 ကို အမြန်နှိပ်လိုက်သည်။

"သားရေ ... အမြန် အဖေ့အခန်းကို လာစမ်းပါဦးကွ ... ဒီမှာ ရေနွေးတွေ ကြွက်ကြွက်ဆူနေပြီ ... "

မကြာခင် သား ရောက်လာပြီး ... အငွေ့တထောင်းထောင်းထ, ကာ ဆူပွက်လောင်မြိုက်နေသော ရေချိုးခန်းကို မြင်တွေ့ပြီး အော်ရယ်တော့လေသည်။ သမ္မုခင်ကပါ သဘောကျပြီး ရယ်လို့မဆုံးချေ။

"ဖြစ်မှဖြစ်ရလေ အဖေရယ်၊ ကျွန်တော် လိုသွားတာ၊

www.burmeseclassic.com


ကျွန်တော် သေသေချာချာ ရှင်းမပြမိဘူး .... ဆောရီး အဖေ”

သူ့ရဲ့ ပြဿနာကို သားက အလွယ်တကူပင် ဖြေရှင်းနိုင်ခဲ့ပါသည်။ သူ ရယ်လည်းရယ်ချင်ကာ စိတ်လည်း နည်းနည်းညစ်သွား၏ ...။

ထမင်းစားချိန်သို့ ရောက်သောအခါ ထိုပြဿနာကို အကြောင်းပြုပြီး ... မက်မုံပွင့်က ....

“သြချို ... မင်းအဖေကို အဆင့်အတန်းမြင့်မြင့်နေနည်းတွေ သင်ပေးလိုက်ဦး၊ မတန်မရာတွေ လျှောက်လုပ်နေတော့ ... အားလုံး ဒုက္ခတွေရောက်ကုန်မယ် ... အဆင့်အတန်းဆိုတာ အဲဒါကို ပြောတာပဲ ....

“ကိုယ်က ဆင်ဖြူတော်မှီပြီး ကြံစုပ်ချင်ရင်လည်း ကြံစုပ်နည်းကလေးတော့ သင်ထားဦးမှပေါ့၊ ကြံဆိုတာ အရသာခံပြီး မျှဉ်းစုပ်ရတာမျိုး၊ အချောင်းလိုက် ပါးစပ်ထဲ ထိုးသွင်းလို့ မရဘူး ... အာခေါင်မှာ နင်ပြီးသေတတ်တယ် ..

“ဒါကြောင့် တန်ရာတန်ရာလုပ်လို့ ပြောတာ ... ”

www.burmeseclassic.com


ဟု အထက်စီးနင်း နှိမ်နှိမ်ချချ၊ စော်စော်ကားကား ပြောသည်ကို ခံယူရလေသည်။ သူမ မျက်နှာက အရသာရှိရှိ ပြုံးနေသော မဲ့ပြုံးမျိုး ပေါ်လွင်လျက်ရှိ၏ ။

သူ့ အမှားနှင့်သူမို့ သူ ဘာမှ ပြန်မပြောနိုင်ဘဲ သားနှင့်သာ မျက်လုံးချင်း ဆုံမိကြသည်။ သားက သူ့ကို ဂရုမစိုက်နဲ့ ... ဟူသောအဓိပ္ပာယ်ဖြင့် မျက်လုံးတစ်ဖက် မှိတ်ပြ၏ ။ ချွေးမလုပ်သူက ရယ်ချင်စိတ်ကို အောင့်အည်းမျိုသိပ်ထားရသည့်ကြားမှ ပြုံးစိစိ မျက်နှာဖြင့် ရှိလေသည်။

သူ အလျှော့မပေးဘဲ တစ်ချက်ပြုံးရယ်ကာ ...

"အဟမ်း ... လောကမှာ မမှားဘူးတဲ့လူဆိုတာ မရှိပါဘူး မက်မုံပွင့်ရယ် ... အဲဒီအမှားထဲကနေပဲ သင်ခန်းစာ ယူကြရတာပါ၊ မလုပ်ဖူးလို့မှားတာ အပြစ်မရှိပါဘူး ...

ဟု ပြန်ပြောသည်ကို သူမက အဖက်မလုပ်ဘဲ မကြားချင်ဟန်ဆောင် နေလေသည်။

## အခန်း(၁၃)

သူ သတိထားမိသည်မှာ သူမသည် ညနေငါးနာရီ၊ ခြောက်နာရီ လောက်ဆို ရေကူးကန်ထဲမှာ ရေကူးလေ့ရှိခြင်းပင် ဖြစ်၏။ သူ့ အခန်းမှ လှမ်းကြည့်လျှင် ရေကူးကန်ဆီကို ကောင်းစွာမြင်ရ၏။

ထိုညနေမှာတော့ သူသည် ဘောင်းဘီတိုပေါ်တွင် တဘက်ဖြူတစ်ထည်ပတ်ကာ သူမ ရေကူးနေသော ရေကူးကန် ဆီသို့ လျှောက်သွားခဲ့လေသည်။ ရေမကူးတတ်ပေမယ့် ရေကန်

www.burmeseclassic.com


ထဲသို့ ဗွမ်းခနဲ  ခုန်ဆင်းလိုက်ကာ လက်နှစ်ဖက်ကို ရေပြင်ပေါ်သို့ တဖြန်းဖြန်းမြည်အောင် ရိုက်လျက် အသံမြည်စေ၏ ...။

ရေကူးနေသော သူမ ဘယ်လောက် စိတ်အနှောင့်အယှက် ဖြစ်ရမည်ဆိုတာကို သူ ကောင်းစွာ တွက်ဆမိပြီးဖြစ်၏။

"ရှင် ဘယ်လိုလူလဲ၊ ဒီမှာ ကျွန်မ ရေကူးနေတာ မတွေ့ဘူးလား၊ ကန်ထဲဆင်းလာစရာလား ... ခုချက်ချင်း ထွက်သွားစမ်း ... စည်းကမ်းမရှိတဲ့လူ ... "

သူမက ရေကန်ထဲမှ ခေါင်းသာဖော်၍ သူ့ကို ရန်တွေ့ လေသည်။

"ရေကူးကန်ပဲ ... ရေမကူးရလို့မှ စာတန်းကပ်မထားဘဲ၊ ခင်ဗျား ကူးနေတာမြင်လို့ ကျွန်တော်လည်း ကူးချင်တာနဲ့ ဆင်းလာတာပါ"

"သွား ... သွား ... မလိုချင်ဘူး ... ရှင့်မျက်နှာကို မြင်ကို မမြင်ချင်ဘူး၊ သိပ်အောက်တန်းကျတဲ့လူ၊ ရှင်က ကျွန်မနဲ့ နေရာတကာ တန်းတူလိုက်ညှိနေဖို့ လိုသလား ... ရှင့်ကိုယ်ရှင် ဘာလဲ ဆိုတာ တွေးမကြည့်မိဘူးလား ... "

www.burmeseclassic.com


"ကျွန်တော် ဘာလဲဆိုတာ ကျွန်တော် သိပ်သိတာပေါ့ ... မက်မုံပွင့်၊ ကျွန်တော်က ဩချိုရဲ့ အဖေ ... သမ္မုခြင်ရဲ့ ယောက္ခမ ... ခင်ဗျားနဲ့ ခမည်းခမက်လေ ..."

" ရှင် ... ရှင် ... ကျွန်မကို စော်ကားနေတာ၊ ရှင့်ကို ကျွန်မ သတ်မိလိမ့်မယ်နော်၊ ရှင် သွားမလား မသွားဘူးလား ... ကျွန်မကို စိတ်ဆိုးအောင် ရှင် လုပ်မနေနဲ့ ... "

"သွားဆိုလည်း သွားပါ့မယ် ...၊ ဒီရေကန်ကြီးကို ခင်ဗျား ပိုင်တာကိုး ..."

သူကျေကျေနပ်နပ်ပင်ပြောချင်တာ ပြောခွင့်ရလိုက်သဖြင့် ပြန်တက်လာခဲ့ကာ အိမ်ပေါ်သို့ ပြန်တက်လာခဲ့၏ ..." အနည်းဆုံးတော့ သူမနှင့် အဲ့ဒီလို စကားပြောခွင့်၊ သူမ စိတ်တွေ လှုပ်ရှားအောင် သူ လုပ်နိုင်ခွင့်ကိုပဲ သူ လိုက်၍ ရှာဖွေနေခြင်း ဖြစ်လေသည်။

ဒေါသထွက်နေသော သူမ မျက်နှာသည် စွဲမက်ဖွယ် အပြည့်ရှိသောကြောင့် ဖြစ်လေသည်။ သူနှင့် ပတ်သက်ပြီး သူမ စိတ်ဆိုးဒေါသထွက်နေရခြင်းကပင် သူမကို မမေ့အောင်လုပ်သည့်

www.burmeseclassic.com


အကောင်းဆုံး နည်းလမ်းတစ်ခုဖြစ်ကြောင်း သူ သိထားပြီး ဖြစ်လေသည်။

သူမ ရင်ထဲ တစ်နေရာရာတွင် သူ နေရာယူခွင့်ရလျှင်ပင် သူ ကျေနပ်ပြီ။ ဘယ်လိုနည်းဖြင့်ပင် ရှိရှိ၊ သူမ ရင်ထဲ သူ ရှိနေဖို့သာ အရေးကြီး၏။

www.burmeseclassic.com


သားရဲ့အခန်းဖုန်း 007 ကို လှည့်ပြီး မက်မုံပွင့်ရဲ့ အခန်းဖုန်းနံပါတ်ကို သူ တောင်းလျှင် သားက ...

"အဖေ ဘာလုပ်ဦးမလုပ်လဲ၊ ပြဿနာမရှာပါနဲ့ အဖေရယ်၊ ည အိပ်ချိန်ရောက်နေပြီ"

"သားကလဲကွာ ... အဖေ ပြဿနာမလုပ်ပါဘူး၊ သူနဲ့ စကားပြောချင်ရုံသက်သက်ပါ"

" 001 ပဲ အဖေ ... ကျွန်တော် ပြောတယ်ဆိုတာက သူ မသိစေနဲ့ ... အဖေ့ဘာသာ ဂဏန်းတွေ လျှောက်နှိပ်ကြည့်ရင်း ဝင်သွားတယ်လို့ပြော ... "

www.burmeseclassic.com


"အေးပါ ..."

သားကို ဖုန်းချပြီး သူ ချက်ချင်းပင် 001 ကို နှိပ်လိုက်သည်။

"ဟယ်လို ... ဘယ်သူလဲ ... "

သူမအသံ ပေါ်လာတော့ သူ လူငယ်လေးတစ်ယောက်လို ပြုံးမိသည်။

"မက်မုံပွင့် ... ဘာလုပ်နေလဲ ... "

"ဘယ်သူလဲလို့ မေးနေတယ် ... ရာရာစစနဲ့ ငါ့အခန်းကို ဘယ်သူ ဆက်တာလဲ ... ငါ ဘာလုပ်နေ, လုပ်နေ ... နင်နဲ့ ဘာဆိုင်သလဲ ..."

"ကျွန်တော်ပါ ... နေညိုပါ .. အိပ်မပျော်တာနဲ့ နံပါတ်တွေ လျှောက်နှိပ်ရင်း ခင်ဗျားအခန်းဆီ ဝင်သွားတာ၊ ခင်ဗျားလဲ အိပ်မပျော်ဘူး မဟုတ်လား ... အိပ်မပျော်တဲ့ လူချင်းအတူတူ ကျွန်တော်တို့ ခမည်းခမက်ချင်း ခြံထဲ ဆင်းပြီး လရောင်အောက်မှာ စကားပြောကြရင် မကောင်းဘူးလား ..."

www.burmeseclassic.com


"တောက် ... ရှင် ဘာဖြစ်လို့ မတန်မရာ စကားတွေ ပြောနေတာလဲ၊ ရှင့်လို လူတစ်ယောက်နဲ့ စကားပြောဖို့ ကျွန်မ ဘယ်တော့မှ စိတ်မကူးဘူး မှတ် ...

"ဒီမှာ နေညို ... အခုအချိန်မှာတော့ ရှင့်ကိုယ်ရှင် နိုင်တယ်လို့ သတ်မှတ်နေမှာပေါ့ ... ရှင့်ရဲ့ သွေးက ကျွန်မ ဘဝရဲ့ အရေးအကြီးဆုံး အစိတ်အပိုင်းတစ်ခုမှာ ပါဝင်စေရမယ်ဆိုတဲ့ ရှင့်စကားက အောင်မြင်သွားတာကိုး ...

"ဒါပေမယ့် ရှင့် စောင့်ကြည့်၊ ပွဲက မပြီးသေးဘူး၊ ရှင်သားနဲ့ ကျွန်မသမီး ကွဲသွားအောင်ကို ကျွန်မ လုပ်ပြဦးမယ်၊ သူတို့နှစ်ယောက် အချိန်မရွေး ကွဲသွားနိုင်တယ်ဆိုတာ ရှင် မမေ့နဲ့ ... "

သူမက ပြောချင်ရာပြောပြီး ဖုန်းကို ပြင်းထန်စွာ ဆောင့်ချသွားခဲ့လေသည်။ သူမ ကြောက်စရာကောင်းခဲ့သည်များကို သူ ပြန်လည်၍ အမှတ်ရလာသည်။ လောကတွင် သူမ

www.burmeseclassic.com


မလုပ်ရက်တာ ဘာမှမရှိ။ အိမ်ထောင်တစ်ခုကိုပင် သူမ ဖြိုခွဲဖို့ ဝန်မလေးခဲ့သူဖြစ်သည်။ သားနှင့် သမီး၏ အိမ်ထောင်ရေးကို သူမ နည်းမျိုးစုံနှင့် ဖျက်ဆီးနိုင်သည်ဆိုတာကို သူ တွေးမိသည်။ ချက်ချင်းပင် သူမ ဖုန်းကို ပြန်နှိပ်ကာ သူမ ဖုန်းကိုင်တာနှင့် ...

"မက်မုံပွင့် ... ခင်ဗျား ကလေးတွေကို ခွဲဖို့ မကြိုးစားနဲ့နော် ... ကလေးတွေ တစ်ခုခုဖြစ်ရင် ခင်ဗျားကို ကျွန်တော် အသတ်ပဲ၊ ကျွန်တော် လူသတ်ဖူးတယ်ဆိုတာ ခင်ဗျား မမေ့နဲ့ ... "

ဟု အလောတကြီး ပြောလိုက်သည်။

"အမယ်လေး ... ကြောက်စရာကြီးပါလား ... ကြောက်စရာကောင်းလိုက်တာနော်...ရှင့်ကြောင့် ကျွန်မသေမလား၊ ကျွန်မကြောင့် ရှင် သေမလားဆိုတာ စောင့်ကြည့်လိုက်ပေါ့"

သူမက ချက်ချင်း ဖုန်းချသွားပြန်သည်။ သူ ဒေါသထွက်လာကာ ... ထိုဖုန်းနံပါတ်ကို ချက်ချင်း ပြန်နှိပ်သည်။

www.burmeseclassic.com



သူမက တော်တော်နှင့် မကိုင်ချေ။ မရမချင်းပင် သူ ဆက်၏။ နောက်ဆုံးတော့ သူမက ဖျတ်ခနဲ ကိုင်စဉ်တွင် သူက ဦးအောင် ဖုန်းကို ခွပ်ခနဲ ဆောင့်ချပစ်လိုက်လေသည်...။ သူမ ဘယ်လောက် ဆွေ့ဆွေ့ခုန်မလဲဆိုတာ မှန်းဆ၍ရလေသည်...။

မနက် ကိုးနာရီဆိုသော အချိန်သည် သူမ ကုမ္ပဏီသို့ သွားချိန်ဖြစ်၏။ ထိုအချိန်ဆို သားနှင့်ချွေးမကလည်း ဟိုတယ်သို့ သွား တတ်သလို... သူက သားတို့နှင့်အတူ ဟိုတယ်သို့ လိုက်နေကျဖြစ်သည်။ ဒီနေ့တော့ သူက သားတို့နှင့် မလိုက်ဘဲ တမင်ချန်နေရစ်ကာ ... ပေါ်တီကိုအောက်မှာ အဆင့်သင့်ရပ်ထားသော သူမ စီးနေကျ ကားကြီးထဲတွင် အသာအယာ ဝင်ထိုင်နေလိုက်သည်။

သူမကားကိုမောင်းသော ဒရိုင်ဘာကလေးမှာ သူနှင့်ရင်းနှီးနေတာမို့ သူ ဝင်ထိုင်နေတာကို မပြောသာ...။

www.burmeseclassic.com


ခဏအကြာတွင် သူမ အိမ်ပေါ်မှ ဆင်းလာခဲ့ကာ အဆင့်သင့် ဖွင့်ထားသော တံခါးဆီမှာ ကားထဲသို့ ဝင်ထိုင်လေသည်။ ရှေ့ခန်းမှာထိုင်နေသော သူ့ကို သူမက ချက်ချင်း မမြင်သေး။ သူမ အာရုံနှင့် သူမ ရှိလေသည်။

ခြံထဲမှ ထွက်မှပင် သူမက သူ့ကို မြင်သွားကာ...

"ဟင်...ရှင် ဘယ်လိုလုပ်ပြီး ကျွန်မကားပေါ် ပါလာတာလဲ... ဝင်းနီ ကားကို ချက်ချင်း ရပ်လိုက်စမ်း... ရှင်တော်တော်တရားလွန်ပြီ နေညို ... ရှင် မတန်တဆ အခွင့်အရေးတွေ ယူလွန်းနေပြီ... ကျွန်မကားပေါ်တောင် ရှင်တက်နေပြီဆိုတော့ ရှင် တော်တော် လူပါးဝနေပြီ"

သူမ မျက်နှာတွင် စိတ်ဆိုးလျက်ရှိသောကြောင့် အသားမျှင်များ တဆတ်ဆတ်တုန်ကာ နီရဲနေသည်။

"ကျွန်တော် ဒီကားကြီးကို တစ်ခါမှ မစီးဘူးလို့ စီးကြည့်တာပါ မက်မုံပွင့်ရယ် ... ခင်ဗျားကို ဘာမှ မထိခိုက်ပါဘူး၊ လူဆိုတာ တစ်ချိန်ချိန်မှာ ဘာမဆိုဖြစ်နိုင်တယ်၊ ဒါကြောင့် မလုပ်ဖူးတာတွေလည်း လုပ်ကြည့်ထားသင့်တယ် ...

www.burmeseclassic.com


"ဥပမာ ကျွန်တော့်ဘဝကိုပဲ ကြည့် ... ကျွန်တော် ဒီဘဝမျိုး ရောက်လာလိမ့်မယ်လို့ ခင်ဗျားလည်း မထင်ခဲ့ဘူး၊ ကျွန်တော်လည်း မထင်ခဲ့ဘူး .. အရင်ကဆို ကျွန်တော် ဟာ ကလေကချေတစ်ကောင်၊ ကျွန်တော် သိပ်ချစ်တဲ့ မိန်းမက မတူမတန်ဘူး ပြောခံခဲ့ရတဲ့ကောင် ... ကြည့်စမ်း ခုတော့ ကျွန်တော်ဟာ အဲ့ဒီမိန်းမနဲ့အတူ တစ်ကားတည်း စီးခွင့်ရနေပြီ ... ဘယ်လောက် ..."

"ရှင် ခုဆင်း .. ဝင်းနီ အဲ့ဒီ ဘဝင်ရူးကို ခုချက်ချင်း ဆွဲချစမ်း ကားပေါ်ကနေ... ဘဝတစ်လျှောက်လုံး မတန်မရာ တွေချည်း မှန်းနေတဲ့လူ ... "

"ဒါပေမယ့် အဲ့ဒီ မတန်မရာတွေကိုပဲ ကျွန်တော်ရနေခဲ့ တာပဲ... ကျွန်တော် မရသေးတာဆိုလို့ ခင်ဗျား တစ်ယောက် ပဲ ရှိမယ် မက်မုံပွင့် ... ဝင်းနီ ... ငါ့ဘာသာဆင်းမယ် ... မင်း ဘာမှ မပြောနဲ့ ...

"မက်မုံပွင့် ခင်ဗျားကိုလည်း ကျွန်တော် တစ်နေ့

www.burmeseclassic.com


မရနိုင်ဘူးလို့ ကြိုမပြောနိုင်ပါဘူး ... လောကမှာ ဘာမဆို ဖြစ်နိုင်တယ် ... ခင်ဗျား မှတ်ထားလိုက် .. ”

သူ ပြောချင်ရာတွေ အနိုင်ပိုင်းပြောပြီး ကားပေါ်မှ ဆင်းကန်နေခဲ့လိုက်သည်။ ခုလောက်ဆို သူ့စကားက သူမ ရင်တွင်းဆီသို့ ခပ်နက်နက်ကြီး စူးဝင်သွားလောက်ပြီ။ ထိုစကားကို သူမ အလွယ်တကူနှင့်တော့ ပြန်နှုတ်၍ရမှာ မဟုတ်။ ပြီးတော့ ဒီနေ့တစ်နေ့လုံး သူမ ရင်ထဲ တနုံ့နုံ့နှင့် သူ့အကြောင်း ချည်းသာ တွေးနေလိမ့်မည် ...။

တွေးပစေ ...။ ဒေါသဖြင့်ပဲ တွေးတွေး၊ မခံချိမခံသာဖြင့်ပဲ တွေးတွေး ... သူမသည် သူ့အာရုံကွန်ရက်အတွင်းမှာ ရုန်းထွက်လို့မရနိုင်ဘဲ ငြိတွယ်နေစေရမည် ...။

www.burmeseclassic.com


"အဖေ အန်တီမက်မုံကို ဘာတွေ လျှောက်ပြောခဲ့သေး လဲ"

ထိုညနေတွင် သားက သူ့ကို ဟိုတယ်မှာပင် ချက်ချင်း မေးခွန်းထုတ်သောအခါ သူ တအံ့တဩ ဖြစ်သွား၏။

"ဘာဖြစ်လို့လဲ သား"

"အန်တီမက်မုံ တော်တော် ဒေါသထွက်နေတယ်၊ မနက်က ကျွန်တော့်ကို ဖုန်းဆက်ပြီး သူ့ရုံးခန်းကို ချက်ချင်းလာခဲ့ဖို့ ခေါ်တာနဲ့ ကျွန်တော် သွားတွေ့ရတယ်၊ အဖေက သူ့ ကားပေါ်တက်ပြီး ... သူ့ကို ရိုင်းရိုင်းစိုင်းစိုင်းစကားတွေ ပြောသွား တယ်ဆို ...

"သူ့အိမ်ပေါ်တက်နေပြီး အဖေက သူ့ကို စော်ကား

www.burmeseclassic.com


နေတာ သူ မခံနိုင်တော့ဘူးတဲ့ ... အဖေ ဘာတွေ သွားပြောတာလဲ ... ခပ်ပါးပါးကလေးပဲ လုပ်ပါဆိုတဲ့ဟာကို ... သမ္ဗူကလည်း အဖေ့ကို စိတ်ဆိုးနေတယ်"

"သားကရော အဖေ့ကို စိတ်ဆိုးလို့လား..."

"ကျွန်တော်က မဆိုးပါဘူး ... အဖေ ဘာတွေ သွားပြောသလဲ ဆိုတာတွေပဲ သိချင်တယ် ..."

"ဩော် ... အဖေ ပြောတာ ရှင်းရှင်းလေးပါ ... လောကမှာ မဖြစ်နိုင်ဘူးဆိုတာ ဘာမှ မရှိဘူးလို့၊ ခင်ဗျားကိုလည်း ကျွန်တော် တစ်နေ့မရနိုင်ဘူးလို့ ကြိုပြောထားလို့ မရဘူးဆိုတာဘဲ ပြောတာပါ"

"အဖေ့စကားကြီးကလဲ ဟုတ်တာပေါ့... သူ့ကို စော်ကားရာရောက်တာပေါ့၊ သူ့အိမ်ပေါ်လည်း တက်နေသေးတယ်၊ သူ့ကိုလည်း ရအောင်ယူမယ်ဆိုတဲ့ သဘောကြီး သက်ရောက်နေတော့ သူ ဆွေ့ဆွေ့ခုန်တော့တာပေါ့ ... အဖေ သူ့ကို လိုက်ရိ နေတာ သိပ်တော့ မကောင်းဘူးလို့ ကျွန်တော် ထင်တယ် ... "

www.burmeseclassic.com


"ကျွန်တော် အဖေ့ကို အပြစ်မတင်ပါဘူး ... အဖေ့ရင်ထဲက ခံစားချက်တွေကို ကျွန်တော် ကိုယ်ချင်းစာပေးနိုင်ပါတယ် ... "

"ကဲ ... သား ပြော၊ အဖေ လွန်သွားတယ်လို့ သားက ယူဆရင် အဖေ သူ့ကို ပြန်တောင်းပန်လိုက်မယ် ... ဒါပေမယ့် သားကို ယောကျ်ားချင်းစကား အဖေ ပြောမယ်နော်၊ ဒီလောကမှာ အဖေ ချစ်တဲ့မိန်းမဟာ တစ်ယောက်တည်းရှိတယ် ... အဲ့ဒါ မက်မုံပွင့်ပဲ ... အဖေ သေတဲ့အထိ သူ့ကိုတော့ မျှော်လင့်နေဦးမှာပဲ ...

"အဖေ့ကို အသက်ကြီးပြီလို့ မပြောနဲ့ ... အချစ်မှာ အသက်အရွယ် မရှိဘူး .... အမြဲ နုပျိုနေတာပဲ ... မချစ်နဲ့လို့လည်း မတားနဲ့ မရဘူး ...

"အဖေ့အသက် လေးဆယ်ကျော်ရုံကလေးပဲ ရှိသေးတယ် ... အဖေ့ဘဝဟာ အခုမှ စ, တာလို့ ပြောလို့ရတယ်၊ အချစ်အတွက် အဖေ ရှင်သန်နေတာလို့ ပြောချင်တယ်၊ ဒါပဲ သား"

www.burmeseclassic.com


သားက သူ့ကို ဘာမှ အတိုက်အခံ မပြောတော့ဘဲ ပြုံး၍သာနေသည်။

"ကျွန်တော် အဖေ့ကို နားလည်ပါတယ် ... အချစ်ဆိုတဲ့ အရာကြီးကို တားဆီးပိတ်ပင်လို့ မရနိုင်ဘူးဆိုတာလည်း ကျွန်တော် နားလည်တယ် ...

"ဒါပေမယ့် ကျွန်တော် အဖေ့ကို နားလည်ရုံကလွဲပြီး တော့လည်း ဘာမှ မတတ်နိုင်ဘူး၊ ဘာမှလဲ လုပ်မပေးနိုင်ဘူး ... ကျွန်တော် အဖေ့ကို အပြစ်လည်း မတင်ချင်ပါဘူး၊ တင်လည်း မတင်ရက်ဘူး ...

"ဘဝမှာ ကိုယ် သိပ်ချစ်ရတဲ့ ချစ်သူဆိုတာ တစ်ကြိမ်တော့ ပေါ်တတ်ပါတယ်၊ အဲ့ဒီချစ်သူကို ပိုင်ဆိုင်ခွင့်ရ, မရဆိုတာကတော့ သူ့ရဲ့ ကံကြမ္မာပေါ် မူတည်လိမ့်မယ် ... "

"သား အဖေ့အပေါ် နားလည်မှုလွဲနေပြီ၊ အဖေ သူ့ ကို ပိုင်ဆိုင်ဖို့ထိ မရည်ရွယ်ပါဘူး ... အဖေ့အချစ်တွေကို သူ အသိအမှတ်ပြုတာကိုပဲ လိုချင်တာပါ၊ အဲ့ဒါဆို လုံလောက်

www.burmeseclassic.com


ပါပြီ . .. အ ဖေ့ကို မတူမတန်တဲ့ လူတစ်ယောက်လို မဆက်ဆံဘဲ တန်ဖိုးတစ်ခုခုထားပေးရင်ကို ကျေနပ်ပါပြီ။ အဖေ ဒါပဲ လိုချင်တာပါ ... ဒီ့ထက် ပိုမမျှော်လင့်ပါဘူး ...

"သူ့ကို အဖေ အရှဲ့တိုက်ချင်တိုက်မယ် ... သရော်ချင်သရော်မယ် ...၊ သူ့ရဲ့ စိတ်ဓာတ်ကြီးကို မကြိုက်ဘူး၊ ဒါပေမယ့် သူ့ကို ချစ်တယ် ... ဒါပဲ ... သူ့ကို အဖေ ဒီဘဝမှာ မရနိုင်ဘူးဆိုတာလည်း အဖေ သိတယ် ... ဒါပေမယ့် သူ့ကို ရယူပိုင်ဆိုင်ဖို့ ချစ်တာမဟုတ်ဘူး ... သူ့အလိုလိုကို ချစ်နေတာ ... အဲ့ဒါကြီးကို ဘာနဲ့မှ ဖျက်ဆီးပစ်လို့ မရဘူး ... "

"ကျွန်တော် အဖေရဲ့ အချစ်ဆိုတာကြီးကို လေးစားပါတယ် အဖေ ... အဖေ့ကို ကျွန်တော် တကယ်ကို အပြစ်မတင်ပါဘူး ... "

သားက သူ့အချစ်ကို နားလည်သွားခဲ့ပုံရပြီး ... ထိုအချိန်ကစ၍ သူ့ကို ဘာမှ ဆက်မပြောတော့ပါ ... ။

www.burmeseclassic.com

## အခန်း (၁၄)

ညဆယ်နာရီလောက်အချိန်ကြီးတွင် သူ့အခန်းထဲက ဖုန်းမြည်လာသဖြင့် သူ ကောက်ကိုင်လိုက်သည်။

" အဖေ ... အဖေ ... ဟား ဟား ... "

သားရဲ့ ရယ်မောပျော်ရွှင် တက်ကြွနေသော အသံကို သူ ကြားရ၏ ... ။

"ဟ ... သား ဘာဖြစ်တယ်လဲကွ၊ ဘာတွေ သဘောကျနေတာလဲ ... အသံကြီးကလဲ မြူးထူးနေလိုက်တာ ... "

www.burmeseclassic.com


"သတင်းထူး အဖေ သတင်းထူး၊ ကျွန်တော် အခုမှ လူဖြစ်တာဗျ"

"ဟေ ...ဒါ ဘာစကားလဲကွ ... မင်းစကားက"

"အဖေကလဲ ကျွန်တော် ဖေဖေ အခေါ်ခံရတော့မယ်လို့ ပြောတာ ... သမ္မုက ခုငလေးတင် ကျွန်တော့်ရှေ့မှာ UCG stick နဲ့ စမ်းပြတာ ... positive ဗျ ... သူ့မှာ ကိုယ်ဝန်ရှိနေပြီ ..."

သူ့ခန္ဓာကိုယ်တစ်ခုလုံး လိုက်ခနဲ ပေါ့ပါးမြောက်တက်သွားသလို ခံစားလိုက်ရသည်။

"ဟေ ... ဟုတ်လား ... အဖေ ဝမ်းသာလိုက်တာကွာ၊ အဖေလည်း မြေးချီရတော့မှာပေါ့ ... ဟား ဟား ... ကွန်ဂရက်ကျူလေးရှင်း သား ... အဖေ ဂုဏ်ယူတယ် ... ဝမ်းသာတယ် ... "

"ဒါပဲနော် အဖေ၊ အဖေ ဝမ်းသာအောင် ကျွန်တော် ပြောပြတာ၊ မိန်းမကို ဂရုစိုက်လိုက်ဦးမယ် ... "

သား ဖုန်းချသွားလျှင် သူ အားပါးတရ ပြုံးလိုက်သည်။ ကဲ ... သားနဲ့သမီးကို သူမ ဘယ်လိုနည်းနဲ့ ခွဲနိုင်ဦးမလဲ။

www.burmeseclassic.com


သူတို့ကို ခွဲခွာမရအောင် ပူးနှောင်ချည်ဖွဲ့လိုက်သော ကြိုးတစ်ချောင်းရောက်လာပြီ ... ။

သူ ချက်ချင်းပင် သူမကို သတိရကာ ... 001 ကို နှိပ်လိုက်သည်။

"ဟယ်လို ... "

"မက်မုံပွင့်၊ ကျွန်တော် နေညိုပါ ... ဒီမှာ ခင်ဗျား ကလေးနှစ်ယောက်ကို ခွဲဖို့ အကြံအစည်တွေကို ရုတ်သိမ်းပစ်လိုက်တော့လို့ ကျွန်တော် ပြောမလို့ ... "

"ရှင် ဘာတွေ လာပြောနေတာလဲ"

"သမီးမှာ ကိုယ်ဝန်ရှိနေပြီ ၊ ဒီသတင်းကို သားပြီးရင် ကျွန်တော်က ဒုတိယ သိရတဲ့လူပဲ ... ကလေးဆိုတာ အိမ်ထောင်တစ်စုရဲ့ အနှောင်အဖွဲ့ပဲ ... ရှေ့လျှောက် ခင်ဗျား ဆက်တိုက် အရှုံးပေးဖို့သာ ပြင်ထားပေတော့ ... "

"တောက် ..."

သူမက ဖုန်းကို ခွပ်ခနဲ ဆောင့်ချသွားလေသည်။ သူ အသံထွက်ရယ်မောပစ်လိုက်သည်။ အမှန်အတိုင်း ဝန်ခံရရင် သားနှင့်သမီးကို သူမ နည်းမျိုးစုံနှင့် ခွဲခွာပစ်လိုက်မှာကို သူ စိုး

www.burmeseclassic.com


ရိမ်ပူပန်ခဲ့ရတာ အမှန်ပဲဖြစ်သည်...။ သူမအပေါ် အလိုလိုကြောက်နေသော အကြောက်ဓာတ်တစ်မျိုး သူ့ထံမှာ ကိန်းဝပ်ခဲ့သည်မှာ ကြာခဲ့ပြီ ...။

ပြီးတော့ သူ့ဘက်မှနေ၍ တိုက်ပွဲဝင်ပေးမယ့် အားကိုးဖော်တစ်ယောက် ဝင်ရောက်လာတော့မည်... ဟူသောအတွေးဖြင့် သူ အားရှိလာသလို ခံစားရလေသည်။ သားနှင့် ချွေးမတို့၏ ကလေးလေး ... သူနှင့် သူမတို့၏ မြေးကလေးသည် သူမ၏ မာကျောခက်ထန်းသော မာနနှင့် မောက်မာရင့်သီးမှုတွေကို ပျော့ပျောင်းအရည်ပျော်သွားအောင် ပြောင်းလဲပစ်နိုင်လိမ့်မည် ... ဟု သူ တွေးမိသည်။ သူ ထိုအတွေးနှင့် ပျော်ရွှင်ကျေနပ်လာသည်။

ဘာနှင့်တူသလဲဆိုလျှင် ကံကြမ္မာသည် ... သူမကို သူ နိုင်ခွင့်ရဖို့အတွက် အခွင့်အရေးတွေ တစ်ခုပြီးတစ်ခု ပစ်ချပေးခဲ့သလိုပင် ဖြစ်၏ ...။

သူမသည် တစ်ဆင့်ပြီးတစ်ဆင့်ပင် အမှန်တရားဆိုတာကို အရှုံးနှင့်အတူ ပူးတွဲခံစား၍ လက်ခံလာရခြင်းဖြစ်သည်။

www.burmeseclassic.com


အမှန်က သူမသည် သားနှင့်သမီးပိုင်သော "Summer Breeze Hotal " ဆီသို့ သူမ မိတ်ဆွေညည့်သည်များကို ထမင်းကျွေးဖို့ ဖိတ်လာခဲ့ခြင်းဖြစ်သည်။ ပထမတော့ သူက ထိုဧည့်သည်များကို မမှတ်မိချေ...။ နောက်တော့ ငယ်ရုပ်များကို ဖမ်းမိလာသည်။ သူမ၏ မာနကြီးခဲ့သော ပုံစံတူသူငယ်ချင်းများသည် ခုချိန်ထိလည်း ဘယ်သူကိုမှ ဂရုမစိုက်သော လူမထင်သော အထက်စီးနင်း မျက်နှာထားများ ပျောက်မသွားချေ...။ လက်မလည်သည်းခွံ လောက်ရှိသော စိန်နားကပ်တွေ တဖွေးဖွေးတလှူပ်လှူပ်နှင့် မိကျောင်းသားရေ လက်ပွေ့အိတ်များကိုင်ကာ အသက်လေးဆယ်ကျော်စ အရွယ်... မာန်မာနဖြင့် မော့ချီနေကြသော သူဌေးမများ ဖြစ်လေသည်...။

www.burmeseclassic.com


"ဒါ ... ငါ့သမီးရဲ့ ဟိုတယ်လေဟဲ့ ... သူ့ယောက္ခမ က သိတယ်မှလား ... ဦးသက်ထွန်း ဒေါ်မိမိခိုင်လေ ... ။ သူတို့က လက်ဖွဲ့ပေးတာ ... "

သူရှိနေတာကို သူမကလုံးဝ ဂရုမစိုက်ဘဲ ... သူ့ရှေ့မှ ဖြတ်ကျော်သွားရင်း ထိုစကားများကို ပြောသွားခြင်းမို့ သူတော်တော် ရယ်ချင်သွားသည်။ ခုချိန်အထိ သူမသည် သူ့ကို အသိအမှတ် မပြုသေးပါလား ... ။

"ကံကောင်းလိုက်တာဟယ် ... တကယ့် ဒိတ်ဒိတ်ကြဲ သူဌေးသားနဲ့မှ ရတာနော်.. ဦးသက်ထွန်းက အရမ်းချမ်းသာတာပဲ ... ငါ သိတာပေါ့ ... သမီး မင်္ဂလာပွဲတုန်းက ငါတို့ဒီမှာ မရှိကြဘူးနော် ... အသီးသီးတွေ နိုင်ငံခြားရောက်နေကြတာ ... အခုမှပဲ လက်ဖွဲ့ရတော့မယ် ..." သူငယ်ချင်းတွေက တစ်ယောက်တစ်နိုင်ငံဆိုတော့ ခုလို အချင်းချင်း e.mail နဲ့ချိန်းပြီး အဆက်အသွယ် လုပ်ရတာ မြန်မာပြည်ပြန်လာဖို့ကိုလေ...မနည်း ချိန်းယူကြ ရတာ"

"အေးလေ...တစ်ယောက်က အင်္ဂလန်... တစ်ယောက်က အမေရိက ... ဒီမိန်းမက နယူးဇီလန် ... မိက်ဆွေက

www.burmeseclassic.com


ဂျာမနီ ... နှင်းက ကနေဒါ ... ငါက ပြင်သစ်မှာ ... အခုလို မြန်မာပြည်မှာ ဂဲသရင်းပြန်လုပ်ဖို့ကို တစ်နှစ်လောက်ကို ကြိုချိန်းထားကြရတာ... မပြောမရှိနဲ့တော့”

“ဟော့ ... သီးသန့်ခန်းတစ်ခန်း လုပ်ပေးစမ်း ...”

သူမတို့က စကားတွေ ဖောင်ဖောင်စီဝေအောင် ပြောလာကြရင်း ... သူမက သူ့ကို တစ်ချက်လှည့်ကြည့်ကာ ... အခိုင်းအစေတစ်ယောက်လို လှမ်း၍ ခပ်ကျောကျော ပြောလေသည်။ သူက သူမတို့နောက်မှ တောက်လျှောက် ပါလာခဲ့သည်မှာ ... သူမခိုင်းတာကို လုပ်ဖို့မဟုတ်ပါ။ သူသည် ဤဟိုတယ်တွင် မန်နေဂျာဖြစ်သည်။

“သီးသန့်ခန်းတွေအားလုံး Reservel လုပ်ထားလို့ပြည့်နေပြီ မက်မုံပွင့်၊ ငယ်သူငယ်ချင်းတွေပဲဥစ္စာ ... ဒီဟောလ်ထဲမှာပဲ သုံးဆောင်လိုက်ကြပေါ့ ...”

သူမကို‘မက်မုံပွင့် ’ဟု ခေါ်ပြီး ... အလုပ်သမားတစ်ယောက်၏ လေသံ လုံးဝမပေါက်သော သူ့အသံကြောင့် ခမ်းခမ်းနားနား ဆန်လှသော မိန်းမများက... တအံ့တဩစီချာခနဲ လှည့်ကြည့်လိုက်ကြ၏။ သူမတို့၏ အကြည့်များထဲမှာ

www.burmeseclassic.com


သူ့ကိုဘာကောင်လဲ ဆိုသော အဓိပ္ပာယ်များ အသီးသီး ပါဝင်သည်ကို သူ သိလေသည်။

သူတို့အားလုံးကို သူ သိဟောင်း ကျွမ်းဟောင်းများသဖွယ် တရင်းတနှီး အပြုံးမျိုးဖြင့် ပြုံးပြလိုက်သော်လည်း သူမတို့အားလုံးက မျက်လုံးအကြောင်သားတွေဖြင့် သူတို့ ကြည့်ကာလုံးဝ တုံ့ပြန်ပြုံးမပြကြပါ။

"ခင်ဗျားတို့ ကျွန်တော့်ကို မမှတ်မိကြဘူးထင်တယ် ... ဟုတ်တာပေါ့ အနှစ်နှစ်ဆယ်ကျော် ကြာခဲ့ပြီလေ ... ဒါပေမယ် ခင်ဗျားတို့ကတော့ ပို၀ ... ပိုဖြူလာတာကလွဲလို့ ငယ်ရုပ်တွေ ပြောင်းမသွားကြပါဘူး၊ ကျွန်တော် မှတ်မိပါတယ် ..."

"မက်မုံ...ဒီလူဘယ်သူလဲ...ဘာတွေ လာပြောနေတာလဲ"

"ဒီမယ် ... ရှင် တစ်ခွန်းမှ ဆက်မပြောနဲ့တော့နော်၊ ကျွန်မသမီး သမ္မုခင်ကို ခေါ်ပေးစမ်း ..."

"သမီးနဲ့သား အပြင်ထွက်သွားတယ် မက်မုံပွင့် ... စိတ်မပူပါနဲ့ ... သီးသန့်ခန်း မရနိုင်တာ တစ်ခုကလွဲပြီး ... ကျန်တာအားလုံး စီစဉ်ပေးပါ့မယ် ...

www.burmeseclassic.com


"ခမည်းခမက်ချင်းတွေပဲ ... ပြောစရာ မလိုပါဘူး ဗျာ ..."

သူ ရုတ်တရက် ပြောချလိုက်သဖြင့် သူမ မျက်နှာသည် မည်းခနဲ ပျက်သွားလေသည်။ သူမ သူငယ်ချင်းများ၏ မျက်နှာကိုယ်စီတွင် တအံ့တသြရိပ်များ အသီးသီး ဖြတ်ပြေးသွားကြ၏ ...။

" ဟဲ့ ... သူက ဦးသက်ထွန်းလား ... "

တစ်ယောက်က လွတ်ခနဲ မေးလိုက်သည်မှာ မဟာအမှားဖြစ်သွား ပြီး သူမအတွက် ကံဆိုးဘို့ဖြစ်သွားပါသည်။

"နိုး ... ကျွန်တော် ဦးသက်ထွန်း မဟုတ်ပါဘူး နေညို ပါ ... ဒီဟိုတယ်ပိုင်ရှင် သြချို့ရဲ့ အဖေ၊ သမ္မာခင်ရဲ့ ယောက္ခမပါ ... မက်မုံပွင့်နဲ့ ခမည်းခမက်တွေပေါ့ ... "

" တောက်..."

သူမ၏မျက်နှာတစ်ခုလုံးသည် အချက်ပေါင်းများစွာ အရိုက်ခံလိုက်ရသလို နီရဲ ပျက်ယွင်းလျက် ရှိလေသည်။ တောက် တစ်ချက်ခတ်နိုင်ပြီး အံတင်းတင်း ကြိတ်ထားလေသည်။

www.burmeseclassic.com


"ဦးသက်ထွန်းက သားရဲ့မွေးစာအဖေပါ ... ကျွန်တော်က အဖေအရင်းပေါ့၊ ခင်ဗျားတို့ကျွန်တော့်ကိုသေသေချာချာ ကြည့်ပါဦး၊ မမှတ်မိကြဘူး ထင်တယ် ...

"တက္ကသိုလ်ကျောင်းသား ဘဝတုန်းက ကျွန်တော် ခင်ဗျား တို့နောက်က အရိပ်လို တကောက်ကောက် လိုက်ခဲ့ ဖူးတယ်ဗျ ...

အမှတ်ရစရာလေးတွေပေါ့ ဟား ဟား ...

" ကဲ ... ကဲ ... နေကြပါ ... မမှတ်မိရင်လည်း နေကြပါ ... ထိုင်ကြပါ ... စားချင်တာမှာကြပါ ... ကျွန်တော် F.O.C (အခမဲ့ ) ကျွေးမှာပါ ..."

သူ ပြောချင်သမျှ အနိုင်ပိုင်းပြောခဲ့ပြီး ... သူမတို့ ဘယ်လိုဖြစ်ကျန်ခဲ့သည်ကို လုံးဝ လှည့်မကြည့်တော့ဘဲ ... ချာခနဲ လှည့်ထွက်လာခဲ့သည် ...။ သူမ မျက်လုံးတွေ ဘယ်လောက် ဝင်းဝင်းလက် တောက်လောင်မြိုက်နေမလဲဆိုတာ သူ ခန့်မှန်းမြင်ယောင် ကြည့်မိရင်း ကျေနပ်လာသည်။ သူ ပစ်ချပေးခဲ့သော ပြဿနာကို မည်သို့ပင်ဖြစ်စေ သူမ ရှင်းပြရပေတော့မည်။ အနည်းနဲ့အများတော့ သူမရဲ့မာနတွေ ဂုဏ်သိက္ခာတွေကို ထိခိုက်ပွန်းပဲ့ခံပြီး သူမ ပြောပြရလိမ့်မည်။ ပြီးတော့ သူ့အကြောင်း

www.burmeseclassic.com



ကိုလည်း သူမ မပြောရှဲမဖြစ်တော့... ။ သူသည် သူမဘဝအတွင်း ဘယ်လိုအစိတ်အပိုင်းမှနေ၍ ပါဝင်ခဲ့သည်ဆိုတာကို သူမပြောပြရတော့မည်...။

လွန်ခဲ့သော အနှစ်နှစ်ဆယ်ကျော်က ကလေကချေ လူငယ်တစ်ယောက် ကို သူမတို့ ပြန်မှတ်မိချင်လည်း မှတ်မိမည်၊ သူမကို စွဲလမ်းခဲ့ ပိုးပန်းခဲ့ကြသော လူများစွာထဲမှ လူတစ်ယောက်ဖြစ်ခဲ့သည် ဆိုတာကိုတော့ ရိပ်မိပေလိမ့်မည်၊

အဲဒီလောက်ဆို သူကျေနပ်ပါပြီ...။ အဲ့ဒီနောက် သူ့အခန်းထဲမှပဲ ငြိမ်ငြိမ်တိတ်တိတ်အတွေးများဖြင့်လွင့်မျောနေလိုက်သည်၊ သူမကို သူ ပါးပါးကလေးပဲ လက်စားချေခဲ့တာဖြစ်သည်၊ အဲ့ဒီထက်ပိုပြီး မရက်စက်ချင်၊ အရှက်မခွဲချင်၊

သူမတို့ ဘယ်အချိန်ပြန်သွားသလဲ ဆိုတာပဲ သူမသိလိုက်တော့ချေ။ ကျေနပ်နှစ်သိမ့်ခြင်းဆိုသော စိမ့်စမ်းရေ အေးအေးထဲတွင် သူတစ်ကိုယ်လုံးစိမ်နေရသလို ...အရသာရှိရှိ ခံစားနေခဲ့သည်။

www.burmeseclassic.com


အခန်းတံခါးခေါက်သံကြောင့် သူတံခါးကို အဖွင့်တွင်... သူ့မျက်နှာဆီသို့ ဆားများဖြင့် ပက်လိုက်သည်ကို ရုတ်တရက် ခံယူလိုက်ရသည်။ သူမသည် လက်ထဲမှာ ဆားဘူးတစ်ဘူးဖြင့် သူ့မျက်နှာဆီသို့ ဆားများဖြင့် အဆုတ်လိုက်အဆုတ်လိုက် ပက်နေခဲ့ခြင်းဖြစ်သည်။

"အဲ့ဒါ ငါ့အရှက်ကိုခွဲဦး၊ စော်ကားဦး၊ လူရှေ့ သူရှေ့မှာ မဏ္ဍပ်တိုင် တက်ဦး ..."

သူမပုံစံက အလွန်အမင်းဒေါသထွက်နေသည်ကို မချုပ်တည်းနိုင်ချေ။ ဆားပွင့်တချို့သည် သူမျက်စိထဲကိုဝင် ပါးစပ်ထဲကိုဝင်...မျက်နှာပေါ်မှာလည်းစင်နှင့် ...သူမရှောင်နိုင်ဘဲ သူမပက်သမျှ ခံယူနေရလေသည်။

www.burmeseclassic.com


"နင် ခုချက်ချင်း ငါ့အိမ်ပေါ်ကဆင်းသွား... လူတင် အောက်တန်းကျတာမဟုတ်ဘူး၊ စိတ်ဓါတ်ပါအောက်တန်း ကျတဲ့လူ... ငါ့ကိုမျှဉ်းပြီး သတ်နေတာ...နင်... ထွက် သွားစမ်း ... ထွက် သွားစမ်း ... "

သူမ၏အော်သံကြောင့် သားနှင့်သမီးတို့ အပြေး အလွှား ရောက်လာခဲ့ကြ၏။

"ဘာတွေဖြစ်နေတာလဲမေမေ... ဘာဖြစ်လို့လဲ..."

"ဒီကောင့်ကိုငါ့အိမ်ပေါ်ကဆင်းသွားခိုင်းတော့ သမ္ဗူ... ဒီကောင်ရှိနေသမျှ တစ်နေ့ ငါ ဟာ့တ်အတက်(ခ်) ထပ် ရပြီး သေမှာပဲ ..."

"ငါ့ကို အမျိုးမျိုးစော်ကား အရှက်ခွဲပြီး လက်စားချေ နေတာ ... "

"အဖေ ... ဘာတွေလုပ်ပြန်ပြီလဲ အဖေရာ"

"အဖေ ဘာမှမလုပ်ဘူး သား ... သူကအမှန်တရား ကိုပဲ ပြောတာ ... သူက အမှန်တရားနဲ့ မသင့်မြတ်တဲ့ သူ၊ သားပြောသလိုပြောရရင် ... Allergic to truth ဖြစ်နေ

တာ... အဖေ ဘာတတ်နိုင်မလဲ... သူကိုပြန်မေးကြည့်... အဖေပြောသမျှတွေ သူကိုပြန်ရှုတ်ခိုင်းကြည့်၊ ဘာတွေများအမှားပါလည်းဆိုတာ... ဒါမှမဟုတ်ရင် အဖေပြန်ပြောပြမယ်၊ သားနဲ့သမီး နားထောင်ကြည့် ...”

“မပြောနဲ့...မကြားချင်ဘူး၊ နင်ငါ့ကိုလက်စားချေနေတယ်ဆိုတာ ငါ သိတယ် ...”

“နင်ထွက်သွား ... နင်မျက်နှာကိုမမြင်ချင်ဘူး”

“မေမေရယ် ... စိတ်လျှော့ပါ၊ ဦးလေးကလည်း ဘာလို့ အမေစိတ်ကို အခံရခက်အောင် လိုက်လုပ်နေရတာလဲ ... အညိုးတွေရှိရင်လည်း သင်ပုန်း ချေလိုက်ပါတော့ ... တော်လောက်ပါပြီ ... ကျွန်မတို့ မျက်နှာတွေ ကိုလည်း ထောက်ထားငဲ့ညှာပါဦး ... ”

သမီးက မျက်ရည်ကလေးတွေ ဝေ့သီနေသော မျက်နှာကလေးဖြင့် အသံကလေး တုန်ယင်အက်ကွဲစွာပြောလိုက်လျှင် သူ သား၏ မျက်နှာကို ဖျတ်ခနဲ လှမ်းကြည့်လိုက်မိသည်။

www.burmeseclassic.com


သားက သူ့ကိုကြည့်နေခဲ့ပါသည် ...။ သား၏ မျက်လုံးတွေထဲ တစ်ခုခု ပျော်ဝင်ရှိနေခဲ့သည်။ ထိုတစ်ခုခုကြောင့် သူ လွှတ်ခနဲ မေးလိုက်မိသွားသည်။

"သား ... အဖေ့ကို အဖေတော်ရတာ နောင်တရနေပြီလား၊ အဖေဟာ သားရဲ့ မျက်နှာကို ထောက်ထားငဲ့ညှာမှုမရှိတဲ့ လူဆိုးကြီး တစ်ယောက်လို့ သား ထင်နေပြီလား ..."

သားက ပြန်မဖြေပါ ...။ ပြန်မဖြေကတည်းက သားရင်ထဲတွင် အဖြေရခက်သော အဖြေရှိနေသောကြောင့်ဖြစ်သည်။

"အဖေ ဘာမှားသလဲ၊ အဖေ အမှားမပြောဘူး၊ လိမ်မပြောဘူး၊ အမှန်တရားတွေချည်းပဲ ပြောခဲ့တာ ... ဒီအမှန်တရားတွေကို သူ လက်မခံနိုင်တာ အဖေ ဘာလုပ်ရမလဲ...

"အဖေ ပြဿနာတွေ ရှာနေတာ မဟုတ်ဘူး ... သူက အဖေ ပြောသမျှ အမှန်တရားတွေကို ပြဿနာလို့ ယူဆနေတာ အဖေ ဘာတတ်နိုင်မလဲ"

"အမှန်တရားဆိုပေမယ့်လည်း ကာယကံရှင်အတွက် သိပ်ခါးသီးပြင်းထန်တဲ့ ရက်စက်တဲ့အမှန်တရားဆိုရင် မပြောသင့်ဘူးပေါ့ ဦးလေး ...

"ဦးလေးက အဲ့ဒီ အမှန်တရားကြီးနဲ့ပဲ ကိုင်ပေါက်နေတော့ ... မေမေ့မှာ ဒီလိုနဲ့ပဲ ဟာ (ထ်) အတက် (ခ်) ထပ်ရပြီး ဒုက္ခရောက်နိုင်တယ် ... "

သမ္ဘူကသာ ထပ်ပြောပေမယ့် သားကတော့ တစ်ခွန်းမှ မပြောပါ ...။

"သား၊ အဖေ့ကို တစ်ခုခုပြောပါ သား... အဖေမှားသလား၊ အဖေ ခံစားနေရတဲ့ အမှန်တရားတွေက မှားနေသလား"

"ဘာအမှန်တရားတွေလဲ... ငါ့အိမ်ပေါ်တက်နေပြီး ငါ့ရဲ့စိတ်ဓါတ်တွေကို တစ်နေ့ချင်း ရိုက်ချိုးဖျက်ဆီးနေတဲ့ လူက ဘာ အမှန်တရားလဲ ... သွား ... နင် ငါ့အိမ်ပေါ်က ဆင်း ... ခုဆင်း ... နင် စော်ကားသမျှကို ငါ ဆက်ပြီး သည်းမခံနိုင်တော့ဘူး"

www.burmeseclassic.com


မက်မုံပွင့်၏အသံမှာ အေးစက်မာကျောလျက်ရှိ၏။ သူ သားရဲ့မျက်နှာကို တစ်ချက် ကြည့်လိုက်သည်။

"သား ... အဖေ သွားရမလား၊ သားက သွားဆို အဖေ သွားမယ် ... "

သားက သက်ပြင်းတစ်ချက် ရှိုက်လိုက်ကာ ...

"အန်တီ ... အဖေနဲ့အတူ ကျွန်တော်တို့ပါ လိုက်သွားမယ်"

ဟု ပြောလိုက်သည်။ မက်မုံပွင့်သည် ဆတ်ခနဲ ဖြစ်သွားကာ...

"သြော် ... မင်းက ငါ့ကို ဒီနိုင်ကွက်နဲ့ ခြိမ်းခြောက်လို့ ကောင်းတုန်းပဲပေါ့၊ သွား ... မင်းတို့ သားအဖ ဆင်းသွား၊ ငါ့သမီးကို ခေါ် သွားစရာ မလိုဘူး ... "

ဟု မာကျောစွာပြောလျှင် ... သမ္ဘူ့ဆီမှ ...

"သမီးမှ သူ့ကို မခွဲနိုင်တာ ... "

ဟု ခပ်တိုးတိုး ပြောသံလေး ထွက်လာသည်။

www.burmeseclassic.com


"အေး ... ကောင်းတယ်၊ သူ့ကို ... မခွဲနိုင်နဲ့ ... အဲ့ဒါနဲ့ပဲ ဒီအဆိပ်ကောင်ကြီးက အခွင့်အရေးတွေယူပြီး ... ငါ သေမှာပဲ ... လုပ်ကြ ... ကြိုက်သလိုသာ လုပ်ကြတော့"

မက်မုံသည် ဒေါသတကြီး အော်လျက် လှည့်ထွက်သွားတော့လေသည်။ သူ နိုင်လိုက်ပြီဆိုတာကို ... သူ သိပေမယ့် ထိုအရိပ်ကို မျက်နှာပေါ် မပေါ်လွင်စေဘဲ ရင်ထဲမှာ သိမ်းထားလိုက်သည်။

"ဦးလေး၊ မေမေ့ကို နောက်တစ်ကြိမ် ဒုက္ခမပေးပါနဲ့တော့၊ ကျွန်မ တောင်းပန်ပါတယ် ... ကျွန်မ သူ့ကို ချစ်လွန်းလို့ ဒီလောက်သည်းခံနေတာ ဆိုပေမယ့် သည်းခံခြင်းမှာ အတိုင်းအတာတစ်ခုတော့ ရှိပါတယ် ....

"ကျွန်မ အရမ်းချစ်တတ်သလို၊ အရမ်းလည်း နာကြည်းတတ်တယ်"

ဟု သူမကပြောပြီး ထွက်သွားလေသည်။ သားနှင့်သူ နှစ်ယောက်သာ ကျန်ခဲ့၏။ သားက သူ့မျက်နှာကို စေ့စေ့ကြည့်ကာ ...

www.burmeseclassic.com


"အဖေ ဘာဖြစ်ချင်တာလဲ ကျွန်တော် သိချင်တယ်"

ဟု မေးသည်။

"အဖေ သားရဲ့အဖေ ဖြစ်ချင်တာ ၊ သားရဲ့အဖေအဖြစ် ဒေါ်မက်မုံပွင့် အသိအမှတ်ပြုတာကို လိုချင်တာ ... "

သူ မဆိုင်းမတွပင် ပြောလိုက်သည်။

"ကျွန်တော် အသိအမှတ်ပြုသားပဲ၊ ဘာပဲဖြစ်ဖြစ် ကျွန်တော့် အဖေက အဖေပဲ ..."

"မှန်တယ်၊ ဒါကို သားသိပေမယ့် ... တခြားလူတွေမသိဘူး၊ ဒီနေ့ ဖြစ်တဲ့ကိစ္စကလည်း အဲ့ဒါပဲ ... မက်မုံပွင့်က သူ့သူ ငယ်ချင်းဟောင်းတွေကို အဖေ့ရှေ့မှာ သားက ဦးသက်ထွန်း၊ ဒေါ်မိမိခိုင်တို့ရဲ့သားဆိုပြီး ဂုဏ်ယူဝင့်ကြွားနေတာ ... အဖေက အမြင်ကတ်ကတ်နဲ့ အမှန်အတိုင်း ရှင်းပြလိုက်တာ... အမှန်တရားလဲထိရော သူ ဆွေ့ဆွေ့ခုန်အောင် နာတော့တာပဲ ..."

သားက သူ့ပခုံးကို ရုတ်တရက် သိုင်းဖက်လိုက်ကာ သူ့ပခုံးပေါ် မျက်နှာမှောက်လျက် ငြိမ်သက်နေသည်။

www.burmeseclassic.com


"ကျွန်တော် သိတယ်၊ အဖေ့ရင်ထဲက ခံစားချက်တွေကို ကျွန်တော် နားလည်ပါတယ် ... အဖေ အမြဲမှတ်ထားဖို့က အဖေ့ကို ကျွန်တော် ချစ်တယ် ... ဘာတွေနဲ့ပဲယှဉ်လာ ယှဉ်လာ အဖေ့ကိုပဲ ကျွန်တော် ရွေးချယ်မှာပဲ ..."

သူ့ရင်ထဲမှာ ရှင်ပျကြည်နူးသော ပီတိသည် နေရာအနှံ့ ပျံ့စီးသွားခဲ့၏ ...။

"ကျေးဇူးတင်ပါတယ် သား..."

www.burmeseclassic.com

# အခန်း(၁၅)

ဘဝတွင် မထင်မှတ်တာတွေ၊ မရည်ရွယ်တာတွေသည် မျှော်လင့်မထားသော ထောင့်ချိုးများဆီမှ အလစ်ဝင်တိုက်တတ်သော ရန်သူများလို ဝင်ရောက်လာတတ်သည်။

ထိုညနေခင်းသည် သာယာအေးချမ်းလျက် ရှိခဲ့သဖြင့် မကြာခင်မှာ သူ့ဘဝတစ်ခုလုံး မှန်တိုင်းထန်တော့မည်ဆိုတာကိုပင် သူ မသိခဲ့ချေ။ ထိုအချိန်တွင် သားနှင့်သမီးက အိမ်တွင်မရှိ .... ။

www.burmeseclassic.com


မက်မုံပွင့်သည် ...ခြံထဲက ပန်းဥယျာဉ်ကလေးထဲတွင် ... မာန်မာနများ ကင်းစင်လျက်ရှိသော မျက်နှာမျိုးဖြင့် ရှိနေခဲ့သည်။ သူ ပထမတော့ သူမကို သူ့အခန်းမှန်ပြတင်းများမှ တစ်ဆင့် ငေးကြည့်ရုံသာ ကြည့်နေခဲ့ခြင်းဖြစ်သည်။

ကြည့်နေရင်းဖြင့် သူ မရောင့်ရဲ၊ မတင်းတိမ်နိုင်ဖြစ်လာသည်။ သူမနှင့် စကားပြောချင်လာသည်။ ပဋိပက္ခတွေကို ပြေငြိမ်းချင်လာသည်။ သူမနှင့် ညှိနှိုင်းတိုင်ပင်လျက် ... နားလည်မှု ယူချင်လာသည်။

ထိုအတွေးဖြင့် ... သူ သူမရှိရာ ပန်းဥယျာဉ်ထဲသို့ ဆင်းလာခဲ့မိခြင်းဖြစ်သည်။ ထိုအချိန်ကလေးအတွင်းတွင် သူ့စိတ်ထဲမှာသူမအပေါ်ပြုပြင်ပြောင်းလဲပစ်လိုသောစိတ်ဆန္ဒများလည်း မရှိတော့။ လက်စားချေလိုစိတ်လည်း မရှိတော့။ သူမကို သူ စကားတစ်ခွန်းသာ ပြောပြချင်သည်။ လေးလေးနက်နက်၊ တည်တည်ငြိမ်ငြိမ် အာဃာတကင်းကင်းနှင့် ပြောပြချင်ခြင်းဖြစ်သည်။ ထိုစကားမှာ သူမအပေါ် သူ စစ်မှန်သော မေတ္တာတရားဖြင့် ချစ်ခင်မြတ်နိုးခဲ့ခြင်းဖြစ်ကြောင်း ပြောပြလိုခြင်းဖြစ်သည်။

www.burmeseclassic.com


သူ ဥယျာဉ်ထဲ ရောက်သွားချိန်တွင် သူမ မျက်နှာသည် ကြည်လင်နေရာမှ ရုတ်ချည်း တင်းမာပြောင်းလဲသွားလေသည်။

"ရှင် ဘာလာလုပ်တာလဲ .... ခုချက်ချင်း ထွက်သွား .... ရှင့် မျက်နှာကို ကျွန်မ မမြင်ချင်ဘူး ..... "

"ကျွန်တော် ... ခင်ဗျားနဲ့ အေးအေးဆေးဆေး စကားတွေ ပြောချင်တယ် ... အထူးသဖြင့် သားနဲ့သမီး စိတ်ချမ်းသာဖို့ ကျွန်တော်နဲ့ခင်ဗျား စိတ်ဓာတ်တွေပြင်မှဖြစ်တော့မယ်လို့ကျွန်တော်လွှန်ခဲ့တဲ့ ဆယ်မိနစ်လောက်ကမှ တွေးလိုက်မိတယ် .... အဲဒီအတွေးနဲ့ ကျွန်တော် ခင်ဗျားဆီ လာခဲ့တာ ...

"ကျွန်တော်တို့ကြားမှာ .... အငြိုးအတေး၊ အမျက်တွေ၊ အမုန်းတွေ၊ ရှိမယ်ဆိုလည်း .... အဲ့ဒါတွေကို မေ့ပစ်လိုက်ကြစို့ဗျာ ..... ကျေအေးကြစို့ ....

"ကျွန်တော် အခုကစပြီးကတိပေးတယ် ..... ခင်ဗျားကို ဒီနေ့ ဒီအချိန်ကစပြီး စိတ်အနှောင့်အယှက်ဖြစ်အောင်

www.burmeseclassic.com


စော်ကားတာမျိုး၊ လက်စားချေတာမျိုး လုံးဝ မလုပ်တော့ဘူး ...

"ခင်ဗျားဘက်ကလည်း လူလူချင်း မတူဘူး၊ မတန်ဘူးဆိုတဲ့ မာန်မာနတွေ လျှော့လိုက်ပါ .. ကျွန်တော့ အပေါ် လူတစ်ယောက်လိုပဲ အသိအမှတ် ပြုပေးပါ ... "

"ဘယ်တော့မှ အသိအမှတ်မပြုနိုင်ဘူး၊ ရှင် ကျေအေးတိုင်းလည်း ကျွန်မ မကျေအေးနိုင်ဘူး.. ရှင်က ကျေအေးနိုင်ပြီပေါ့ ... ရှင်က အနိုင်ချည်းပဲကိုး .. ကျွန်မမှာသာ တစ်သက်လုံး တစိမ့်စိမ့် ရှုံးနေခဲ့တာ ....

" ကျွန်မသမီးကို ကျွန်မ ဘယ်လောက်တန်ဖိုးထား မျှော်မှန်းထားခဲ့သလဲဆိုတာ ရှင် မသိဘူး .. မျိုးရိုးဗီဇသွေးဆိုတာကို ကျွန်မ ဘယ်လောက် ဂုဏ်ယူတန်ဖိုးထားသလဲဆိုတာ ရှင် မသိဘူး .. သမီးရဲ့ ယောက်ျားဟာ ရှင့်သားပါဆိုတာကို သိလိုက်ချိန်ကစပြီးတော့ .. အဲ့ဒါတွေအားလုံး သွားပြီ ...

www.burmeseclassic.com


"သမီးကမွေးလာမယ့် ကျွန်မရဲ့မြေးဟာ ရှင့်ရဲ့သွေးတွေပါနေပြီ .. ရှင့်ရဲ့ မျိုးရိုးဗီဇတွေ ပါနေပြီ ..... ရှင့်အတွက်ကတော့ ကျွန်မကို အကောင်းဆုံး လက်စားချေခဲ့ပြီးပြီ ... ရှင့်ရဲ့ သွေးဟာ ကျွန်မရဲ့ အရေးအကြီးဆုံး အစိတ်အပိုင်းဖြစ်နေပြီ .... ရှင့်ရဲ့ သွေးဟာ ကျွန်မအတွက် အဆိပ်ပဲ ....

"ဘာကို ကျွန်မက ကျေအေးပစ်ရမှာလဲ၊ မေ့ပစ်ရမှာလဲ ... ကျွန်မရဲ့ မြေးဟာ ရှင့်လို ထုံထိုင်းထိုင်း ... အောက်တန်းခပ်ကျကျ .... ကလေကချေနဲ့ လက်စားချေတတ်တဲ့ လူညံ့တစ်ယောက် ဖြစ်လာတော့မှာကိုကျွန်မက ဘာခွင့်လွှတ်ကျေအေးရမှာလဲ့ ...

"မကျေဘူး .... ကျွန်မ သမီးနဲ့ ရှင့်သား ကွဲမသွားသရွေ့ ကျွန်မ ဘယ်လိုမှ စိတ်မချမ်းမြေ့နိုင်ဘူး ..... တစ်ချိန်မဟုတ် တစ်ချိန်မှာ သူတို့ ကွဲသွားအောင် ကျွန်မကြိုးစားနေရမှာပဲ၊ ကျွန်မ အသက်ရှင်နေသရွေ့ ဒီတိုက်ပွဲကို ကျွန်မ တိုက်နေမှာပဲ .... "

www.burmeseclassic.com


သူမဆီမှ ကြားရသော စကားများကြောင့် သူ့ရင်ထဲ မွန်းကျပ်သွားကာ .. အသက်ရှူရ ကျပ်သွားလေသည်။

“ခင်ဗျား အဲ့ဒီလောက်တောင် မာနကြီးလှချည်လား .. ကျွန်တော့်ကို ခင်ဗျား လုံးဝ အသိအမှတ် မပြုတော့ဘူး ပေါ့ .....

“ကျွန်တော်ကတော့ ခင်ဗျားကို ထပ်ပြောလိုက်ဦး မယ်၊ ကျွန်တော် ခင်ဗျားကို သိပ်ချစ်တယ် .... ခင်ဗျား ဘယ်လောက်ပဲ မာနကြီးကြီး၊ မောက်မာမာ၊ ကျွန်တော် အချစ်ဆုံး မိန်မဟာ ခင်ဗျားပဲ ... ခင်ဗျား မသေမချင်း မှတ်ထားလိုက်၊ ကျွန်တော် အသက်ရှင်နေသရွေ့ ခင်ဗျားကို ကျွန်တော် ချစ်နေမှာပဲ ... အဲ့ဒါကို ခင်ဗျား ဘာနဲ့မှ တားလို့မရဘူး ..... နားလည်လား ....

“လောကမှာ လူချင်းအတူတူ ယောက်ျားနဲ့ မိန်းမ ရှိနေသမျှ .... အချစ်ဆိုတာလည်း ပေါ်ပေါက်နေဦးမှာပဲ၊ မတူဘူး၊ မတန်ဘူးဆိုတာ မရှိဘူး .... ”

www.burmeseclassic.com


"တောက် .... နင် .... ဘာစကားပြောတာလဲ ... ငါ့ကို... စော်ကားပြန်ပြီ ... နင်လို လူမျိုးက ငါ့ကို ... ရာရာစစ "

သူမသည် သူ စိတ်လိုက်မာန်ပါ ပြောလိုက်သော ထိုစကားကြောင့် ..မီးတောင်တစ်တောင် ပေါက်ကွဲပွင့်ထွက်သွားသလို .... ဟုန်းဟုန်းတောက်သွားလေသည်။

ထို့နောက် သူမက ဒေါသဖြင့် .. ပိန်းစင်ဆီမှ ပိန်းပန်းအိုးတစ်အိုးကို ကောက်၍မ, လိုက်ကာ သူ့ကို ပစ်ပေါက်ဖို့ ရွယ်မ, လိုက်လေသည်။ သူ ရှောင်တိမ်းဖို့ စိတ်မကူးဘဲ နေရာမှာ စုံရပ်နေလိုက်ကာ ... သူမ ပစ်ပေါက်သော ပန်းအိုးကို ခံယူဖို့ အဆင့်သင့်ပင် ပြင်ထားလိုက်လေသည်။

ပန်းအိုးသည် ... လမ်းတစ်ဝက်တပျက်တွင် ရပ်တန့်သွားကာ ... သူမ မျက်နှာသည် ရုတ်ချည်း ရှုံ့မဲ့တွန့်လိမ်သွားလျက် ... ပန်းအိုးကို လွှတ်ချလိုက်ပြီး သူမ ဘယ်ဘက်ရင်ဘတ်ဆီသို့ လက်နှစ်ဖက်ဖြင့် ဖိညှပ်ကာ .... ညွတ်ခွေယိုင်ကျသွားလေသည်။

"မက်မုံ ... "

www.burmeseclassic.com


သူ စိုးရိမ်စိတ်ပူစွာ သူမကို ပြေးပွေ့လိုက်သော်လည်း သူမသည် မြက်ခင်းပြင်ပေါ်သို့ ပုံရက်သား လဲကျသွားခဲ့လေပြီ။

"မက်မုံ .. ဘာဖြစ်တာလဲ၊ ဘာဖြစ်တာလဲ .."

သူမ ကိုယ်ခန္ဓာကလေးကို သူ ပွေ့ယူလှုပ်ခါကာ အော်မေးနေပေမယ့် ...သူမထံမှ တုံ့ပြန်မှုမရှိချေ .. ။ သူ့နှလုံးသွေးများ တဒိန်းဒိန်း ရိုက်ခတ်မြည်ဟည်းလာလေသည်။

"မက်မုံ ... ဟေ့ .... "

သူ ပျာယာခတ်သွားကာ ... သူမကို စွေ့ခနဲ ပွေ့လျက် ကားဂိုဒေါင်ဆီသို့ ပြေးလာခဲ့သည်။ ဂိုဒေါင်ထဲတွင် သူမ စီးနေကျကား အဆင့်သင့်ရှိ၏ ... ဒရိုင်ဘာကောင်လေး ဝင်းနီက အိမ်ပြန်သွားပြီ ... ။ သူ ဘာကို မှ မတွေးနိုင်တော့ ...။

သူမကို ကားနောက်ခန်းမှာ အသာအယာ ချထားလိုက်ပြီး ... ကားကို တရကြမ်း မောင်းထွက်လာခဲ့သည်။ သူ့ရင်ထဲတွင်ပူပြင်းလောင်မြိုက်လျက်ရှိသော စိုးရိမ်သောကသည် နှိပ်စက်လျက်ရှိ၏ ... ။

www.burmeseclassic.com



"မက်မုံ .... မင်း ဘာမှ မဖြစ်ရဘူးနော်၊ ပြန်သတိလည်စမ်းပါ၊ ငါ့ကို တစ်ခုခုပြောပါ ... ပက်ပက်စက်စက် ဆဲစမ်း၊ ငါ ခံပါမယ် ... ငါ့စကားထဲမှာ ဘာများ အမှားပါသွားလို့လဲ ... ငါ အမှန်အတိုင်း ပြောတာပါ၊ မင်းကို ချစ်တာ ငါရဲ့အမှန်တရား ...၊ ငါ့ရဲ့သစ္စာပါကွာ ... ဒါကို မင်းသတိလစ်စရာလိုသလား .... အဲ့ဒီလောက်တောင် မင်းခါးသီးနာကြည်းစရာလား ....

"ငါဟာ လူတစ်ယောက်ပါကွာ ... ငါ့ကို မင်းဘာလို့ အသိအမှတ် မပြုရတာလဲ .... "

သူ ကားမောင်းရင်း တစ်ယောက်တည်း တတွတ်တွတ်ပြောနေသည်။ ကားတွေ ရှုတ်ထွေးပြည့်ကျပ်နေသဖြင့် သူစိတ်မရှည်နိုင်။ မီးပွိုင့်တွင် မီးနီချည်းဆက်တိုက်မိနေသဖြင့် အချိန်တွေ ပိုကြာတာကိုလည်း သည်းမခံနိုင် ... ။

နောက်သို့ မကြာခဏ လှည့်ကြည့်မိတိုင်း ... သူမ လုံးဝမလှုပ်တာကို တွေ့ရလေ ... သူ့နှလုံးသားကို ဖျစ်ညှစ်ခြေမွ

www.burmeseclassic.com


သလို ခံစားရလေ ဖြစ်သည်။ သူ့လည်ချောင်းထဲတွင် သူ့ နှလုံးသား ဆို့နေသလို ခံစားရသည်။

ဆေးရုံသို့ရောက်တာနှင့် သူမကို သူပွေ့ချီကာ အပြေးအလွှား ဝင်ခဲ့သည် .... ။

“ ဘာဖြစ်တာလဲ ... ဘာဖြစ်လာတာလဲ ... ”

“စကားပြောရင်း သတိလစ်သွားတာလဲ .. သူ့မှာဟာ့(ထ်) ရှိတယ် ”

တာဝန်ကျဆရာဝန်တွေ ချက်ချင်း အလုပ်ရှုပ်သွားကာ သူမကို ခုတင်ပေါ်တင်ကာ E.C.G ချက်ချင်း ဆွဲကြည့်ကြသည် ...။

“ Flat E.C.G ဖြစ်နေပြီ ...၊ လူနာက Expired ဖြစ်နေပြီ”

ဆရာဝန်က သူမ မျက်လုံးထဲသို့ သေချာအောင် ဓာတ်မီးကလေးနှင့် ထိုးကြည့်သေးသည်။

“လူနာက .... ဆုံးနှင့်ပြီ ... လာကတည်းကကို သူ အသက် မရှိတော့တာ”

www.burmeseclassic.com


ဟု ဆရာဝန်က သူ့ကို ရှင်းပြသောအခါ သူ့ရင်တစ်ခုလုံး ပွင့်ထွက်သွားသလို ခံစားလိုက်ရသည်။

"ဟာ ... မဖြစ်နိုင်တာ၊ ခုနကလေးတင် ကျွန်တော်နဲ့သူ စကားများကြသေးတာ ... သူ ချက်ချင်းကြီး အဲ့ဒီလောက် ပိုးစိုးပက်စက်ကြီး ဖြစ်မသွားနိုင်ပါဘူး ....

"ဟိုတစ်ကြိမ်ဖြစ်တုန်းကတောင် သူပြန်ကောင်းလာသေးတယ်၊ တစ်ခုခု လုပ်ပေးပါဦး ဒေါက်တာရယ် ... သူ သေမှာမဟုတ်ပါဘူး ... ဒီလောက်မာနကြီးတဲ့ မိန်းမဟာ ဒီလောက် လွယ်လွယ်နဲ့ မသေနိုင်ပါဘူး ... သူ့မှာ လုပ်စရာတွေ အများကြီး ရှိပါသေးတယ် ... သူ သေဦးမှာ မဟုတ်ပါဘူး ... "

သူ အရူးမီးဝိုင်းနှင့် ကယောင်ချောက်ချားတွေ အော်ဟစ်နေမိသည်။ ဆရာဝန်တွေက သူ့ကို အမျိုးမျိုးသော အားပေးစကားတွေနှင့် ရှင်းလင်းပြောပြကြပါသည်။ သို့ပေမယ့် သူ ဘာမှ မကြားပါ ... ။ ဘာကိုမှလည်း လက်ခံယုံကြည်လို့ မရပါ ...။

---

**စောတနာ စာပေ**

www.burmeseclassic.com


ငြိမ်သက်တင်းမာနေသော သူမ မျက်နှာဆီသို့သာ သဲသဲမဲမဲ စိုက်ကြည့်နေမိသည်။ သူမ မတော်တဆ မျက်တောင်ခတ်လာမလား ... လှုပ်ရှားလာမလား ဟု မျှော်လင့်တကြီး စောင့်ကြည့်နေမိသည် ... ။ သူ မျက်တောင်ပင် မခတ်မိချေ .. ။

www.burmeseclassic.com


သူအိမ်သို့ ပြန်ရောက်ချိန်တွင် သားနှင့်သမီးသည် ယောက်ယက်ခတ်၊ ဗျာများကာ စိုးရိမ်ပူပန်နေသော မျက်နှာထား ကိုယ်စီဖြင့် သူ့ကို ဆီးကြိုကြ၏ .... ။

" အဖေ ... အဖေ အန်တီမက်မုံကို ဘယ်ခေါ်သွားတာလဲ၊ ဒီမှာ ကျွန်တော်တို့ စိတ်တွေပူပြီး ဘယ်လိုက်ရှာရမှန်း မသိဘူး၊ အဖေရော၊ အန်တီရော .... အန်တီ့ကားပါ ပျောက်နေတော့ ... သမ္ဗျူက အန်တီ့ကို အဖေ တစ်နေရာ ရာ ခေါ်သွားပြီ ထင်နေတာ "

"မေမေရော ဦးလေး ... မေမေ့ကို ဘယ်မှာ ထားခဲ့သလဲ ဟင်း ... "

www.burmeseclassic.com


သားနှင့်သမီးက ဝိုင်းမေးကြသည်ကို သူ တစ်ခွန်းမှ မဖြေဘဲ ခေါင်းငိုက်စိုက်ချကာ ငြိမ်သက်တိတ်ဆိတ်လျက် ရင်ကွဲနေလေသည်။

“အဖေ ... ဘာတွေဖြစ်လာတာလဲ၊ ဘာတွေဖြစ်ကုန်ပြီလဲ၊ အန်တီမက်မုံရော ... ”

သားက သူ့ပခုံးနှစ်ဖက်ကို ခပ်တင်းတင်းဆုပ်ကိုင်ဖျစ်ညှစ်ပြီး မေးစဉ် သူ သားမျက်နှာကို စိုက်ကြည့်ရင်း သူ့မျက်လုံးတွေမှာကြေကွဲသောမျက်ရည်များဖြင့် ပူနွေးလျှံဝေလာသည်။ သူ အံတင်းတင်းကြိတ်ကာ တစ်ခွန်းသာ ဖြေလိုက်၏ ။

“ သူ သေပြီ ... ”

“ဘာ .... ဦးလေး ဘာပြောတယ် ”

“သူ ဆုံးပြီတဲ့ .... ဆရာဝန်တွေ ပြောကြတာ၊ သူ့ကို ရေခဲတိုက်မှာ ထားခဲ့ရပြီ၊ ပြန်ခေါ်လို့မရဘူးတဲ့ .... အဖေ အတင်းပြန်ခေါ်ပါသေးတယ် ...သူတို့က သေပြီးသားလူကို ပြန်ခေါ်ခွင့်မပေးဘူး၊ ရေခဲတိုက်ကို ပို့ကြတယ် ... ”

www.burmeseclassic.com


"ဘယ်လိုဖြစ်တာလဲ ... မေမေ ဘယ်လိုဖြစ်တာလဲ ... ညနေက အကောင်းကြီးပါ ... ဒါ ... လုံးဝ မဖြစ်နိုင်ဘူး၊ မေမေ့ကို ဦးလေး တစ်နေရာရာမှာ ဝှက်ထားတာ ... "

သမ္ဘူက သွေးရူးသွေးတန်း မျက်နှာထားဖြင့် ပြောလေသည်။ သူ ခေါင်းကို ခါယမ်းပစ်လိုက်ကာ ...

"ဘာဖြစ်လို့ ဝှက်ထားရမှာလဲ ... သူ တကယ်ကို ခေါက်ခနဲ ခွေလဲကျပြီး သေသွားတာ ... အဖေ့လက်ပေါ်မှာ သူ သေသွားခဲ့တာဖြစ်မယ် ... ဆေးရုံရောက်တော့ သူ အသက် မရှိတော့ဘူးတဲ့ ... "

"မယုံဘူး ... ကျွန်မ မယုံဘူး၊ မေမေ့ကို ဦးလေး သတ်တာပဲဖြစ်မယ် ... မေမေ အကောင်းကြီးကနေ သေသွားတယ်ဆိုတာ မယုံဘူး .... ဦးလေး သတ်တာ .. မေမေ့ကို ဦးလေး နည်းအမျိုးမျိုးနဲ့ သတ်နေတာ ... "

သမ္ဘူက ဝမ်းနည်းပန်းနည်း ခါးသီးစွာ အော်ဟစ်လေသည်။

"သူ့ကို ဦးလေး မသတ်ဘူး ... သူ့ကို အချစ်က သတ်

www.burmeseclassic.com


လိုက်တာပဲဖြစ်မှာ ... ယောက်ျားတစ်ယောက်က ချစ်လို့ ဆတ်ဆတ်ခါနာပြီး လဲသေသွားတဲ့မိန်းမဟာ မက်မုံပွင့်ပဲ ....

"ဦးလေးက သူ့ကို သိပ်ချစ်တာပါ .... ကိုယ် သိပ်ချစ်တဲ့မိန်းမကို ဘယ်ယောက်ျားက သတ်ပစ်ရက်မှာလဲ .... သူကသာ အချစ်ခံရတာကို စက်ဆုပ်ရွံရှာစွာနဲ့ ခံပြင်းပေါက်ကွဲပြီး သေသွားတာ ... သူ သေသွားတယ်ဆိုတာ ဦးလေးတောင် လက်မခံနိုင်ဘူး၊ မယုံနိုင်ဘူး ...

"ဒါပေမယ့် မက်မုံပွင့်ဟာ တကယ်ပဲ ရေခဲတိုက်ထဲ ရောက်နေပြီ ... အားလုံးကို သူ ကျောခိုင်းထားရစ်ခဲ့ပြီ"

သူ အရူးတစ်ယောက်လိုပင် ဆောက်တည်ရာမရ ရေရွက်လျက်ရှိသည်။ သူ့ စကားတွေကို သမ္ဗူခြင်ရော သားပါ.. ယုံချင်ယုံ၊ မယုံချင်နေ ... သူ ဂရုမစိုက်ပါ ... ။

"သမ္ဗူ ... ကိုယ်တို့ လိုက်သွားပြီး ကြည့်လိုက်ရင် အဖြေပေါ်မှာပဲ .... သွားကြည့်ရအောင် .... "

"သွားကြည့်လိုက်ပါသား .... အချစ်ကသတ်လို့သေသွားတဲ့မိန်းမတစ်ယောက်ကို သွားကြည့်ဖြစ်အောင်ကြည့်ပါ ..

www.burmeseclassic.com


"သူသေသွားတာ Heart attack ကြောင့်လို့ ဆရာဝန်တွေက ပြောတယ် .... အဖေကတော့ သူသေရတာ Attack of love ကြောင့်လို့ ပြောရမှာပဲ ... "

သူ သားတို့ကို ထားခဲ့ပြီး သူ့အခန်းထဲသို့ ဝင်လာခဲ့သည်။ တံခါးကို ဝုန်းခနဲမြည်ဟည်းသွားအောင် ဆောင့်ပိတ်ပစ်လိုက်သည်။ မီးမှောင်ချထားသော အခန်းထောင့်တစ်နေရာတွင် သူ ပုံရက်သား ခွေလျော့ထိုင်ချလိုက်ကာ ... စတင်၍ ရှိုက်ကြီးတငင် ငိုးကြွေးမိတော့လေသည်။

သူ့ရင်ထဲမှ သူမ ရုန်းကန်ထွက်သွားသော အရှိန်အဟုန်မှာ ပြင်းထန်လွန်းလှသဖြင့် သူ့ရင်တစ်ခုလုံး စုတ်ပြတ်သတ်စွာ စာလာဟင်းလင်းဖြစ်၍ ကျန်ခဲ့ပါသည်။

ဘာဆိုဘာမှ မကျန်ရစ်ခဲ့အောင် သူမက တစ်ပါတည်း အားလုံးယူသွားခဲ့ခြင်းဖြစ်၏ ။

**စောတရာစာပေ**

www.burmeseclassic.com



www.burmeseclassic.com

[illegible]စာပေ

www.burmeseclassic.com

## အခန်း (၁၆)

အသုဘကိစ္စပြီးသွားချိန်တွင် ... တစ်အိမ်လုံးတွင် ခြောက်ကပ် အထီးကျန်စွာ ကျန်ရစ်ခဲ့သည်။ လူတွေအားလုံး ထူးခြားစွာ တိတ်ဆိတ်ငြိမ်ဝပ်နေကြသည်။

သူသည် သူမ၏ အသုဘရက်များအတွင်း အခန်းတွင်းမှာသာ အောင်း၍နေခဲ့သဖြင့် သားနှင့် သမ္မုခင်ကို မတွေ့ရ။ သားကလည်း သူ့ကို လာတွေ့ခြင်းမရှိ ....။ သူ ကိုယ်တိုင်လည်း နေ့နဲ့ညတွေ မှားနေခဲ့သည်။

www.burmeseclassic.com


ညညဆို ညှော်ခန်းထဲမှ မက်မုံပွင့်၏ ပန်းချီကားကြီးကို အခန်းတွင်း သွင်းယူလာကာ ... အမှောင်ခန်းထဲမှာ ဖယောင်းတိုင် တစ်တိုင်သာထွန်းလျက် ... မက်မုံကို သူ စကားတွေ အမြောက်မြားစွာ ပြောဖြစ်သည်။ ပြောဖြစ်သမျှ အကြောင်းအရာတွေမှာ အချစ်အကြောင်းတွေချည်းသာ ဖြစ်၏ ... ။

လူတစ်ယောက်ဟာ တစ်ကြိမ်သာ သေရမှာဖြစ်လို့ သူ့အချစ်တွေကြောင့် သူမ အခါခါ မသေနိုင်တော့ဘူး ... ဟု သူ ယူဆကာ အချစ်အကြောင်းတွေ သူ တဖွဖွ ပြောရဲခဲ့ခြင်းဖြစ်လေသည် ... ။

မက်မုံပွင့် ဆုံးပြီး ဆယ်ရက်မြောက်သောနေ့တွင် သူ့အခန်းတံခါးကို လာခေါက်သံ ထွက်ပေါ်လာသည်။ သူ ထ၍ တံခါးဖွင့်ပေးလိုက်၏ ...။ သား၏ ညှိုးရီဖျော့မှိန်သော မျက်နှာကို သူ တွေ့ရသည်။

"သား ဘာဖြစ်နေလဲ ... "

"အဖေ ညှော်ခန်းကို ခဏလောက် လိုက်ခဲ့ပေးပါ ... သမ္ဘူက အဖေ့ကို စကားပြောချင်တယ် .... "

www.burmeseclassic.com


"သူက ဘာပြောမှာလဲ ... သူက မိခင်တစ်ယောက်ကို ဆုံးရှုံးရလို့ စိတ်ထိခိုက်ကြေကွဲနေသလို .... အဖေကလည်း ချစ်သူ တစ်ယောက်ကို ဆုံးရှုံးရလို့ ရင်ဘတ်ကြီးမှာ ဒဏ်ရာကြီးနဲ့ပါ သားရာ .....

"သူ ပြောမှာကို အဖေ နားထောင်ရဦးမှာလား .... သူ အဖေ့ကို အမျိုးမျိုး စွပ်စွဲမယ် ... သူ့ အမေကို သတ်တဲ့ လူကြီးလို့ ပြောမယ် ... ဒါတွေကို အဖေ မခံစားနိုင်တော့ဘူး ... အဖေ့မှာ နာကျင်စရာတွေ သိပ်များလွန်းတော့ ထုံနေပြီ ... "

"သူ ပြောတာကိုပဲ နားထောင်လိုက်ပါ အဖေ ... အဖေ ဘာတွေ ခံစားနေရမယ်ဆိုတာ ကျွန်တော် သိပါတယ် ... ကျွန်တော်လည်း ခံစားနေရတာပါပဲ ... "

သူ သားကို ဘာမှ မပြောတော့ဘဲ သားနောက်မှ ငြိမ်ငြိမ်သက်သက်ပင် လိုက်ခဲ့ပါသည်။

ဧည့်ခန်းတွင် သမ္ဘူခင်ကို မြင်လိုက်ရသည်မှာ .. မက်မုံပွင် အငယ်စားကလေး ပြန်လည်ရှင်သန်လာသလို့ သူ့ရင်

www.burmeseclassic.com


ထဲ လှုပ်ခနဲ ခါသွားလေသည် ... ။ သူမ မျက်နှာက အေးစက်မှုန် သီစွာဖြင့် သူ့ကို စူးခဲစွာ စိုက်ကြည့်နေ၏ ...။ တော်တော်လေး ကြာအောင် တိတ်ဆိတ်နေခဲ့သေးသည်။

ပထမဆုံး သူမ စတင်၍ ပြောသောစကားမှာ ....

"မေမေ ဆုံးပြီ .... မေမေ မရှိတော့ဘူး .... "

ဟူသော စကားဖြစ်၏ ... ။ သူ ရင်ထဲ တနင့်တနဲ ကြီး နာကျင်သွားပါသည်။

"မေမေ့ကြောင့် ကျွန်မ ဒီမှာ နေနေတာ .... အခု မေမေ မရှိတော့ဘူးဆိုတော့ ကျွန်မ ဒီအိမ်ကြီးမှာ ဆက်မနေနိုင် တော့ဘူး ... နေရာတိုင်းမှာ မေမေ့အရိပ်တွေ၊ မေမေ့အသံ တွေပဲ စိုးမိုးနေတယ် ... ကျွန်မ မခံနိုင်ဘူး .... ကြာရင် ရူးသွားလိမ့်မယ် ...

"မေမေ့ကို ဦးလေး အချစ်နဲ့သတ်သတ် ... အမုန်း နဲ့ပဲ သတ်သတ်၊ မေမေ့ကို ဦးလေး သတ်ခဲ့တာတော့ အမှန်ပဲ ... ။ အဲ့ဒီ အသိကို ကျွန်မ ရင်ထဲမှာ အမြဲ သိမ်း ထားမယ် ...

www.burmeseclassic.com


"အတိုဆုံးပြောရရင် ကျွန်မ ဒီမှာ မနေနိုင်တော့ဘူး၊ အမေရိကကို သွားတော့မယ် ... ကိုသြချိုကို ကျွန်မနဲ့အတူ ခေါ်သွားချင်တယ် ...၊ အဲ့ဒါကို ဦးလေး ခွင့်ပြုပါ ... မေမေ့ကို ကျွန်မ ဘဝထဲကနေ မထင်မှတ်ဘဲ ဦးလေး ဆွဲထုတ်သွားခဲ့တဲ့ အဖြစ်အတွက် လျော်ကြေးဖြစ်ဖြစ် သြချိုကို ကျွန်မကို ပေးပါ ... အဲ့ဒါ ဦးလေးကို ပြောချင်တယ် ... "

သူ သားကို အလန့်တကြား ကြည့်လိုက်မိသည်။ သားက သူ့ကို ငေးစိုက်ကြည့်နေခဲ့သည်။

"သမီးတို့က အပြီးသွားကြမှာလာဟင်း"

"ဟုတ်တယ် ... အပြီးသွားတော့မှာ၊ ဘယ်တော့မှ ပြန်မလာတော့ဘူး ... "

"သားကရော ... "

"ကျွန်တော် မပြောတတ်ဘူး အဖေ ... အဖေ့သဘောကိုလည်း ကျွန်တော် သိချင်တယ် ..."

သူ တိတ်ဆိတ်သွားသည်။ သားကို သူ စွန့်လွှတ်နိုင်ပါ့မလား ...။ ဘဝတွင် အကြိမ်ကြိမ် စွန့်လွှတ်ခဲ့ရသော သားကို သူ ခွဲခွာနိုင်ပါမလား ... ။

www.burmeseclassic.com


"သူ တစ်ယောက်ယောက်ကိုတော့ ရွေးချယ်ရမှာပေါ့ .... ကျွန်မ သို့မဟုတ် ဦးလေးကိုပေါ့ ... ကျွန်မမှာတော့ ရွေးချယ်စရာ ဘာအခွင့်အရေးမှ မရှိတော့ဘူး .... မေမေ ရုတ်တရက် ဆုံးသွားခဲ့တာဟာ ကျွန်မဘဝတစ်ခုလုံး ပြိုလဲ ကျဆုံးသွားခဲ့သလိုပဲ ... ကျွန်မ ပြန်ပြီး ထူမတ်နိုင်ဖို့က ဒီတစ်နည်းပဲ ရှိတယ် .... ဟန်နီဆုံးဖြတ်ပါ ... တစ်ယောက် ယောက်ကို ရွေးချယ်ပါ ... "

သားကို သူ လှမ်းကြည့်လိုက်တော့ ချောင်ပိတ်မိနေ သူတစ်ယောက်၏ စိတ်ကျဉ်းကျဉ်၊ ထွက်ပေါက်မရှိသော မျက်နှာထားကို တွေ့ရသည် ... ။

"ကိုယ် စဉ်းစားပါရစေဦး သမ္ဘူ ... "

"မလိုချင်ဘူး၊ အခုဆုံးဖြတ်ပါ၊ ဘာကို စဉ်းစားဦးမှာလဲ၊ ဟန်နီ့ရင်ထဲမှာ အဖြေတစ်ခုခုတော့ ရှိရမှာပေါ့၊ ချက်ချင်း ဖြေနိုင်ရမှာပေါ့၊ ဟန်နီ သမ္ဘူ့ကို မချစ်ဘူးလား၊ သမ္ဘူ့ နောက်ကို မလိုက်ရဲဘူးလား ...

"ဒီအဖေဆိုတာကြီးကို ရွေးချယ်လိုက်လို့ သမ္ဘူ့မှာ

www.burmeseclassic.com


အများကြီး ဆုံးရှုံးခဲ့ရပြီးပြီ ... ဘဝမှာ တန်ဖိုးအရှိဆုံး မေမေ့ကို နစ်နာဆုံးရှုံးခဲ့ရပြီးပြီ ... ခုချိန်အထိ ဟန်နီ ဘာကို ရွေးချယ်ဦးမှာလဲ ... ကျွန်မ ရှင်းရှင်းပဲ ပြောမယ်၊ ရှင့်အဖေကို ကျွန်မ သိပ်မုန်းတယ် ... ဒီမျက်နှာကို ဘယ်တော့မှ မမြင်ချင်တော့ဘူး ... ဒါကြောင့် သူနဲ့ အဝေးဆုံးကို ပြေးတော့မှာ .... ဟန်နီ တစ်ယောက်ယောက်ကို ရွေးချယ်ရမှာပဲ ... ”

“မင်း ကိုယ့်ကို အကျပ်ကိုင်နေတာ သမ္ဘူ ... မင်း အဖေနဲ့ ကိုယ့်ကို ကွဲအောင်လုပ်နေတာ ... ”

သားအသံက ခပ်တိုးတိုး၊ မသဲမကွဲပင်။

“မှန်တယ်၊ ကျွန်မ ဝန်ခံတယ်၊ မငြင်းဘူး၊ ကျွန်မအမေနဲ့ ကျွန်မ သေကွဲကွဲရသလို ရှင့်အဖေနဲ့ရှည်လည်း ရှင်ကွဲကွဲ စေချင်တဲ့ စေတနာ ကျွန်မ ရင်ထဲမှာ အပြည့်ရှိတယ် .... ဒါမှ ကျွန်မ ရင်ထဲမှာ နေသာထိုင်သာရှိမယ် ... နို့မို့ဆို ကျွန်မရင်ထဲမှာ နာကျင်ပင်ပန်းလွန်းလို့ သည်းမခံနိုင်တော့ဘူး ... ”

www.burmeseclassic.com


"ကိုယ့်ကို တစ်ပတ်လောက် အချိန်ပေးပါလား သမ္မု ... "

"မပေးနိုင်ဘူး၊ ခုချက်ချင်းပဲ သိချင်တယ်၊ ဟန်နီ ကျွန်မ အကြောင်းသိပါတယ် ... ကျွန်မ သိပ်ချစ်တတ်သလို သိပ် လည်း နာကြည်းတတ်တယ်နော် ... ရှင့်အဖေကို သိပ်နာ ကြည်းနေပြီ ... ကျွန်မအတွက် ရှင် တစ်ခုခု လုပ်ပေးဦး... "

သူ ဘာမှ ဝင်မပြောဘဲ သားကိုသာ မက်မက်မောမော ငေးကြည့်နေမိသည်။ သားရဲ့ မျက်ခုံးများက စိတ်အနှောင့် အယှက်ကြီးစွာဖြစ်နေသောကြောင့် အတွန့်ချိုးထားလျက်ရှိ သည်။

"ကောင်းပြီ ... မင်း ကိုယ့်ကို စဉ်းစားခွင့် အချိန်မပေးဘူး ဆိုရင်လည်း ကိုယ့်ရင်ထဲမှာ အခုဖြစ်နေတဲ့ စိတ်နဲ့ပဲ ဆုံး ဖြတ်လိုက်တော့မယ် ...

"ကိုယ် အဖေ့ကိုပဲ ရွေးချယ်ခွင့်ပြုပါ ... "

သားရဲ့ လက်တစ်ဖက်က သူ့လက်ဖဝါးများဆီသို့ လာ၍ဆုပ်ကိုင်လိုက်လျှင် သူ့ရင်ထဲတွင် နွေး၍သွားလေသည်။

သားဆီက မျှော်လင့်မထားသော အဖြေကြောင့် သူမ မျက်နှာတစ်ခုလုံး ဖြူလျော်သွေးဆုတ် သွားလေသည် ...။

www.burmeseclassic.com


"ရှင် ဘယ်လိုဖြေလိုက်တယ် ... ဘယ်သူ့ကို ရွေးချယ်လိုက်တယ် ... "

ဟု အံ့သြတကြီး ပြန်မေးနေ၏ ... ။

"မင်းက ကိုယ့်ကို တစ်ကြိမ်ပဲ ဆုံးရှုံးခံရမှာပါ ... အဖေက ကိုယ့်ကို အကြိမ်ကြိမ် ဆုံးရှုံးခဲ့ရပြီးပြီ ... ဒီတစ်ကြိမ်မှာ ကိုယ့်ကို သူ ဆုံးရှုံးရရင် သူ့အတွက် ဘာမှကျန်တော့မှာ မဟုတ်ဘူး ...

"မင်းရင်ထဲမှာက ကိုယ်ရဲ့သား ရှိပါတယ် ... မင်း မရှုံးပါဘူး ... "

သားစကားကြောင့် သူ့နားတွင် ပွင့်ကွဲထွက်သွားသလို ခံစားလိုက်ရသည်။ သားသည် သူ့ကို ရွေးချယ်ဖို့အတွက် သူ့အချစ်ကိုရော၊ သူ့သွေးသားကိုပါ အဆုံးရှုံးခံဖို့ စိတ်ကူးနိုင်သည်မှာ ဘယ်လောက်ကြောက်စရာကောင်းပါသနည်း ... ။

" မဟုတ်ဘူး ... သားမှားနေပြီ ... သား အချစ်ကို ရွေးချယ်ရမယ် ... သားရဲ့ ရင်သွေးကို ရွေးရမယ် ... အဖေ့ဘဝမှာ သားကို အခုလောက် ပိုင်ခွင့်ရခဲ့တာကိုပဲ ကျေနပ်ပြီ သား ...

www.burmeseclassic.com


"သား ... သမီးနဲ့သာ လိုက်သွားလိုက်ပါ၊ အဖေ ကျေကျေနပ်နပ်ကြီး ခွင့်ပြုတယ် ... သားတို့မိသားစုက လေးကို သားမဖြိုခွဲပါနဲ့ ... အဖေ ခွင့်မပြုဘူး ...

"သားကို အဖေ သိပ်ကျေးဇူးတင်တယ် ... အဖေ့ကို သား ရွေးချယ်တယ်ဆိုတဲ့ စကားကလေးနဲ့တင် အဖေ သေပျော်ပြီ၊ ကျေနပ်ပြီ ...

"သား ... ဒီလောက်ဆို အဖေ့အပေါ် တာဝန်ကျေပါပြီ သား ... ဩချိုဟာ ဒုတိယ နေညို ဘယ်တော့မှ မဖြစ်ရဘူး ... သားနဲ့ သမီး မာန နောက်ဆက်တွဲတွေကို ခံစားရမှာကို အဖေ ခွင့်မပြုဘူး ... ဩချိုရဲ့သားဟာ အဖေကို မဆုံးရှုံးစေရဘူး ...

"သား ... မိသားစုကလေးကိုပဲ ရွေးလိုက်ပါသား။ သားရဲ့အမှားကို အဖေ ပြန်ပြင်ပေးပါရစေ ... "

သူ တကယ်ပင် စိတ်ထဲက လှိုက်လှိုက်လှဲလှဲ လေးလေးနက်နက်ဖြင့် ပြောခဲ့ခြင်း ဖြစ်သည်။

ညော့ခန်းသည် အသက်ရှုသံပင် မကြားရလောက်

www.burmeseclassic.com


အောင် တိတ်ဆိတ်ငြိမ်သက်သွားသည်မှာ ကြောက်ခမန်းလိလိ ဖြစ်သည်။

သားက တစ်ခုခုပြောဖို့ ပြင်စဉ် သူ ထ, ရပ်လိုက်၏။

"သား ... သားကို အဖေ အမြဲ ကျေးဇူးတင်နေမှာပါ"

ဟု ပြောပြီး သူ့အခန်းဆီသို့ ပြန်လာခဲ့သည် ...။

သား ဘယ်လောက်ဆုံးဖြတ်ရ ခက်ခဲနေမယ် ဆိုတာကို သူ သား နှင့်ထပ်တူ ခံစားလို့ ရနေပါသည်။

www.burmeseclassic.com


ညက တိတ်ဆိတ်အေးခဲလွန်းစွာ အားလုံးအိပ်မော ကျချိန်အထိ သူ အိပ်ပျော်နိုင်ခြင်း မရှိသေး ... ။ လခြမ်းကွေး ကလေးနှင့် ကြယ်ပွင့်ကလေးတွေမှအပ ... သက်ရှိအားလုံး အိပ်စက်နေချိန် ဖြစ်သည် ... ။

သူ သားကို အကြိမ်ကြိမ် စွန့်လွှတ်ဆုံးရှုံးခံခဲ့ဖူးပါ သည် .. ။ ထိုအချိန်မျိုးတွင် သူ့ရင်ထဲ၌ ပြင်းပြထက်သန်သော စေတနာ ရည်ရွယ်ချက် တစ်ခုသာ ရှိသည်။ သားရဲ့ဘဝ မြင့်မား ဖြောင့်မတ်စွာ တက်သွားနိုင်ဖို့ ဖြစ်သည်။

သူ ... အခန်းထဲမှ ခြေသံမကြားအောင် တိတ်တ ဆိတ် ထွက်ခဲ့သည်။ လှေကားမှ တိတ်ဆိတ်စွာ ဆင်းခဲ့လျက် သားတို့ အခန်းဝတွင် ခဏရပ်လိုက်သေးသည် ... ။ အသက်ရှူသံ ခပ်မှန်မှန် ထွက်ပေါ်လျက် သူတို့ အိပ်ပျော်နေကြသည်။

သူ လှေကားမှ ဆက်၍ ဆင်းလာခဲ့၏ ။ အိမ်တံခါး

www.burmeseclassic.com


သော့များကို အသံမကြားအောင် တိတ်တဆိတ်ဖွင့်ပြီး ထွက်ခဲ့သည်။ ခြံတံခါးက ခလုတ်တချို့ နှိပ်လိုက်လျှင် သူ့အလိုလိုပွင့်သွားပြီး ... သူ့အလိုအလျောက် ပြန်ပိတ်သွားသော တံခါးမို့ စိတ်ပူစရာ မရှိ ... ။

သူ အိမ်ကြီးဆီသို့ နောက်ဆုံးအကြိမ် နှုတ်ဆက်ခြင်းဖြင့် ကြာမြင့်စွာ ငေးကြည့်နေမိသေးသည်။

သူ သားကို နောက်ဆုံးနှင့် အမွန်မြတ်ဆုံးဖြင့် စွန့်လွှတ်ခဲ့ပြီး ဖြစ်သည်။ သားသည် သူ့ကြောင့် ဆုံးဖြတ်ချက်မမှားယွင်းစေရ၊ သူ့ မိသားစုကလေးကို မဆုံးရှုံးစေရပါ။

သားထံမှ သူ အပြည့်အ၀ ရရှိခဲ့ပြီး ဖြစ်ပါသည်။

သူ့လက်ထဲတွင် ပစ္စည်းတစ်ခုသာ ပါလာခဲ့သည်။ မက်မုံပွင့်၏ ပန်းချီကားချပ်ကြီး ဖြစ်သည် ... ။

သူ သိပ်ချစ်ခဲ့သော ... မာန သိပ်ကြီးလွန်းသော ... သူ ဘယ်တုန်းကမှ ပိုင်ဆိုင်ခွင့် မရခဲ့ဘဲ ဆုံးရှုံးခဲ့ရသော ... သူ့အချစ်နှင့် သေဆုံးသွားခဲ့ရသော ... မိန်းမတစ်ယောက်သည် အခုတော့ သူ့ရင်ခွင်ထဲမှာ နွေးမြငြိမ်သက်စွာ၊ မာန်မာနကင်းစွာဖြင့် ပါလာခဲ့ပြီ ... ။

www.burmeseclassic.com


သူ တစ်ချက် ပြုံးလိုက်သည်။ နောက်ဆုံးတော့လည်း သူမကို သူ ရရှိသိမ်းပိုက်နိုင်ခဲ့ပြီ။ လောကမှာ ရယူဖို့ဆိုတာ လွယ်သလောက် စွန့်လွှတ်ဖို့က သိပ်ခက်ခဲမှန်း သူ သိနားလည် ခဲ့သလို ... အခက်ခဲဆုံး အလုပ်တစ်ခုကိုလည်း သူ လုပ်နိုင်ခဲ့ပြီ..။

သူ ကျေနပ်ပါသည် ။ ။

**စိတ္တသုခ၊ ကာယသုခဖြင့် ပြည့်စုံနိုင်ပါစေ ....**

**မေတ္တာအားဖြင့် ....**

လွန်းထားထား (ဆေးတက္ကသိုလ်)

၂၃၊ ၁၀၊ ၂၀၀၁။

www.burmeseclassic.com
BURMESE CLASSIC .com

